www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသိတာ (စိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ၊ ဩဂုတ်လ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ရွှေအဥ္စလီ
အချစ်ဝေသား / ရွှေအဥ္စလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၇၂ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) အချစ်ဝေသား


## အခန်း (၁)

မြူးကြွသော အနောက်တိုင်း တေးသီချင်းသံကြောင့် ညှိခန်းတစ်ခုလုံး ဆူညံနေသည်။ ခြိမ့်သဲဖြူ ထိုတေးသွားစည်းချက်နှင့်အညီ သူမ၏ ပါးလှပ်ကာ အချိုးကျစွာ ကနေသော ကိုယ်ခန္ဓာလေးက လှပ၍ကြည့်ကောင်းနေသည်။ ကကွက်များမှာလည်း ပရော်ဖက်ရှင်နယ် အကသမားတစ်ယောက်လို ပေါ့ပါးသန်းဆန်းနေသည်။

သူမ၏အာရုံ၊ သူမ၏လှုပ်ရှားမှုကကွက်တွေသည် မှော်ဝင်နေသည့်အလား ဂီတသံစဉ်ထဲမှာ နစ်မြုပ်၍နေသဖြင့် ယခုအချိန်အထာမြူပုံးတစ်လုံး ပေါက်ကွဲမည်ဆိုလျှင်တောင် ထိုအသံကို သူ



www.burmeseclassic.com

www.burmeseclassic.com



ကြားနိုင်ချေမဟုတ်။

ထခုလည်း သူမကို အိမ့်သဲဖြူ ကုန်းရုန်းပြီးအော်ခေါ်နေတာတိုင်လျှင် မြိမ့်သဲဖြူ မကြားနိုင်။

မြူးကြူသော တေးသွားသံစဉ်တွေနှင့် ကမ္ဘာသစ်တစ်ခုထဲမှာ တစ်ယောက်တည်း လှိုင်းစီးနေရသလို ခပ်ငြိမ့်ငြိမ့်လေးစီးမျောနေသဖြင့် ခေါ်မကြား အော်မကြား။

အိမ့်သဲဖြူ ခေါ်နေသည်မှာ ဆယ်ခွန်းပင်မကတော့။ တကယ်ပဲမကြားသည်လား အရိုန်ပျက်မည်စိုး၍ တမင်ပင်မကြားဟန် ပြုနေသည်လားဆိုတာတော့ မြိမ့်သဲဖြူကိုယ်တိုင်ပဲ သိလိမ့်မည်။

မြိမ့်သဲတို့က သီချင်းနှင့်ကနေရလျှင် ထမင်းမစား ရေမသောက်ဘဲနှင့်လည်း အသက်ရှင်နိုင်သည်။ တစ်ညလုံးမအိပ်ရလည်း နေနိုင်သည်။

ဒီလိုမှမဟုတ်လျှင် သူလုပ်ချင်တာ မလုပ်ရဘဲ အိမ်အလုပ်နှင့်ပတ်သက်တာ တစ်ခုခုခိုင်းကြည့်၊ မြိမ့်သဲတို့မျက်နှာ လာငပုပ်အဆင်းတစ်ရာလောက်ဖမ်းပြီး ထိုသို့မဖမ်းလျှင် အကြောင်းပြချက်မျိုးစုံပေးပြီး ကျွေ့ပတ်ရှောင်လွှဲတတ်သည်။



ယခုလည်း ညနေ မာမီ ဒင်နာပွဲတစ်ခု တက်စရာရှိနေ၍ ကားကိုရေဆေးခိုင်းပြီး ဆီချိန် ဆီဖြည့်လုပ်ခိုင်းမလို့ ခေါ်နေတာ အိမ့်သဲမှာသာ လိပ်ခေါင်းရောဂါရှိလျှင် အပြုံလိုက်တောင်ထွက်ကျကုန်မလားမသိ။

ခေါ်မရသည့်အဆုံး အိမ့်သဲဖြူ အောက်စက်ရီမုဒ်ကို နှိုးနှိုးဆတ်ဆတ်ယူကာ လှမ်းပိတ်လိုက်သည်။ တီးလုံးရပ်သွားတော့မှ မြိမ့်သဲ၏ မကျေနပ်သောအကြည့်တွေက နှုတ်ခမ်းစူထော်တာ အစ်မဖြစ်သော အိမ့်ဆီသို့ ဒိုင်းခနဲရောက်လာသည်။

"ဟာ…မမအိမ့် ဒါဘာလုပ်တာလဲကွာ၊ မနက်ဖြန်ကြယ်ပွင့်တို့အဖွဲ့နဲ့ ချိန်းဝိုင်းရှိတယ်ကွ၊ ဘာလို့ သူများအလုပ်လုပ်နေတာကို ဘုမသိ ဘမသိ လာနှောင့်ယှက်နေရတာလဲ"

"ဘာ…ဒါ အလုပ်လုပ်နေတာ ဟုတ်လား၊ ငါရယ်လိုက်လို့ အိမ်ခေါင်မိုးကြီး ပွင့်ထွက်သွားမယ် သိလား‥ဟွန်း"

အိမ့်သဲ မျက်စောင်းရှယ်လိုက်ပြီး ခပ်ငေါ့ငေါ့ပြောလိုက်သည်။

"ကားရေဆေးဖို့ခိုင်းတာ ငါမဟုတ်ဘူး၊ မာမီခိုင်းတာ၊ နင်ပြောရဲရင် မာမီကို သွားပြောလိုက်လေ"

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကျတော့ ခြိမ့်သဲ မာမီ့ကို သွားမပြောရဲ။ မာမီက အလိုလိုက်လျှင်လည်း ခြိမ့်သဲကို သူမတူအောင် အလိုလိုက်သည်။ သူနိုင်းတာမလုပ်၍ အပြစ်ပေးလျှင်လည်း ပရိသောဂတွေကို ဖုန်သုတ်သည့် ကြက်မွေးကျိုးအောင် ဆော်တတ်သည်။ မာမီ ထိုသို့ရိုက်တိုင်း ခြိမ့်သဲ၏ ပုလဲနှစ်ရောင် ညက်ညက်ညောညော အသားစိုင်ပေါ်မှာ အနီရောင်အရှိုးရာများက မြင်၍မကောင်း။ ထိုအခါတိုင်း ခြိမ့်သဲ အိမ်ထဲမှာ လေးငါးရက်လောက်ကို သင်တန်းမသွား ဘာမသွားနှင့် အောင်းနေရစမြဲ။ ဒါကြောင့် မာမီနှင့် ထိပ်တိုက်မတွေ့အောင် ခြိမ့်သဲ ရှောင်သည်။

ထို့ကြောင့် မမအိမ့်ကိုပင် ပြန်၍အပူကပ်ရတော့မည်။

"ဟိုလေ…မမအိမ့် အားတယ်မဟုတ်လား၊ အားရင် မမပဲ လုပ်လိုက်ပါလားဟင်၊ မနေ့က ညီမလေးဝယ်လာတဲ့ မန်မိုရီစတစ်ကလေး မမကိုပေးမယ်လေ၊ အိတ်ရှ်ဂစ်ကြီးများတောင် သိလား…နော်၊ မမက အစ်မကြီးဆိုတော့ အစ်မကြီး အမိရာပိုင် တစ်ခါတလေ အနစ်နာခံလိုက်ပါ မမရာ"

"ဒီမှာ…ငါ့ကိုလာပြီး လာဘ်ထိုးမနေနဲ့၊ လူဆိုတာ ကိုယ့်တာဝန်ကိုယ်သိရတယ်၊ ငါ့မှာ မနက်ကတည်းက ဈေးသွား



ချက်ပြုတ်ပြီး ဧည့်ခန်းထဲ လိုက်ကာတွေလည်း လဲပြီးပြီ၊ အခန်းသန့်ဆေးတွေလည်း ဖြန်းပြီးပြီ၊ မာမီဒင်နာပွဲသွားရင်ဝတ်ဖို့ ဝတ်စုံကိုလည်း အကျအန မီးပူတိုက်ပြီးပြီ၊ အခု ဘုရားပန်းလဲပြီးလို့ ဘုရားခန်းထဲက ထွက်လာတာ မနက်စာတောင်မှ နင့်လိုမစားရသေးဘူး၊ နင့်လို မိုးလင်း ကတည်းက သီချင်းဆိုလိုက် ကလိုက်နဲ့ အရည်မရ အဖတ်မရအလုပ်တွေ လုပ်နေတဲ့သူက ငါ့ကို ပြန်ခိုင်းနေသေးတယ်"

"ညီမလေး ဒီတစ်ယောက်ရှိတာ မချစ်ဘူးလား"

"မချစ်ပါဘူး"

"မမအိမ့်နော်…အကြီးဖြစ်ပြီး၊ မာမီနဲ့လှမ်းတိုင်လိုက်မှာ…ဟွန်း"

"တိုင်ပေါ့၊ ဒီအလုပ်က တစ်နေ့လုံး free ရိုက်နေတဲ့ နင့်ကို အပြစ်ပေးတဲ့အနေနဲ့ မာမီက ခိုင်းလိုက်တာ၊ သွားတိုင်ပေါ့"

အခန်းတံခါးကိုမှီကာ မထိတထိပြောနေသော အိမ့်စကားကြောင့် ခြိမ့် မကျေမနပ် ခြေဆောင့်ကာ နားနှစ်ဖက်မှာတပ်ထားသော နားကြပ်ကို ဆတ်ခနဲဆွဲဖြုတ်၍ ကွန်ပျူတာစားပွဲပေါ် ပစ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့် မထိတထိရပ်နေသော အိမ့်ရှေ့မှ ဘောက်ဆတ် ဆောင်ဆတ်ဖြင့် ထွက်သွားသည်။ ခြိမ့်သဲ ထွက်သွားသည့် ချောက်တော့ဖြင့်ကိုကြည့်ရင်း အိမ့် ပခုံးကိုဆတ်ခနဲတွန့်ကာ ခြိမ့် ဘာတွေ်ဖလဲသိရအောင် အိမ်ရှေ့ပေါ်တီကိုအောက်သို့ ထွက်လာ လိုက်သည်။

ခြိမ့် ခြံထဲတွင်ရပ်ထားသော ကားကို ရေဆေးရန် ဆပ်ပြာမှုန့်ဘူးယူကာ ရေပိုက်ဘားကို မကြည်သာသော မျက်နှာ စူပုပ်ပုပ်ဖြင့် ဖွင့်လိုက်သည်။

ပေါင်လယ်လောက်သာရှိသော ဆွဲသားဘောင်းဘီနှင့် စပို့ရှပ်လက်ပြတ် အနက်ရောင်လေးဖြင့် ဝင်းမွတ်ကြည်သန့်နေ သော အသားအရေကို ပိုင်ဆိုင်ကာ ချစ်စရာကောင်းသော ညီမလေးကို ကြည့်ပြီး အိမ့် ပြုံးလိုက်သည်။

အမှန်ဆို ဒီအလုပ်တွေအကုန်လုံး အိမ့်ပဲလုပ်လိုက်ချင် တာပါ။ ခြိမ့်၏အလိုလိုက်၍ တဖြည်းဖြည်း အနိုင်ယူမိုလ်ကျ ချင်လာသော အကျင့်ဆိုးလေးတွေကြောင့် မာမီရော အိမ့်ရော မျက်နှာသာမပေးကြခြင်းဖြစ်သည်။

ခြိမ့် ကားကို ရေပိုက်ဖြင့် ရန်သူကြီးတစ်ယောက်လို





စောကျမနပ်ဟန်ဖြင့် ခပ်ဆောင့်ဆောင့်ဖြန်းရင်း အိမ်ပေါက်ဝတွင် ရပ်ကြည့်နေသော အိမ့်ကိုမျက်စောင်းလှမ်းထိုးသည်။

အိမ့် လျှာလေးတစ်လစ်ဖြင့် ပြောင်ပြလိုက်သည်။

◆ ◆ ◆

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

“မာမီ…အိမ့် မာမီ့ကို ခွင့်တောင်းစရာရှိတယ်”

“ဘာလဲ…သမီးပြောကြည့်လေ”

မျက်မှန်ကိုပင့်တင်ကာ စိတ်ဝင်တစား ပြန်မေးလာသော မာမီ့အမေးကြောင့် အိမ့် အနည်းငယ်အားတက်သွားကာ

“ဟိုလေ…အိမ့် နောက်ထပ်ဘွဲ့တစ်ခု ထပ်ယူချင်တယ်”

“ဟာ…ကောင်းတာပေါ့ အိမ့်လေးရယ်၊ ငါ့သမီးက ပညာလောဘကြီးမှတော့ ,မာမီက ဘာလို့ခွင့်မပြုနိုင်ရမှာလဲ၊ ငယ်တုန်းအရွယ်မှာ ပညာရှာ၊ ယော…ဥစ္စာရှာတဲ့အရွယ်ရောက်



တော့ ကိုယ်တတ်ထားတဲ့ပညာတွေကြောင့် ဘယ်မှာမှ ခက်ခက်ခဲခဲ ရှာဖွေစရာမလိုတော့ဘူး၊ အခွင့်အလမ်းတွေက သူ့အလိုလို ကိုယ့်ဆီကိုရောက်လာတာ၊ ကိုယ်က စိတ်ကြိုက်ရွေးချယ်ရုံပဲ”

“ဟုတ်တယ် မာမီ၊ ခုဆိုရင်လေ အိမ့်နဲ့ တစ်နှစ်တည်း ကျောင်းပြီးတဲ့ စံရိပ်ငြိမ်က စိန်ကုန်သည် ဦးသာထက်စံရဲ့သမီး သရဖီထက်စံဆိုရင် ခု ပြင်သစ်မှာ နောက်တစ်ဘွဲ့အတွက် ကျောင်းသွားတက်နေပြီ”

“ဟုတ်လား…နိုင်ငံခြားက ဘွဲ့ဆိုရင်တော့ ပိုကောင်းတာပေါ့ သမီးရယ်”

“အဲဒါကြောင့် အိမ့်လည်း နိုင်ငံခြားမှာ ကျောင်းသွားတက်ချင်တယ်”

ထင်မှတ်မထားသော အိမ့်၏တောင်းဆိုမှုကြောင့် ဒေါ်ခင်လတ်ဗို၏ ပြုံးယောင်သမ်းနေသောမျက်နှာမှာ ညှိုးရိပ်သမ်းသွားကာ ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး

“သြော်…သမီးက နောက်တစ်ဘွဲ့ကို နိုင်ငံခြားမှာ ကျောင်းသွားတက်ပြီး ယူချင်တာလား”

“အင်းပေါ့ မာမီရဲ့၊ ဟိုလေ အဲဒီလိုပူဆာရလို့ အိမ့်



www.burmeseclassic.com

www.burmeseclassic.com



မာမို့ကိုအားတော့နာတယ် မာမီရယ်၊ ဒါပေမဲ့ တစ်ချိန်မှာ အိမ့်က မာမို့ရဲ့ စီးပွားရေးလောကထဲကို မာမို့ကိုယ်စားဝင်ရမှာဆိုတော့ ကိုယ်က ပညာတွေ မိုးပျံအောင်တတ်ထားဖို့လိုတယ်မဟုတ်လား"

သူ့တွက်ကိန်းနှင့်သူ မျှော်မှန်းချက်တွေ အပြည့်အဝဖြင့် ရွှေရောင်အနာဂတ်ကို မျှော်ကြည့်တတ်နေပြီဖို့ ဒေါ်ခင်လတ်နို့ သမီး၏ မြင့်မားလိုသောစိတ်ကို မချိုးကျုံးဘဲ မနေနိုင်။ သို့သော် နာလန် မထူနိုင်တော့သည့် ကိုယ့်လုပ်ငန်းအကျိုးအမြတ်က သမီးကို နိုင်ငံခြားမှာ ကျောင်းတက်နိုင်ဖို့ လုံလောက်သော အထောက်အကူကို မပြုနိုင်။

အားတက်သရော တောင်းဆိုနေသော သမီးကို ဘယ်လို အင်အားမျိုးနှင့် ငြင်းဆန်ပစ်ရက်မှာလဲ။ ကြီးမားသောဝန်ထုပ်ကြီး တစ်ထုပ် တင်လိုက်သလို ဒေါ်ခင်လတ်ဗို စိတ်တွေ လေးလံသွား ရသည်။ တဒုတ်ဒုတ်ထိုးကိုက်လာသော နားထင်ကို လက်ညှိုး နှင့် မသိမသာထောက်ရင်း မျက်နှာပေါ်ကို အပြုံးတုတစ်ခု တင် လိုက်ပြီး

"မာမီ ကြိုးစားပေးမယ်နော် သမီး၊ မာမို့ကို တစ်လ နှစ်လလောက်တော့ အချိန်ပေး၊ အိုကေတယ်မဟုတ်လား"





"အင်း…အိုကေပါတယ် မာမီရဲ့၊ အိမ့်လည်း ကြိုတင် ပြင်ဆင်စရာရှိတာ ပြင်ဆင်ရဦးမှာဆိုတော့ အဲဒီလောက်တော့ ကြာဦးမှာပဲ"

"မာမီ…မမအိမ့်အတွက် ဘာတွေကြိုးစားပေးမလို့လဲ"

အပြင်မှပြန်လာသော ခြိမ့် နားစွန်နားဖျားကြားပြီး သူ့ပါ တောင်းဆိုမှုတစ်ခုပြုရန် ဒေါ်ခင်လတ်ဗို အနားသို့ ချွေ့ခနဲ ဝင်ထိုင် လိုက်သည်။

"မမက နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ မာမို့ဆီက ခွင့်တောင်းနေတာလေ"

"ဝါး…မီးမြင့်လှချည်လား၊ အဲဒီအတွက် ကုန်ကျစရိတ် ဘယ်လောက်ရှိတယ်ဆိုတာတော့ မမ သိပါတယ်နော်"

ခပ်ထေ့ထေ့မေးလိုက်သော ခြိမ့်အမေးကြောင့် အိမ့် မိခင် ဖြစ်သူကို အားနာပေမယ့် မျိုးရိုးဂုဏ်သိက္ခာ ပညာအဆင့်အတန်း နှင့်ယှဉ်လျှင် အိမ့်လည်း ထိုမျှလောက် အခွင့်အရေးကို တောင်းခံ သင့်သည်ဟု တွေးလိုက်မိပြီး

"ပိုက်ဆံတွေ အရမ်းကုန်မှန်းသိပေမယ့် တစ်ချိန်မှာ ဒီငွေက အချိန်မရွေးပြန်ရှာလို့ရနိုင်တာပဲ၊ ငါလုပ်တာ အကျိုးမဲ့



www.burmeseclassic.com

www.burmeseclassic.com

တဲ့အလုပ်မဟုတ်ဘူး၊ ငါ့ဘဝအတွက် မိသားစုအနာဂတ်အတွက် ငါတို့ ဒီလောက်တော့ အနစ်နာခံ အကုန်အကျခံရမှာပေါ့"

"ဟာ…စကားလုံးအကြီးကြီးတွေနဲ့ ရွှေရောင်အနာဂတ်ကို စိတ်ကူးယဉ်ပြီး ဖောက်နေတာပဲ မမအိမ့်ရယ်၊ မာမီ့မှာ ငွေတွင်းကြီးပိုင်တယ်လို့ ထင်နေလို့လား"

"နင်နော်…ခုမှလာပြီး ပဏာယူပြမနေနဲ့၊ နင့်လို အကာ အဖွဲ့ထောင်ပြီး စီးရီးထုတ်မယ်လို့ ပွဆာနေတာမဟုတ်ဘူး"

"အဲဒါက အလုပ်ဖြစ်ရင် စတားဖြစ်မယ်၊ ဝင်ငွေဖြောင့်မယ်၊ အနုပညာလမ်းကြောင်းပေါ်မှာ ကိုယ်ပါးနပ်ရင် ပါးနပ်သလောက် အကျိုးခံစားခွင့်ရမှာပဲ"

မိခင်ကို အလယ်မှာထားပြီး ညီအစ်မနှစ်ဦး သူ့နိုင်ကိုယ်နိုင် အခြေအတင် ပြောနေကြသည်။ ရည်မှန်းချက်ကိုယ်စီဖြင့် ကိုယ့်ဘက်ကို အနိုင်ယူနေကြသော သမီးနှစ်ယောက်ကို ဒေါ်ခင်လတ်ဗို စိတ်မကောင်းစွာကြည့်ကာ သက်ပြင်းခပ်ဖျော့ဖျော့ချလိုက်သည်။

"ကဲပါ…သမီးတို့ရယ် တော်ကြပါတော့၊ သမီးတို့ရဲ့ ဆန္ဒတွေကို အကောင်အထည်ဖော်ပေးနိုင်ဖို့ မာမီ နည်းလမ်းရှာပါ





ဦးမယ်၊ ခုတော့ ဒီစကားပိုင်းကို ရပ်လိုက်တော့၊ ဘာမဟုတ်တာနဲ့ စကားများကြဦးမယ်"

မာမီ့စကားကြောင့် တစ်ယောက်ကိုတစ်ယောက် မျက်စောင်းထိုးပြီး ရှေ့ဆက် စကားမဆက်ကြတော့။

"ကဲ…ညနေစာ စားကြရအောင်၊ ဟင်းတွေနွေးကြစို့ ထကြ"

"အိမ့် နွေးထားပြီးပါပြီ၊ မာမီစားရင် အဆင်သင့်ဖြစ်အောင်လို့လေ၊ မာမီ အချိုတည်းဖို့ သစ်သီးတောင် ခွာပေးပြီးသွားပြီ"

အိမ့် တမင်ပင် ခြိမ့်ရှေ့မှာ ပဏာယူလိုက်သည်။ အိမ့် မိသားစုအရေးကိစ္စဆိုလျှင် ဘယ်တော့မှ လာဘ်မမြင်တတ်သော ခြိမ့်သည် အိမ့်စကားကြောင့် မဲ့ကာ မျက်စောင်းရွယ်လိုက်သည်။

"မာမီ့သမီးကြီးက အရမ်းတော်တာပဲကွယ်၊ မာမီ အိမ်ဖော်မငှားတာ သမီးတွေ အိမ်မှုကိစ္စနိုင်နင်းအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့၊ ခုတော့ မာမီ့ရည်ရွယ်ချက် အကောင်အထည်ပေါ်ပါပြီကွယ်"

အိမ့် ဝိတ်ပြုံးလေး ပြုံးလိုက်သည်။ ခြိမ့်က တမင်ပင်



www.burmeseclassic.com

www.burmeseclassic.com



မကြားဟန်ပြုပြီး အနားမှ ဆတ်ခနဲ ထသွားပြီး ထမင်းစားခန်းဆီ ထွက်သွားသည်။

ဒေါ်ခင်လတ်မှို သိနေပေမယ့် တမင်ပင် မသိချင်ဟန်ဆောင်လိုက်သည်။ ဒါမှ သမီးငယ် မခံချင်စိတ်မွေးပြီး မိန်းမပီသလာမှာ။

လောကကြီးထဲမှာ အဆင်ပြေမှု မပြေမှုတွေရှိနေပေမယ့် အဆင်မပြေခြင်းတွေကို မပိုင်ဆိုင်ရသေးသော သမီးလေးတွေ၏ ရှေ့အနာဂတ်ကိုမျှော်ကြည့်မိရင်း ဒေါ်ခင်လတ်မှို သက်ပြင်းကို မသိမသာချလိုက်သည်။

◆ ◆ ◆



## အခန်း (၃)

"ခင်လတ်ရယ်...မင်းဟာလေ ကိုယ့်ကိုယ်ကို မသေမချင်း မှုဦးပြီးများ သတ်နေသလား"

ဒေါ်ခိုင်မြမြ အပူသောကတွေ ရင်ဖွင့်ချပြနေသော သူငယ်ချင်းကိုကြည့်ပြီး အားမလိုအားမရ ဖြစ်နေသည်။ တကယ်ဆိုကိုယ့်မှာ စီးပွားရေးတွေအရမ်းကျဆင်းကာ အကြွေးပူတွေတင်မကဘဏ်တိုးတွေပါ တစ်လတစ်လ မျက်ဖြူဆိုက်မတတ် ရှင်းနေရသည့်ဒုက္ခကို သမီးနှစ်ယောက်ကိုပြောသင့်တာပြော တိုင်ပင်သင့်တာ တိုင်ပင်၊ အကြံဉာဏ်ယူသင့်တာယူပြီး မိသားစု စည်းစည်းလုံးလုံးနဲ့ လာသမျှအခက်အခဲ ရင်ဆိုင်ဖြေရှင်းကြရမှာပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။

ခုတော့ သမီးတွေကိုတော့ ရွှေပေါ်မြတင်ထားပြီး သူက တော့ လူမသိ သူမသိ ချောင်ကောင်းကောင်းမှာ သောကတွေ တပွေ့ကြီး ပိုက်ထွေးထားတာ ကြာတော့ အိမ်ရှေ့မှ အိမ်နောက် မချမ်းသာဆိုသလို ဒေါ်နိုင်မြမြမှာ တွေးပြီး ဝိုင်းဝန်းပူပန်ပေးနေရ သည်။

ကိုယ်ကလည်း သားကြီး သမီးကြီးတွေ လက်လွှတ်နေ ရပေမယ့် အစ်မအပျိုကြီးသုံးယောက်ကို အိမ်ပေါ်တင်ပြီး ဒေါ်ခင်လတ်ဗိုဏ်၏ အထည်ချုပ်လုပ်ငန်းထဲမှာ မန်နေဂျာဝင်လုပ်နေ သည့်သူ။ သူ့ကိုမှီနေရတော့ ပူရုံပဲ ပူပေးနိုင်သည်။ ငွေကြေး အခက်အခဲကိုတော့ ဖြေရှင်းမပေးနိုင်။

"မင်းအပြစ်တင်လည်း ငါခံရမှာပဲ နိုင်ရေ၊ ငါကိုယ်တိုင် က သမီးတွေ စိတ်အားငယ်သွားမှာ၊ ဘဝရဲ့အဆင်မပြေမှုတွေကို လက်ခံသွားကြရမှာကို မကြည့်ရက်ခဲ့ဘူး၊ သူတို့လေးတွေ စိတ် ဆင်းရဲ သောကရောက်မှာကို ငါမကြည့်ရက်ဘူး၊ ဒါဟာ မိခင် တစ်ယောက်ရဲ့ စိတ်ခံစားမှုဆိုရင် ငါ ဒီထက်မကပူတဲ့ ပူပန်မှုတွေ ကို ငါပဲ ထပ်ခါထပ်ခါ ရင်စည်းခံချင်တာ"





"မင်းမှာ မိခင်မေတ္တာ အပြည့်ရှိရုံတင်မဟုတ်ဘူး၊ မင်း သမီးတွေအပေါ် လျှံပါကျနေတယ်ဆိုတာ ငါသိပါတယ်ကွာ၊ ဒါပေမဲ့ ခုလို မင်း သမီးက နိုင်ငံခြားမှာကျောင်းသွားတက်မယ့် ကိစ္စကိုတော့ မင်း ငြင်းလိုက်သင့်တယ်၊ မင်း ဘယ်ကငွေနဲ့ ကျောင်းသွားတက်နိုင်းမလဲ၊ စကောလားရှစ်လျှောက်ဆိုတော့လည်း ကိုယ့်သမီးလေး သိမ်ငယ်မှာစိုးလို့တဲ့၊ ဟင်း…ငါတော့ ဒီထက်ပို ပြီး ဘယ်လိုအကြံဉာဏ်တွေပေးရမှန်း မသိတော့ဘူးကွာ"

ကရုဏာဒေါသောဖြစ်နေသော ဒေါ်နိုင်မြမြကိုကြည့်ပြီး ဒေါ်ခင်လတ်ဗို ပင့်သက်ရှိုက်လိုက်သည်။ သူငယ်ချင်းကို ဆင်ခြေ ပြန်တက်နိုင်သည့် စကားလုံးမျိုးပင် ရှေးစရာမရှိတော့လောက် အောင် ဒေါ်ခင်လတ်ဗို ယုန်သူငယ်လေးတစ်ကောင်လို ချောင်ပိတ် မိနေသည်။

"ဒီလိုလုပ်ပါလား၊ အိမ့်လေးကို မင်းမပြောရက်ရင် ငါပဲ ပြောလိုက်မယ်လေ၊ ဒီအချိန်မှာ မင်းခေါင်းထဲ ထည့်ထားရမှာ ခင်း သမီး နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့အရေး မဟုတ်ဘူး၊ ခင်းရဲ့ ရှယ်ယာဟိုဒါတွေကို သူတို့ပြန်တောင်းတဲ့ ရာခိုင်နှုန်းကို ရှင်းပေးနိုင်ဖို့ကိုပဲ စဉ်းစားရမှာ၊ ဟို..လေ မင်းမှာ အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရှင် အခု နေထိုင်နေတဲ့အိမ်ကြီးကို အပြီးရောင်းလိုက်ပါလား”

ဒေါ်နိုင်မြမြ အဖြစ်နိုင်ဆုံးနည်းလမ်းကို ဝိုင်းဝန်းစဉ်းစား ပေးခြင်းဖြစ်သည်။

“ဒါဆို ငါတို့သားအမိတွေက ဘယ်မှာနေကြရမလဲ၊ သမီးလေးတွေက မွေးကတည်းက ဒီအိမ်ကြီးပေါ်မှာ ကြီးပြင်းလာ ကြတာ ခုအရွယ်ရောက်တဲ့အထိ”

“ငါတို့ရပ်ကွက်ထဲမှာ မင်းပိုင်တဲ့ တိုက်ခံအိမ်လေးတစ်လုံး ရှိသေးတာကို မေ့နေပြီလား”

“အို…အဲ..အဲဒီမှာနေဖို့ အဆင်ပြေနိုင်ပါ့မလားဟယ်၊ ငါ..ငါ ဘယ်လိုမှမစဉ်းစားရဲဘူး၊ နောက်ပြီး ဒီအိမ်ကြီးက ငါတို့ ဘိုးဘွားပိုင်အိမ်ကြီး၊ ခုလို ဦးသစ်ထူးဆီမှာ သိန်းထောင့်ငါးရာနဲ့ ပေါင်ထားတာတောင် ငါ့မှာ ဘိုးဘွားတွေ ခွင့်မလွှတ်နိုင်တဲ့အမှား မျိုးကြီးကို ကျူးလွန်ထားသလို ခံစားမိလို့ ညအိပ်ရင်တောင် ခေါင်းမကျတာ”

“ဒါဆို နင် အခုရင်ဆိုင်နေရတာတွေ ဘယ်လိုရှင်းမလဲ၊ အကြွေး သိန်းသုံးထောင်ရှိနေတဲ့ မုဆိုးမတစ်ယောက်ကို ဘယ်သူက သနားလို့ အကြွေးတွေရှောင်ပေးမှာတဲ့လဲ”





ဒေါ်ခင်လတ်ဗို ဒုတိယအကြိမ်မြောက် ပင့်သက်ကို တစ်ခါ ပြန်ရှိုက်ကာ ဒေါ်နိုင်မြမြ၏ ပွင့်ပေးနေရှာသော ရွှံ့မဲ့မဲ့ မျက်နှာလေးကို အရိပ်အကဲဖမ်းသလို လှမ်းကြည့်လိုက်ပြီး

“ငါ့ကို ကူညီမယ့်သူရှိနေတယ် နိုင်၊ အဲဒါ နင်နဲ့တိုင်ပင် ဖို့ ငါချိန်းနေတာကြာပြီ”

“ဟင်…ဟုတ်လား၊ ဘယ်သူလဲ၊ ဘယ်သူက ဘယ် လောက်အတိုင်းအတာထိ ကူညီမှာလဲ၊ အတိုးနဲ့ပဲလား၊ ဒါဆိုရင် တော့ မဖြစ်ဘူးထင်တယ်နော်၊ နင် ပိုနင့်သွားလိမ့်မယ်”

မေးခွန်းပေါင်းများစွာမေးပြီး သူ့ဟာသူ ငြင်းချက် ဖြန့်ထုတ်နေသော ဒေါ်နိုင်မြမြ၏ အလောတကြီးဖြစ်နေဟန်ကို ကြည့်ပြီး ဒေါ်ခင်လတ်ဗို ခပ်ဖျော့ဖျော့ပြုံးလိုက်သည်။

“ဦးသစ်ထူးလေ၊ သူက ငါ့ကိုလက်ထပ်ချင်တယ်တဲ့”

“ဘယ်လို”

“ဟုတ်တယ်၊ သူကိုယ်တိုင် ငါ့ကို လက်ထပ်ခွင့် တောင်းထားတာ”

“ဟဲ့…သူ့မှာ သားကြီး သမီးကြီးတွေနဲ့လေ၊ နောက်ပြီး သူတို့အသိုင်းအဝိုင်းတွေက ခပ်လည်လည်တွေရယ်၊ သူ့မှာ ညီမ



www.burmeseclassic.com

www.burmeseclassic.com



အချို့ကြီးတွေလည်း ရှိတယ်နော်၊ နင်နဲ့သူက လုပ်ငန်းပါတနာ တွေမို့သာ သူတို့ နင့်အပေါ်မှာ ဖော်ဖော်ရွေရွေ ဆက်ဆံနေကြ တာ''

''ဒါပေမဲ့ ဦးသစ်ထူးကတော့ ငါ့ကို တကယ် လေးလေး နက်နက် တောင်းဆိုတာပါ၊ သူနဲ့လက်ထပ်ပြီးရင် ငါ့ရဲ့အခက်အခဲ တွေကို သူပိုင်းဝန်းဖြေရှင်းပေးပါရစေတဲ့၊ နောက်ပြီး သူ့ဆီမှာ ပေါင်ထားတဲ့ အိမ်ဂရန်ကိုလည်း ငါ့ကိုပြန်ပေးမယ်၊ ငါပေးရမယ့် သိန်းထောင့်ငါးရာကိုလည်း ပြန်ပေးစရာမလိုတော့ဘူးတဲ့၊ ငါ့ လုပ်ငန်းတွေ ပြန်ပြီးဦးမော့လာအောင် ကူညီမယ်လို့လည်းပြော တယ်''

''သူ့စိတ်ရင်းမှန်နဲ့ နင့်ကို တကယ်ချစ်ပြီး လက်ထပ်ခွင့် တောင်းတာဆိုရင်တော့ နင့်အစား ငါ ဝမ်းလည်းသာတယ်၊ စိတ် လည်းအေးရပါပြီ သူငယ်ချင်းရယ်''

''သူက ငါ့ကို အိမ်ထောင်မကျခင် အပျိုဘဝမှာတုန်း ကတည်းက တစ်ဖက်သတ်ကြိုက်နေတဲ့သူဆိုတော့ ခု ကမ်းလှမ်း ချက်ကိုလည်း အတည်ပဲလို့ ငါ့စိတ်မှာ ယူဆမိနေတယ် နိုင်ရယ်''

''အဟင်း…နင်ကလည်း အသက်ကလေးသာ လေး





ဆယ်ကျော်ကျော်လေးပဲရှိတာ၊ အရွယ်နဲ့မလိုက်အောင် နုပျိုနေတုန်း ပဲမဟုတ်လား၊ ဒီတော့ သူက အရိုးအရင်းလည်း အရသာရှိရင် ကိုက်မှာပဲ၊ ဟုတ်ဘူးလား…အဟင်း…ဟင်း''

''ဟယ်…နိုင်စုတ်၊ အလိုလိုနေရင် ငါက အရိုးအရင်း ဖြစ်ရပြန်ပြီ၊ နင်ဟာလေ ကျောင်းတုန်းကလို ရှေ့မကြည့် နောက် မကြည့်စကားတွေ ပြောတတ်တုန်းပဲ''

ဒေါ်ခင်လတ်မို လက်ထပ်ဖို့ကိစ္စ သူငယ်ချင်းဖြစ်သူက ပါ မကန့်ကွက်ဘဲ သဘောတူသဖြင့် စိတ်ထဲမှာ ပေါ့ပါးသွားရ သည်။

သမီးတွေနှင့် ထိပ်တိုက်တွေ့ပြီး တိုင်ပင်ရဦးမည်။ သူတို့ လေးတွေကရော နိုင့်လို သဘောတူကြပါ့မလား။

ခုလိုလက်ထပ်လိုက်ရတာ သူတို့လေးတွေရဲ့ အနာဂတ် အတွက်ဆိုတာကို နားလည်သဘောပေါက်ရင်တော့ လက်ခံနိုင် ကောင်းပါရဲ့။

တကယ်တမ်း ဒေါ်ခင်လတ်မို နှလုံးသားမှာ ချစ်တတ် သောခံစားမှုတွေ ဆိတ်သုဉ်းခဲ့တာကတော့ မောင် ဆုံးပြီးကတည်း



www.burmeseclassic.com

www.burmeseclassic.com



ကပါ။

သမီးတွေသာ နားလည်မယ်ဆိုရင်တော့။

◆ ◆ ◆



## အခန်း (၄)

အိမ့်ရော ခြိမ့်ရော မာမီ့ထံမှ ထင်မှတ်မထားသော စကားတွေကို ကြားလိုက်ရသဖြင့် တအံ့တသြလေးတွေဖြစ်ကာ လှဆဲပဆဲ နုပျိုနေဆဲဖြစ်သော မာမီ့ကို နှမြောသလိုတော့ ကြည့်ကြ၏။

"မာမီက ဒီလူကြီးဂ်ို လက်ထပ်ဖို့အထိ စဉ်းစားရလောက်အောင် ဒီလူကြီးကို ရင်မှန်ပြီး ချစ်သွားလို့လား"

အိမ့်အမေးကြောင့် ဒေါ်ခင်လတ်ဗို မနေတတ်သောအမူအရာဖြင့် ရှက်အမ်းအမ်းဖြစ်သွားပြီး

"ဒီအရွယ်ကြီးရောက်မှ ရင်ခုန်တာတွေ၊ စိတ်လှုပ်ရှားတာတွေ၊ ချစ်တာတွေ ဘယ်လိုလုပ်ရှိတော့မှာလဲ၊ ခု မာမီ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



[illegible] လက်ထပ်သင့်တယ်ထင်လို့"

"ဟာ…မာမီကလည်း လက်ထပ်သင့်တယ်လို့ ထင်ရဆောင် မာမီ့အခြေအနေက အဆင်မပြေမှုတွေကြားမှာ ယက်ကန်ဆတ်တန်ဖြစ်နေလို့လား၊ ခြိမ့်တော့ မာမီ့ကို နားကိုမလည်တော့ဘူး"

ဒေါ်ခင်လတ်ဗို ခြိမ့်သဲစကားကြောင့် ဖင့်သက်ရှိက်ကာ ခေါင်းရမ်းလိုက်သည်။

မိခင်မျက်နှာမကောင်းတော့ အိမ့်ရော ခြိမ့်ရော ဒီထက်ကန့်ကွက်ရန် အကြောင်းပြချက်တွေရှိပေမယ့် ထုတ်မသုံးရက်တော့။

ထို့ကြောင့် ရှုတင်းတင်းဖြစ်နေသော မျက်နှာလေးကို အကင်းပါးစွာဖြင့် အပြုံးမျက်နှာလေး ပြိုင်တူဖန်တီးလိုက်ပြီး

"အဟင်း…ခစ် ခစ် ခစ်..အူတိုမယ့်သာ တိုနေတာပါ မမအိမ့်ရယ်၊ ဦးသစ်ထူးကလည်း ဂျန်းတဲလ်မန်းစတိုင်ဆိုတော့ မာမီနဲ့လိုက်ပါတယ်၊ မာမီ့သဘော…မာမီ့သဘော..ဟုတ်တယ်နော် မမအိမ့်"

"အင်း…ဟုတ်..ဟုတ်တာပေါ့၊ ဒယ်ဒီဆုံးပြီးတဲ့ ဆယ်





နှစ်တာကာလလုံး မာမီ့မှာ အရှမ်းအထီးကျန်ခဲ့ရတာ၊ ဘာပဲဖြစ်ဖြစ် မာမီ့သဘောပါ၊ အိမ့်လေးလည်း သဘောတူပါတယ် မာမီရယ်၊ အင်း…တစ်ခုပဲရှိတယ်"

"ဘာတစ်ခုလဲ သမီး"

"ဟိုလေ…ဦးသစ်ထူးမှာ သားသမီးတွေရှိတယ်ဆို"

"ဟုတ်တယ် သမီးရဲ့၊ ရှိတယ်"

"အဲဒါဆိုရင်တော့ ရှော့ခ်ရှိပြီနော် မာမီ"

မျက်မှောင်ကျုံ့ကာ နှုတ်ခမ်းလေးစူပြီး ပြောလိုက်သော သမီးခြိမ့် စကားကြောင့် ဒေါ်ခင်လတ်ဗို သမီးနှစ်ယောက်ကို တစ်လှည့်စီကြည့်သည်။ အိမ့်က မေးကလေးဆတ်ပြ၏။ ခြိမ့် ဘာကိုဆိုလိုတာလဲဆိုတာ သူမဝင် မသိ။

"ဘာကိုလဲ သမီး၊ ဘာကြောင့် ရှော့ခ်ရှိရမှာလဲ"

မိခင်၏ စိတ်ဝင်တစားအမေးကြောင့် ခြိမ့် ဟန်ပါပါဖြင့် ပခုံးတွန့်ကာ စင်ရော်တောင် မျက်ခုံးလေးနှစ်ဖက်ကို ပင့်တင်လိုက်ကာ

"အဲဒီလူကြီးနဲ့ လက်ထပ်ပြီးရင် မာမီက ဒီအိမ်ကနေ အဲဒီလူကြီးအိမ်ကို လိုက်သွားမှာလား"

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း…မလိုက်ပါဘူး၊ မာမီက မာမို့သမီး အပျိုစင်လေးနှစ်ယောက်ကို ဒီအိမ်ကြီးထဲမှာထားခဲ့ရလားကွယ်"

"အိုကေ…ဒါဆို မာမီလက်ထပ်မှာကို အပြည့်အဝထောက်ခံတယ်၊ အဲ…ခြိမ့်တို့ မိန်းကလေးရှင်ဘက်က ကိစ္စရှင်းပြီဆိုတော့ ဦးသစ်ထူးကြီးကရော သူ့အိမ်မှာ မာမို့ကိုခေါ်မယ့်…ဘဲ ခြိမ့်တို့နဲ့လာနေမယ်ဆိုရင်တော့ ခြိမ့်တို့ဘက်က ကြိုဆိုမှာပါ၊ ဒါပေမဲ့ သူ့သားသမီးတွေကရော ကြည်ကြည်ဖြူဖြူနဲ့ ဆံထုံးနောက်သျှောင်အပါခံပါ့မလား"

"ဟုတ်တယ် မာမီ၊ အိမ့်လည်း အဲဒီတစ်ခုကိုတော့ စဉ်းစားမိတယ်၊ ဟိုဘက်က ဦးသစ်ထူးရဲ့ သမီးနဲ့သားကလည်း လူပျို အပျိုတွေလို့ ကြားတယ်၊ သူတို့ကရော သူတို့အဖေကို ကြည်ကြည်ဖြူဖြူနဲ့ ထည့်လိုက်နိုင်ပါ့မလား၊ မာမို့ကို အိမ့်တို့ မခွဲနိုင်သလို သူတို့အဖေကိုလည်း သူတို့ ခွဲနိုင်ကြပါ့မလား"

မှုမှုတတ စဉ်းစားပေးနေသော အိမ့်၏အကြောင်းပြချက်ကြောင့် ကြိုတင်မစဉ်းစားမိသော ထိုပြဿနာလေးမှ ဒေါ်ခင်လတ်ဗို၏ အတွေးတွေကို စတင်၍ အလုပ်ပေးတော့၏။ ဒေါ်ခင်လတ်ဗို ခပ်တွေတွေစဉ်းစားပြီး သက်ပြင်းမောလေးချကာ





"ဒါကတော့ သူနဲ့တွေ့ကြည့်ပြီး ညှိကြည့်ရမှာပေါ့ သမီးတို့ရယ်၊ သေချာတာကတော့ မာမီဘက်က သူ့အိမ်ကို လုံးဝလိုက်မနေဘူးဆိုတာပဲ၊ မာမို့သမီးလေးတွေကို မာမီအသက်လောက်ချစ်တာပဲ၊ မာမီ မခွဲရက်ပါဘူးကွယ်"

ဒေါ်ခင်လတ်ဗို တစ်ဖက်တစ်ချက်စီမှာ ထိုင်နေကြသော အိမ့်နှင့် ခြိမ့်၏ ပခုံးတွေကို တစ်ပြိုင်နက်တည်း သိုင်းဖက်ကာ အနမ်းတစ်ဖက်စီ ပေးလိုက်သည်။

အိမ့်နှင့် ခြိမ့် ချစ်မဝသော မာမို့ကိုယ်ခန္ဓာကို တင်းကျပ်စွာ ဖက်တွယ်ကြရင်း ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြ၏။

လက်ထပ်သင့်လို့ လက်ထပ်တာပဲဖြစ်ဖြစ် ချစ်လို့ လက်ထပ်တာပဲဖြစ်ဖြစ် ဒါဟာ မာမို့ရဲ့ ကိုယ်ပိုင်နှလုံးသားခံစားချက်ပဲ၊ အိမ့်တို့ညီအစ်မ ဖြေသာရမှာပေါ့။

မာမီ အထီးမကျန်တော့ဘူးဆိုရင်ပေါ့လေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အိမ်ရှေ့ပေါ်တီကိုအောက်သို့ ကားရပ်သံကြားသည်နှင့် ဂိမ်းဆော့နေသော ခြိမ့် အိမ်ရှေ့အပေါက်ဝကို ငုံ့ကြည့်ကာ

"မမအိမ့်ရေ…ဟိုလူကြီး လာပြီထင်တယ်၊ မာမီ့ကို သတင်းလှမ်းပို့လိုက်ပါဦး"

ဂိမ်းအဆော့မပျက်တဲ အမိန့်လှမ်းပေးနေသော ခြိမ့်ကို အိမ့် အလှပန်းအိုးထိုးနေရာမှ

"ဟယ်…ညီမလေး ခြိမ့်ရယ်၊ ညည်းက ဆော့နေတာလေ၊ သွားပြောလိုက်ပါလား"

"ကဲပါ…သမီးတို့ရယ် မာမီကြားပါတယ်၊ ဟိုမှာဖြင့်





ညည်းသည်က အိမ်ထဲရောက်တော့မယ်၊ ကလေးမဟုတ် သူငယ် မဟုတ် တွက်ကပ်နေကြတုန်း"

မာမီ အိမ်ရှေ့တံခါးမကြီးဆီ လှမ်းသွားရင်း ဆူပြောလေးပြောသွားသည်။ ခြိမ့် လျှာလေးတစ်လစ်ထုတ်ကာ ပြောင်စပ်စပ်အမူအရာလုပ်ပြ၏။ အိမ့် ခြိမ့်အား မျက်စောင်းလေးရွယ်ပြီး မာမီနောက်သို့ လိုက်လာခဲ့လိုက်သည်။

တစ်ချိန်မှာ ကိုယ့်အဖေဖြစ်တော့မည့်သူကို ယဉ်ကျေးမှုအရ ထွက်ပြီးကြိုဆိုမှကောင်းမည်။ ခုကတည်းက ရင်းနှီးမှုယူထားတော့ ကိုယ့်မာမီနှင့် လက်ထပ်မည့်အချိန်ကျတော့ တစ်ယောက်နှင့်တစ်ယောက် ရှိုးတိုးရှန့်တန့် ဖြစ်နေစရာမလိုတော့ပေ။ မာမီသည်း ကြားထဲကနေ အနေခက်စရာမလို။ အိမ့်က ဒီလောက်တော့ အရိပ်သုံးပါး နားလည်၏။

ခြိမ့်ကတော့ ဂိမ်းအနှိပ်ပင်မပျက်။

"နောက်ကျလိုက်တာ ကိုကြီးသစ်ရယ်၊ ခင်လတ်က အလုပ်ကိစ္စပေါ်လို့ မလာတော့ဘူးထင်နေတာ၊ ဖုန်းခေါ်တော့လည်း ဆက်သွယ်မှုဧရိယာပြင်ပ ရောက်နေတာလေ"

ကိုကြီးသစ်ဟုခေါ်လိုက်သော တဗျာမဆန်သည့် မာမီ့



www.burmeseclassic.com

www.burmeseclassic.com

အသုံးအနှုန်းကြီးကြောင့် အိမ့် ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထား လိုက်ရသည်။

"ဟုတ်တယ် ခင်လတ်ရယ်၊ ထွက်လာခါနီးမှ နယ် ကုန်သည်တွေရောက်တာနဲ့ ကားပေါ်ကပြန်ဆင်းပြီး နာရီဝက် လောက် အချိန်ပေးလိုက်ရလို့ ကိုကြီး တောင်းပန်ပါတယ်"

အကြည့်တွေမှာ အကြင်နာအနိုးတွေဝေပြီး နုပျိုသော သွက်လက်ခြင်းတွေဖြင့် ယယ်မူယယ်သွေးကြွနေသော ဦးသစ်ထူး။ မာမီစိတ်ဆိုးမှာကို ကြောက်၍လားမသိ ပျာပျာသလဲ တောင်းပန် ရှာ၏။

"အို...တောင်းပန်စရာလားရှင်၊ လုပ်ငန်းလုပ်နေတဲ့သူ တွေအဖို့ ဒီလိုကိစ္စမျိုးတွေက မလွှဲမသွေကြုံရတာပဲ၊ ခင်လတ် နားလည်ပါတယ်၊ ကဲ...လာ...ဝင်ပါ၊ ကိုကြီးသစ် ခံတွင်းတွေ့ မယ်ထင်တဲ့ အစားအသောက်လေးတွေကို ခင်လတ်တို့ သားအမိ တွေ စီစဉ်ထားတယ်"

ဒေါ်ခင်လတ်မှ ရှေ့မှဦးဆောင်၍ အိမ်ထဲဝင်ခဲ့လိုက်သည်။ ဦးသစ်ထူး.. အနားတွင် တစ်ချိန်လုံး ပြုံးမြမြလေးဖြင့် ရပ်နေ သော အိမ့်ကို နှစ်လိုစွာရယ်လျက် ခေါင်းညိတ်ပြလိုက်ပြီး





ဒေါ်ခင်လတ်ဗိုနောက်မှ စမတ်ကျသော ခြေလှမ်းတွေဖြင့် ဝင်သွား ၏။

အိမ့် နောက်မှလိုက်ဝင်ပြီး ဦးသစ်ထူးကို လေ့လာအကဲ ခတ်လိုက်သည်။ လူပုံစံကတော့ မာမီနှင့်မလိုက်ဖက်စရာ အကြောင်း မရှိ။ ဖြူဖြူသန့်သန့် အရပ်ခပ်မြင့်မြင့်နှင့် ကိုယ်နေဟန်ထား ချစ်လှစ်သန်မာပြီး ယောကျ်ားပီသသော ရုပ်ဆင်းသဏ္ဌာန်ရှိသည်။ မာမီနှင့်ဆိုလျှင် နေနဲ့လ ရွှေနဲ့မြဟုပင် တင်စား၍ရနိုင်သေးသည်။

ဦးသစ်ထူး ဧည့်ခန်းမှာဝင်ထိုင်လိုက်ပြီး ဂိမ်းနှိပ်နေသော ခြိမ့်ကို ခပ်ပြုံးပြုံးလှမ်းကြည့်သည်။

"အဲဒါ သမီးအငယ်လေ ကိုကြီးသစ်၊ ခြိမ့်သဲဖြူ တဲ့၊ ဒီမှာက အိမ့်သဲဖြူ၊ နှစ်ယောက်စလုံး ကျောင်းပြီးကုန်ကြပြီ၊ အဟင်း...သမီးငယ်ကတော့ မြင်တဲ့အတိုင်း ကလေးစိတ်မပျောက် သေးဘူး"

"အမ်...မာမီနော် ခြိမ့် ဘာလို့ကလေးစိတ်မပျောက်ရ မှာလဲ၊ ဂိမ်းနှိပ်တိုင်း ကလေးစိတ်မဟုတ်ပါဘူး..နော်..အန်ကယ်လ်၊ အန်ကယ်လ့်သားသမီးတွေရော ခြိမ့်လို ဂိမ်းနှိပ်တာ ဝါသနာပါ သလား"



www.burmeseclassic.com

www.burmeseclassic.com



[illegible]ဆန်သော ခြိမ့်အမေးကြောင့် ဦးသစ်ထူး ဒေါ်ခင်လတ်ဗိုကိုလှမ်းကြည့်ပြီး ခပ်တိုးတိုးရယ်လိုက်သည်။

သူထင်ထားသလို ခင်လတ် သမီးနှစ်ယောက်စလုံးက သူ့အခေါ် မလိုလားဟန် မပြကြသည့်အတွက် စိတ်ကျေနပ်မှုရကာ ရင်မှာ ပီတိဖြစ်သွားရ၏။ ခက်တာက ကိုယ့်သားသမီးတွေ။ အငယ်ကောင်က သိပ်မကန့်ကွက်ပေမယ့် အကြီးမကတော့ ပြင်းပြင်းထန်ထန်ကို ကန့်ကွက်နေသည်။

"အင်း...သိပ်တော့မပါဘူး သမီးရ၊ သူတို့လေးတွေက ဟိုငယ်ငယ် ကလေးဘဝကတည်းက လူကြီးအမြန်ဖြစ်ချင်နေကြတာလေ"

"ဩော်...စိတ်ကြီးတွေ ကြိုဝင်နေကြတယ်ပေါ့၊ အဟင်း..ခစ်..ခစ်..ခစ်"

"သမီးခြိမ့် အဲဒီလိုမပြောရဘူးလေ၊ အားနာစရာကွယ်"

ဒေါ်ခင်လတ်ဗို လှမ်းဟန့်လိုက်ပေမယ့် ခြိမ့် ဂိမ်းအနှိပ်ပင်မပျက်ဘဲ ဇက်ကလေးများပုသွားကာ

"ဟာ...မာမီကလည်း မနက်ဖြန် သန်ဘက်ဆိုရင်ပဲ အန်ကယ်ကြီးကို ဒယ်ဒီလို့ခေါ်ရတော့မယ်ဟာ အားနာစရာဆိုတဲ့





စကားလုံးကြီးက မာမီနဲ့ ဒယ်ဒီလောင်းကြီးကြားမှာ စိမ်းနေသေးတယ်လေ၊ အားလုံး မိသားစုလို ပွင့်ပွင့်လင်းလင်းပေါ့"

"ဟုတ်သားပဲ ခင်လတ်ရယ်၊ သမီးခြိမ့် ပြောတာ သဘာဝကျတာပဲ၊ ခင်လတ်ကသာ ကိုကြီးပေါ်မှာ စိမ်းနေတာ၊ သမီးတို့က ကိုကြီးပေါ်မှာ မစိမ်းဘူး၊ နောက်ဆို အားနာတယ်ဆိုပဲ့ ··ကားကို မသုံးပါနဲ့တော့"

ဦးသစ်ထူး ထိုသို့ပြောတော့ ဒေါ်ခင်လတ်ဗို ဟန်လုပ်ပြီး ခပ်ဖွဖွရယ်လိုက်သည်။

"ကဲ...မာမီ အန်ကယ့်လ်ကို ထမင်းကျွေးတော့မယ်ဆိုရင် အားလုံးအဆင်သင့်ဖြစ်ပြီနော်"

အိမ့် စကားဝိုင်းကို ဖြတ်တောက်ပစ်လိုက်ပြီး ထမင်းစားရန် စကားလမ်းကြောင်းလွှဲလိုက်သည်။ ဒီထက်ဆက်နေနေလျှင် အရိပ်သုံးပါး နားမလည်သော ခြိမ့်ကြောင့် အားနာစရာတွေဖြစ်တုန်တော့မည်။

ထို့နောက် ထမင်းဝိုင်းလေးကို မိသားစုထမင်းဝိုင်းလေး အသွင်ဖြင့် ရင်းနှီးနွေးထွေးစွာ ဖန်တီးလိုက်ကြသည်။

အဖေဝတ်နေတာ ကြာပြီမို့လားမသိ၊ အိမ့်ရော ခြိမ့်ရော



www.burmeseclassic.com

www.burmeseclassic.com



ဦးသစ်ထူး၏ ဓေတ္တာလောင်းရိပ်အောက်ကို နိုဝင်ဖို့ တွန်းဆုတ်ခြင်း ခံရကြတော့။

တကယ်တမ်း ဒေါ်ခင်လတ်ဗိုမှာသာ…။



## အခန်း (၄)

“ဝါး…ဝယ်လာတာတွေက ရှယ်တွေချည်းပါပဲလား မာမီရ”

စက္ကူလက်ဆွဲအိတ်တွေကို တစ်ထုပ်ချင်း ဖြည်ကြည့်နေသော ခြိမ့်မျက်နှာလေးမှာ လိုချင်တာကိုရ၍ အံ့အားသင့်ကာ အပျော်တွေဖုံးသွားသည်။

“အဲဒါ ကိုကြီးသစ် ဝယ်ပေးလိုက်တာ၊ ညီအစ်မ နှစ်ယောက် အဆင်ပြေသလို ခွဲယူကြ”

ဒေါ်ခင်လတ်ဗို ပြောရင်း အိမ့် ဖျော်ပေးသော သစ်သီး ဖျော်ရည်ကို အမောပြေ သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေ--ခြိမ့် ဒါလေးလိုချင်တယ်၊ ယူလိုက်မယ်နော် ......ဒီတော်လ်ကင်လေးကလည်း အိမ်မှာရှိတဲ့ ဟာဝိုင်ရီအတွဲ လေးနဲ့လိုက်မှာမို့ ယူလိုက်မယ် သိလား"

ယူချင်တာတွေများနေသော ခြိမ့်ကိုကြည့်ပြီး အိမ့် အပြစ် မတင်ချင်တော့။ ကိုယ်က အကြီးဆိုသည့်စိတ်ဖြင့် အငယ်ကို ဦးစားပေးရတော့မှာပင်။ နောက်ဆို သူစိမ်းဝင်လာပြီ။ ကိုယ် ညီအစ်မတွေ ခုကတည်းက စည်းရုံးပြရတော့မည်မို့ အိမ့် အလို ကျသော အကြည့်ဖြင့်ကြည့်ကာ

"ယူပါ၊ ခြိမ့် အဆင်ပြေမယ့်ဟာကိုယူ၊ ခြိမ့် ရွေးပြီး ပိုတဲ့ဟာမှ မမအိမ့် ယူတော့မယ်"

အိမ့်စကားကြောင့် ခြိမ့် ပို၍ကျေနပ်သွားကာ အဝတ်တွေ ကို တစ်ထည်ပြီးတစ်ထည် ကိုယ်မှာ ကပ်ကြည့်နေသည်။ ဒေါ်ခင် လတ်မို ကိုယ့်သမီးတွေ၏စိတ်ကို နားလည်သူပီပီ သမီးကြီးအိမ့် ဘာကြောင့် အလျှော့ပေးသည်ဆိုတာကို ကောင်းကောင်းကြီး သဘောပေါက်သည်။

"ဒါနဲ့ သမီးအိမ့် ကျောင်းတက်ဖို့ကိစ္စကိုရော စုံစမ်း ပြီးပြီလား သမီး"





"အင်း...လိုချင် သိချင်တဲ့ အချက်အလက်တွေကို ဝက်ဘ်ဆိုက်မှာတွေ့တယ် မာမီ၊ ဝင်ခွင့်စာမေးပွဲ ဖြေရမယ်၊ အဲဒါ အောင်ရင်တော့ အားလုံးအိုကေပြီ မာမီ"

"အင်းလေ...မာမီ ငွေထုတ်ပေးဖို့ လိုတဲ့အချိန်ကျတော့ သမီးအိမ့် ပြောပေါ့၊ ဟုတ်ပြီလား၊ မာမီက အလုပ်က များများဆို တော့ သမီးအိမ့် ကျောင်းဆက်တက်ဖို့ကိစ္စထဲဝင်ပြီး မလုံးပမ်းပေး နိုင်ဘူးလေ၊ မနက်ဖြန်လည်း မာမီနဲ့ကိုကြီးသစ် မော်ဘီကိုသွားရ ဦးမယ်"

"အလုပ်ကိစ္စလား မာမီ"

"ဟုတ်တယ် သမီး၊ ဟိုမှာ စက်ရုံခွဲတစ်ခု ဆောက်ဖို့ မြေနေရာသွားကြည့်ရမယ်လေ"

"ဘယ်သူ့စက်ရုံလဲ မာမီ၊ ဦးသစ်ထူးအတွက်လား"

"လုပ်ငန်းကတော့ မာမီ့လုပ်ငန်းပါ၊ ရင်းနှီးမြှုပ်နှံတဲ့ အပိုင်းကိုတော့ သူပဲ အားလုံးတာဝန်ယူလိမ့်မယ်၊ ဒီမှာက မာမီ အင်အားလောက်နဲ့ မတွင်ကျယ်ဘူးဖြစ်နေတယ်လေ၊ ခုခေတ်မှာ အထည်ချုပ်စက်ရုံတွေက လက်ညှိုးထိုးမလွဲဖြစ်နေတာဆိုတော့ မော်ဘီဘက်မှာဆိုရင် အဆင်များပြေမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လတ်ကို ရှင်းပြပေမယ့် အိမ့် လုပ်ငန်းသဘောတရားတို့ သိပ်နားမလည်တော့ ဘာအကြံဉာဏ်မှ ဝင်မပေးရဲ။ အခုနေဆို အိမ့်အနေနဲ့ သမီးကြီးဆိုတဲ့နေရာမှာ ဝင်၍ရပ်တည်နေပြီး ဒီဘလုပ်ငန်းကို ဘာတစ်ခုမှ စိတ်ဝင်တစားမလေ့လာတာဟာ သိပ်တော့ သဘာဝမကျဘူးဟု ကိုယ့်ကိုယ်ကို ပြန်သုံးသပ်မိသလို မာမီ့ကိုလည်း အားနာမိသည်။

ထို့ကြောင့် ဝင့်သက်မောလေးခိုးရှိက်ကာ မာမီ့ကို ကရုဏာသက်သော အကြည့်လေးဖြင့်ကြည့်ရင်း

"အိမ့် ဟိုမှာကျောင်းတက်ပြီး ပြန်လာရင်တော့ မာမီ့ လုပ်ငန်းတွေကို ဝိုင်းကူပြီး လုပ်ပေးပါ့မယ် မာမီရယ်..နော်"

"အင်း...ဒါပေါ့ သမီးရဲ့၊ ငါ့သမီးတွေ အားကိုးလို့ရပြီဆိုရင် ဒီလုပ်ငန်းတွေကို မာမီ သမီးတို့လက်ထဲကို အပြီးလွှဲပေးလိုက်တော့မှာ၊ ဒါကြောင့် သမီးတို့ဘက်က လုပ်ငန်းတွေဦးစီးဖို့ ထိုက်သင့်တဲ့ပညာတွေကို ကြိုးကြိုးစားစား သင်ယူကြပါ"

"ဟုတ်ကဲ့ မာမီ၊ ငွေကုန်ရကျိုးနပ်အောင် အိမ့် အစွမ်းကုန်ကြိုးစားပါ့မယ်"

"ကဲ...မာမီ ရေဝင်ချိုးတော့မယ်ကွယ်၊ ဒီနေ့တစ်နေ့လုံး





ရာသီဥတုက ပူတော့ လူက သိပ်မလန်းဘူး၊ ငြီးစီစီကြီးဖြစ်နေတယ်ကွယ်"

"မာမီ မြန်မြန်ချိုးနော်၊ အအေးပတ်မယ်"

ခြိမ့် အဝတ်အစား အသုံးအဆောင်တွေ ရွေးလို့မဆုံးဖြစ်နေရင်းမှ မီခင်ကိုဝင်ပြီး နှမ်းဖြူးလိုက်သေးသည်။

အိမ့်..ခြိမ့်ကို မျက်စောင်းလေး ခပ်ရွှယ်ရွှယ်ထိုးကာ ဟက်ခနဲရယ်လိုက်သည်။ ခြိမ့်ကလည်း သဘောပေါက်စွာဖြင့် အစ်မလုပ်သူကို ဟီးခနဲ ရယ်ပြသည်။

မကြာခင် ကြုံလာတော့မည့် အဆိုးလောကဓံကိုတော့ သူမတို့ညီအစ်မနှစ်ဦး ဘာတစ်ခုမှ ကြိုတင်ပြင်ဆင်ဖို့ အခွင့်အရေးမရခဲ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ခြိမ့်ရေ…မာမီ အပြန်မိုးချုပ်လိုက်တာ၊ ငါ စိတ်ပူလာပြီ"

ညဉ့်ကိုးနာရီအထိ နာရီတကြည့်ကြည့်ဖြင့် စိတ်ပူနေသော အိမ့်စကားကြောင့် အင်တာနက်သုံးနေသော ခြိမ့် နံရံမှနာရီကို မော့ကြည့်လိုက်သည်။

"မမအိမ့် ဖုန်းဆက်လိုက်ပါလား၊ ဘယ်ရောက်နေလဲ ဆိုတာ သိရအောင်"

"ဆက်တာ ခုနစ်ခါ ရှစ်ခါတောင် မကတော့ဘူး၊ ဆက်သွယ်မှုဧရိယာပြင်ပကို ရောက်နေတယ်၊ ဘယ်လိုမှခေါ်လို့မရဘူး"







"ဒါဆိုရင် ဦးသစ်ထူးကြီးနောက်ကို မာမီ လိုက်ပြေးသွားပြီထင်တယ်၊ ဦးသစ်ထူးဖုန်းရော ခေါ်ကြည့်ပါလား"

"ဖုန်းပိတ်ထားတယ်"

"အကြောင်းတစ်ခုခုကြောင့် မိုးချုပ်နေတာပါ မမအိမ့်ရယ် တွေးပြီး စိတ်ပူမနေပါနဲ့၊ အချိန်တန် ပြန်လာမှာပါ၊ မမအိမ့် သွားအိပ်ချင်ရင် အိပ်လိုက်တော့၊ ခြိမ့် မာမီတို့ကို ဆက်စောင့်လိုက်မယ်"

အိမ့် စိတ်ပူမည်စိုး၍ ခြိမ့် ဖြေသိမ့်ပြောနေပေမယ့် အိမ့်မျက်နှာပေါ်မှ စိုးရိမ်ပူပန်နေသော အရိပ်အယောင်ကတော့ လွင့်ပျောက်မသွားသေး။

အမှန်ဆို မာမီ အိမ့်တို့ညီအစ်မ စိတ်ပူမနေစေရန် နောက်ကျမည်ဆိုသည့်အကြောင်းကို ဖုန်းဆက်ထားသင့်၏။ အိမ့် ဆက်မထိုင်နိုင်တော့ဘဲ ဧည့်ခန်းထဲမှာ ဂနာမငြိမ်သောသူတစ်ယောက်နှယ် ဟိုဘက်လျှောက်လိုက် သည်ဘက်လျှောက်လိုက် လုပ်နေသည်။

"မမအိမ့်…ဘာဖြစ်နေတာလဲ၊ တကယ်ပဲ မမအိမ့်ပုံစံက သမီးတစ်ယောက် အိမ်ပြန်ချိန်တန်တဲ့အချိန် ပြန်မလာလို့ စိတ်



www.burmeseclassic.com

www.burmeseclassic.com

ဦး [illegible]ထက်ခက်နေတဲ့ အမေပုံစံမျိုး ဖြစ်နေတယ် သိလား၊ [illegible]ရှာရတယ်”

ခြိမ့် အိမ့်ပုံစံကိုကြည့်ပြီး ခပ်ရှောင်ရှောင်ဆိုတော့ အိမ့် ဘာမှပြန်မပြောဘဲ မျက်စောင်းလေးဖြင့်သာ တုံ့ပြန်လိုက်သည်။

ရုတ်တရက် ဧည့်ခန်းထောင့်မှ ဖုန်းမြည်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ထိုအသံသည် တိတ်ဆိတ် နေသော အခြေအနေထဲသို့ ဖြန်းခနဲ တိုးဝင်လာသည်၊ ညီအစ်မ နှစ်ယောက် တစ်ယောက်မျက်နှာကိုတစ်ယောက် ပြိုင်တူကြည့်ကာ ဖုန်းဆီသို့ ပြိုင်တူသွားလိုက်ကြသည်။

အိမ့် အရင်ဆုံး ဖုန်းနားရောက်၍ ကိုင်လိုက်သည်။ ဖုန်းနံပါတ်က အစိမ်းဖြစ်နေသည်။ မာမီဆက်တာမဟုတ်၍ အိမ့် ဖုန်းခွက်ကိုင်ရင်း ခြိမ့်ကို မာမီမဟုတ်ကြောင်း လက်ခါပြသည်။

“ဟဲလို…အမိန့်ရှိပါရှင်”

အိမ့် ညင်သာသော အသံကြည်ကြည်လေးဖြင့် သိမ်မွေ့စွာ ဖုန်းထူးလိုက်သည်။ ခြိမ့် မာမီ့ဖုန်းမဟုတ်ဘူးဆို၍ ကွန်ပျူတာ စားပွဲနားသို့ ပြန်လျှောက်ကာ အလုပ်ဆက်လုပ်၏။

“ဟုတ်ပါတယ်၊ အဲဒီဖုန်းနံပါတ်က ကျွန်မတို့မာမီရဲ့ ဖုန်းနံပါတ်ပါ”





ခြိမ့် ကွန်ပျူတာရှေ့မှာ ဝင်ထိုင်ရင်း ထူးဆန်းသောစကား ကြောင့် အိမ့်ဆီသို့ ဖျတ်ခနဲ လှမ်းကြည့်ရင်း နားစွင့်လိုက်သည်။

“ရှင်…မာ…မာမီ ကားမှောက်လို့ ဟုတ်လား”

မူမမှန်တော့သော အသံခပ်အက်အက်ဖြင့် မေးလိုက်သော အိမ့်အသံကြောင့် ခြိမ့် ထိုင်ရာမှ ဝုန်းခနဲထလိုက်ပြီး အိမ့်ဆီသို့ အလောတကြီး ခြေလှမ်းတို့ဖြင့် ဖွေ့ခနဲရောက်လာသည်။

“မမ…မာမီ ဘာဖြစ်လဲ၊ မာမီဘာဖြစ်သွားလဲ အရင်မေး လေ၊ အခုဘယ်မှာတဲ့လဲ၊ သေချာမေးပါ”

ခြိမ့် စိတ်လောစွာဖြင့် အနားမှ တတွတ်တွတ်ပြောနေ သည်။

အိမ့် ဖုန်းခွက်ကိုင်ထားသော လက်တွေ တဆတ်ဆတ် တုန်ယင်နေကာ ပါးပေါ်မှ မျက်ရည်တွေ ဘယ်အချိန်ကတည်းက စီးကျလာသည်မသိ။

“ညီမလေး…မာမီ ခုထိသတိမလည်သေးဘူးတဲ့၊ ဦးဦး သစ်ထူးကြီးကတော့ နေရာမှာတင် ပွဲချင်းပြီးဆုံးသွားတယ်”

“ဟင်…ဒါ..ဒါဆို အခု ခြိမ့်တို့ ဆေးရုံကို အမြန်လိုက် သွားကြမယ်လေ၊ မမ ပိုက်ဆံသွားယူ၊ ခြိမ့် ကားထုတ်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com

မယ်''

အိမ့် ဖုန်းခွက်ကိုချလိုက်ပြီး မာမီ့အခန်းထဲဝင်ကာ မီးခံသေတ္တာထဲမှ ငွေအချို့ကို ယူသည်။ လှပ်ရှားမှုတွေက ထိတ်လန့်စွာဖြင့် တုန်ယင်နေကြသည်။

ထို့နောက် ညီအစ်မနှစ်ယောက် ဆေးရုံသို့ ကမန်းကတန်းသောပါးနှင့် ထွက်လာခဲ့ကြသည်။ အိမ့်ရော ခြိမ့်ရော ကမ္ဘာပျက်သလို ခံစားနေရသည်။ ရင်ထဲမှ စိုးရိမ်ပူပန်ခြင်းတွေက တဖွဲ့လို့ပင် မရတော့။

◆ ◆ ◆



# အခန်း ( ၉ )

ဆေးရုံအဝင်အဝရောက်တော့ ဦးသစ်ထွး ရုပ်ကလာပ်ကိုတော့ သံဘီးတပ်လှည်းဖြင့်တင်ကာ အဝတ်ဖြူကြီးအုပ်၍ ခေါ်သွားသည်ကို အိမ့်တို့ညီအစ်မနှစ်ယောက် စိတ်မကောင်းစွာတွေ့လိုက်ရသည်။

ဦးသစ်ထွးဘေးမှ လူငယ်တစ်ယောက်နှင့် အိမ့်ထက်နှစ်နှစ် သုံးနှစ်ခန့် ကြီးပုံရသော အမျိုးသမီးတစ်ယောက် သောကရွေနေကြသောပုံတွေဖြင့် လှည်းနောက်မှ လိုက်သွားကြသည်။

ထိုအမျိုးသမီး ငိုနေရင်းမှ အိမ့်တို့ညီအစ်မကို ရင့်သီးသောအကြည့်ဖြင့် ကြည့်သွားသေးသည်။ ခြိမ့်ကတော့ ထိုအခြေ



www.burmeseclassic.com

www.burmeseclassic.com

[illegible] ဦးသစ်ထူးလှည်းအနောက်ကို မျက်စိတဆုံး
[illegible] ကြေကွဲစွာလိုက်ကြည့်နေသည်။

အိမ့် ဆက်ပြီးရပ်နေကြလို့မဖြစ်၍ အရေးပေါ်ခန်းရှိရာ ဘက်သို့ ခပ်မြန်မြန်လျှောက်ခဲ့ကြသည်။

အရေးပေါ်ခန်းရှေ့ရောက်တော့ အခန်းထဲမှထွက်လာသော နာ့စ်တစ်ယောက်က အိမ့်တို့ညီအစ်မကို လှမ်းကြည့်ပြီး

"ရှင်တို့က ဒေါ်ခင်လတ်ဗိုရဲ့ အိမ်ကလား"

"ဟုတ်ပါတယ် ဆရာမ"

"ရှင်တို့လူနာ ခုပဲ ဆုံးသွားပါပြီ"

"ရှင်"

"အမလေး…မာမီ ဆုံးပြီ ဟုတ်လား၊ ဟင့်အင်း… မယုံဘူး၊ မဖြစ်နိုင်ဘူး၊ ဓမ မဖြစ်နိုင်ဘူးမဟုတ်လား"

ခြိမ့် အစ်မဖြစ်သူကို လက်ကိုဆွဲကိုင်လှုပ်ရမ်းပြီး အရုဝ် ကြိုးပြတ်ထိုင်ချကာ တဟီးဟီးရှိုက်ငိုတော့သည်။

အိမ့် မျက်ရည်မကျနိုင်လောက်အောင်ကို အသိစိတ်တွေက ထိုအခြေအနေကို လက်မခံချင်သေး။ ကြောင်စီစီအမူအရာဖြင့် ကိုယ့်ကို တွဲလွဲခို ငိုရှိုက်လိုက်သော ညီမလေးခြိမ့်ကို ဖေးမတွဲထူ





လိုက်ပြီး

"လာ…ခြိမ့်၊ မမတို့ အခန်းထဲဝင်ကြည့်ကြမယ်၊ မမတို့ ညီအစ်မအတွက် ဒါဟာ အမှန်တရားတစ်ခုမဖြစ်နိုင်သေးဘူး၊ စိတ်ကို တင်းထားစမ်းပါ"

ခြိမ့် မျက်ရည်စက်လက်ဖြင့် အိမ့်ဆွဲခေါ်ရာသို့ အသက် မပါသော အင်အားမရှိသော ခြေလှမ်းတွေဖြင့် လိုက်လာ၏။

အခန်းထဲရောက်ရောက်ချင်း ခန်းစည်းလိုက်ကာ အပြာ ရောင်ကာထားသော ခုတင်ဆီသို့ဝင်ဖို့ အိမ့်လက်အစုံက ထိုခန်းစည်း ကို ဆွဲသိမ်းဖယ်ရှားလိုက်သည်။

မြင်ရသည့်မြင်ကွင်းက ရင်ဆို့စရာ။ ဘဝမှာ ထိုမျှလောက် ကြေကွဲနာကျင်ရပြီး ဘဝပျက်လောက်အောင် မတုန်လှုပ်ဖူးခဲ့။

"မာမီ…မာမီရေ အိမ့်တို့ကို တကယ်ခွဲသွားပြီပေါ့"

အိမ့် ဘယ်လိုမှ စိတ်ထိန်းထား၍မရတော့။ ထို့ကြောင့် ပိတ်စအဖြူအုပ်ထားသော မာမီ့အနားသို့ တစ်ရှိန်ထိုးပြေးဝင်လိုက် သည်။

မျက်နှာပေါ်မှာ အုပ်ထားသော ပိတ်စကို သွေးရူးသွေး တန်းနိုင်စွာ ဆွဲဖယ်လိုက်၏။ သွေးအလိမ်းလိမ်းဖြင့် လောကကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ထာဝရနှုတ်ဆက်သွားသော မာမီ့ကိုကြည့်ပြီး အိမ့် စိတ်မထိန်းနိုင်စွာ အင့်ခနဲ ငိုချလိုက်သည်။ ခြိမ့်က နေရာမှာတင် ခွေခနဲ လဲကျသွားလေသည်။

အဆင်မပြေမှုဆိုတာ ဘာလဲလို့မေးယူရလောက်အောင် လိုတရခဲ့သည့် အိမ့်တို့ညီအစ်မဘဝ ခုတော့ သောကတွေပြည့်နှက် ဖိတ်လျှံနေသည့် ပင်လယ်ပြင်မှာ ကမ်းမမြင်လမ်းမမြင်။

အိမ့်တို့ညီအစ်မ မာမီ မပါဘဲနဲ့ ရှေ့အနာဂတ်ခရီးကို ဘယ်လိုဆက်လျှောက်ရမလဲ။ ပြန်လာခဲ့ပါ မာမီရယ်။ အိမ့်တို့ကို ခွဲမသွားပါနဲ့။ ဒီအခြေအနေဆိုးကြီးကို အိမ့် ရင်မဆိုင်ရဲဘူး။ အိမ့် ကြောက်တယ်။ မည်းနက်မှောင်မိုက်နေတဲ့ အခန်းကျဉ်းတစ်ခုထဲ ကို ရောက်သွားသလို အိမ့်တို့ညီအစ်မဘဝမှာ အလင်းရောင်ဆွေ မရှိတော့ဘူး။

အခု ညီမလေးခြိမ့် သတိလစ်သွားပြီ မာမီ။

◆ ◆ ◆



## အခန်း (၉)

ညည့်ခန်းထဲတွင် ပူဆွေးသောကတွေ တနင့်တပိုးဖြင့် ကျောက်ရုပ်လေးတွေလို မလှုပ်မယှက်ထိုင်နေကြသော အိမ့်နှင့် ခြိမ့်ကို ကြည့်ပြီး ဒေါ်နိုင်မြမြ ဘယ်နှကြိမ်မြောက် သက်ပြင်းချမိနေမှန်းပင် မသိတော့။

တိတ်ဆိတ်ခြင်းကို အချိန်အကြာကြီး ခွဲမဆန့်ထားလို၍ ဒေါ်နိုင်မြမြ ပြောစရာရှိတာတွေကိုပြောရန် လည်ချောင်းဝတွင် တစ်ဆို့နေသော စကားလုံးတွေကိုအားယူ၍ပြောဖို့ လည်ချောင်း တစ်ချက် ရှင်းထုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

"အဟာမ်း…ဟာမ်း…အန်တီခိုင် သမီးတို့ကို အရမ်း အရေးကြီးတဲ့ အကြောင်းအရာတွေ အသိပေးချင်တယ်"

အိမ့် ငိုရလွန်း၍ အစ်မို့နေသော မျက်ဝန်းရဲရဲဖြင့် ဒေါ်ခိုင်မြမြကို မျက်ဝန်းအစုံ ဝင့်ကြည့်လိုက်သည်။

"အန်တီခိုင် ဘာကိုပြောမလို့လဲ၊ ပြောပါ၊ အိမ့်တို့ နားထောင်ပေးပါ့မယ်"

အဖျားခတ်တုန်ယင်နေသော စကားအဆုံး အိမ့် အင့်ခနဲ တစ်ချက်ရှိုက်လိုက်သည်။

"ဒီလိုပါကွယ်၊ သမီးတို့မာမီ ဆုံးပြီဆိုတော့ မိဘရဲ့ လုပ်ငန်းကိစ္စအဝဝကို ကျန်ရစ်သူသားသမီးတွေက သိသင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ် အန်တီခိုင်"

အိမ့် တစ်ရှူးဘူးထဲမှ တစ်ရှူးတစ်ရွက်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး နှာခေါင်းမှ ပြူတစ်ပြူတစ်ဖြစ်နေသော နှပ်ရည်အချို့ကို ဆွဲညှစ်လိုက်သည်။ ဖြူဖွေးဝင်းမွတ်သော နှာသီးဖျားလေးမှာ တစ်ရှူးနှင့်ဆွဲညှစ်ရလွန်း၍ ရဲရဲနီနေသည်။ ခြိမ့်ကတော့ ဘာမှနားမလည်သူလို မျက်လုံးလေးကလယ်ကလယ်ဖြင့် ဒေါ်ခိုင်





မြမြ ပြောမည့် အကြောင်းအရာကို နားစွင့်နေ၏။

"အခု သမီးတို့အမေဆုံးတော့ ရှယ်ယာတွေကို ပြန်ထုတ်ယူကြတော့မယ်၊ အဲဒါကို အန်တီခိုင် ဘယ်လိုတာဝန်ယူဆောင်ရွက်ပေးရမလဲ"

"ဟိုလေ…အဲဒီကိစ္စတွေကို အိမ့်တို့ နားမလည်ဘူး၊ ဒါကြောင့် အန်တီခိုင်ပဲ တာဝန်ယူပြီး ထုတ်ပေးလိုက်ပါ၊ လိုအပ်တဲ့ ငွေကြေးကိုတော့ အိမ့်မာမီဘဏ်စာရင်းထဲကနေ ထုတ်ပေးပါ့မယ်"

အိမ့် ပြောသာပြောလိုက်ရသည်။ မာမီ့ဘဏ်စာရင်းထဲမှာ ငွေပမာဏ ဘယ်လောက်ရှိမှန်းလဲမသိ။

"အဲဒီလောက် မလွယ်ဘူးထင်တယ် သမီးအိမ့်ရယ်"

"အန်တီခိုင် ဘာကိုဆိုလိုတာလဲဟင်၊ ဘာလဲ‥ရှယ်ယာငွေတွေ ပြန်ထုတ်ကြမယ့်ကိစ္စက အန်တီခိုင် လုပ်ပေးလို့မရဘူးလား၊ အိမ့်ကိုယ်တိုင် ပေးရမှာလား"

"မ…မဟုတ်ဘူး သမီး"

"ရှင်…ဒါဆို ဘာဖြစ်လို့လဲ အန်တီခိုင်"

"သူတို့ကို ရှယ်ယာငွေတွေ ပြန်အမ်းပေးဖို့အတွက်


www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းထဲမှာ ငွေမရှိတော့ဘူး၊ လုပ်ငန်းတစ်ခုလုံး အရှုံးပြနေတာ ခြောက်လလောက်ရှိနေပြီကွယ်"

အိမ့်ရော ခြိမ့်ရော မယုံနိုင်လောက်အောင် မျက်နှာလေးတွေ ဖျက်ဆင်းသွားကြသည်။ မာမီ ဆုံးပြီးသည့်နောက်ပိုင်း ထင်မှတ်မထားတာတွေ ဆက်တိုက်ဖြစ်နေ၍ အိမ့် ဘယ်လိုရင်ဆိုင် ဖြေရှင်းရမှန်းတောင်မသိတော့။

"ဒါ…ဒါဆို အိမ့်တို့ ဘယ်လိုလုပ်ကြမလဲ အန်တီခိုင်"

အိမ့် အားငယ်လွန်း၍ အန်တီခိုင့်ကို အားကိုးတကြီးမေး လိုက်သည်။

"စက်ရုံကို ဒေဝါလီခံပြီး ရောင်းချသင့်တာရောင်းချပြီး ပြန်အမ်းသင့်တဲ့ ရှယ်ယာတွေကို ပြန်အမ်းရုံပေါ့၊ အဲဒါတောင် အကုန်လုံးနီးပါး ပြန်အမ်းနိုင်မယ်မထင်ဘူး၊ နောက်ပြီး အစိုးရဘဏ် မှာ အတိုးနဲ့ချေးထားတာတွေကလည်း ရှိသေးတယ်"

အန်တီခိုင် ပြောပြနေသော အကြောင်းအရာတွေထဲမှာ စိတ်ချမ်းမြေ့စရာ တစ်ခုမှမပါ။ ရင်ထဲမှာ မီးတောင်တစ်ခုလို ပေါက်ကွဲစေနိုင်သော သောကအစုအဝေးတွေသာ အထပ်ထပ် စုပြုံတိုးသိပ်၍နေသည်။ မျက်ဝန်းအစုံပင် မှုန်နောက်ပြာဝေလာ သည်။

"ဒါဆို ဒီ…ဒီအိမ်ကြီးကို ရောင်းမယ်ဆိုရင်ရော"

ဖြစ်နိုင်ချေရှိတာကို ဝိုင်း၍စဉ်းစားပေးသော ခြိမ့်စကား ကြောင့် အိမ့် အတွေးတစ်ခုဝင်သွားသည်။ လုံးခြေဆုပ်နယ်ခြင်း ခံနေရသောစိတ်တွေကို တည်ငြိမ်အောင် ပြန်ကြိုးစားလိုက်ရင်း ထိုအခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းကို ရွေးချယ်လိုက် သည်။

ဘဝမှာ တန်ဖိုးအထားရဆုံး အားအကိုးရဆုံး အေးမြမှု အရိပ်တွေကို ခိုလှုံခွင့်ပေးပြီး မေတ္တာတွေ အပြည့်အဝပေးနိုင်ခဲ့ သည့်၊ ပေးစွမ်းခဲ့သည့် မာမီ့ကိုပင် လက်လွှတ်ဆုံးရှုံးရမှတော့ ဒီအိမ်ကြီးကိုရော ဖက်တွယ်မက်မောနေလို့ ဘာဖြစ်လာမှာတဲ့လဲ။ ဒီတော့ အကြံကုန် ဂဠုန်ဆားချက်ဆိုသလို ဒီအိမ်ကြီးကိုရောင်းပြီး ဖြေရှင်းရုံပေါ့။

"ဒီအိမ်ကြီးကို ရောင်းလိုက်ပြီး ဖြေရှင်းလိုက်တော့မယ် အန်တီခိုင်ရယ်၊ အိမ့်တို့ညီအစ်မကတော့ အန်တီခိုင်တို့ရပ်ကွက်ထဲက အိမ်ကလေးမှာပဲ နေလိုက်တော့မယ်"

ဒေါ်ခိုင်မြမြ ဘယ်လိုပြောရမှန်းပင်မသိတော့။ အမှန်ကို



ငိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဒီအိမ်ကြီး၏ အိမ်ဂရန်ကလည်း ဦးသစ်ထူးဆီမှာ အရင်ကတည်းက ရှိနေတာ၊ ယခု ဦးသစ်ထူးပါ ခင်လတ်နှင့်အတူဆုံးတော့ ထိုအိမ်ဂရန်အား ဦးသစ်ထူး၏ သားသမီးတွေဆီမှာ ယူမှရမည်။

ယူမည်ဆိုလျှင်လည်း အတိုးရော အရင်းပါ ပြန်ဆပ်မှ ဦးသစ်ထူး သားသမီးတွေက အိမ်ဂရန် ပြန်အရွေးခံမည့်အခြေအနေ။ ဦးသစ်ထူးလို အလကားပြန်ပေးဖို့အစီအစဉ်ဆိုတာ ဘယ်လိုမှရှိလာနိုင်တော့မည်မထင်။

"ဒီအိမ်ကြီးကိုလည်း သမီးတို့မာမီ ပေါင်ထားရတယ်ကွယ်"

အိမ့်ရော ခြိမ့်ရော မိုးကြိုးအစင်းပေါင်းများစွာ ပစ်ချခံလိုက်ရသလို အာရုံအသိစိတ်တို့သည် အရှင်လတ်လတ် ခန္ဓာကိုယ်ထဲမှ ခုန်ထွက်သွားသလို ခံစားလိုက်ရသည်။ ကံကြမ္မာ၏ ထိုးနှက်ချက်က ပြင်းထန်လွန်းလှပါ၏။

လောက၏ မမြဲသောတရားဆိုတာ အိမ့် ကြားသာကြားဖူးခဲ့သည်၊ ကိုယ်တိုင်မကြုံတွေ့ဖူးခဲ့။ ယခု ကိုယ်တိုင်ကြုံတွေ့ခံစားလာရတော့ သည်းခြေပျက်မတတ် ခံစားခဲ့ရသည်။

မာမီဟာ ဒီသောကတွေကို အချိန်အတော်ကြာ ထမ်းခဲ့ပုံပဲ။ ဒါနဲ့များ မာမီရယ် အိမ့်တို့ညီအစ်မကို ဘဝအကြောင်း နားလည်အောင် အရင်ကတည်းက ဖွင့်ဟတိုင်ပင်ခဲ့ရမှာ။ မာမီ့မှာ ဒီလိုအပူသောကတွေ တပွေ့တပိုက် ပူပန်နေရတယ်ဆိုတာသိခဲ့ရင် အိမ့်လေ နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ မာမီ့ဆီမှာ ပူဆာမိခဲ့မှာမဟုတ်ပါဘူး။

သမီးအမိုက်မကို ခွင့်လွှတ်ပါ မာမီရယ်၊ မာမီလုပ်ငန်းအဆင်မပြေမှုတွေနဲ့ ငွေကြေးအခက်အခဲတွေ ရင်ဆိုင်နေရချိန်မှာ အိမ့်တို့ညီအစ်မတွေက ငွေကိုရေလိုသုံးပြီး မပူမပင် မကြောင့်မကြနေနေခဲ့ကြတယ်။

ဒါတောင် မာမီ အိမ့်တို့ညီအစ်မပေါ်မှာ တစ်ချက်ကလေး ညည်းညူခဲ့၊ မငြူစူခဲ့။ အဆင်မပြေဘူးဆိုတာ တစ်စက်ကလေးတောင် အရိပ်အယောင်မပြခဲ့ဘူး။

မာမီက အိမ့်တို့ပေါ် အမေတစ်ယောက်ရဲ့တာဝန်တွေ ကျေလွန်းခဲ့ပေမယ့် အိမ့်တို့ကတော့ သမီးဝတ္တရား လုံးဝမကျေပွန်ခဲ့မိပါဘူး မာမီ။

ဒီနောင်တဟာ အိမ့်ဘဝမှာ ဘယ်လိုမှပြင်ဆင်ခွင့်မရတော့မယ့် နောင်တမျိုးပါ မာမီ။ အိမ့် အရှမ်းကို တစ်ကိုယ်ကောင်း




www.burmeseclassic.com

www.burmeseclassic.com

ဆန်ခဲ့မိပါတယ်။

ဒါတွေသာ အိပ်မက်ဖြစ်ခဲ့မယ်ဆိုရင် အိမ့်လေ····။

◆ ◆ ◆



## အခန်း (၁၀)

အိမ်ရှေ့သို့ ဦးသစ်ထူးစီးနေကျ အနက်ရောင်ကားကြီး ထိုးဆိုက်လိုက်သည်နှင့် သုံးပွင့်ဆိုင်ခေါင်းခဲနေကြသော အိမ့်တို့ ညီအစ်မနှင့် ဒေါ်နိုင်မြမြ ပေါ်တီကိုအောက်သို့ ပြိုင်တူလှမ်းကြည့် လိုက်ကြသည်။

ကားပေါ်မှဆင်းလာသော နှင်းပွင့်သစ်၏ တင်းမာခက်ထန် သော မျက်နှာအမူအရာကြောင့် အိမ့်နှင့်ဒေါ်နိုင်မြမြ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"အိမ့်ရေ···ဦးသစ်ထူးရဲ့ သမီးကတော့ ရောက်လာပြီ၊ သူ့နောက်ကဆင်းလာတဲ့လူက သူတို့ရဲ့ရှေ့နေ၊ ဒီအိမ်ပေါင်တုန်းက


www.burmeseclassic.com

www.burmeseclassic.com



အစီကာသက်သေပေါ့"

အိမ့်ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ လက်အစုံက ဘာကြောင့်မှန်းမသိ တဆတ်ဆတ်တုန်ယင်နေသည်။ မျက်စိမျက်နှာ ပျက်ဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော ခြိမ့်ကို ဟန်မပျက်နေဆိုသည့် အမူအရာဖြင့် မျက်ရိပ်ပြလိုက်ပြီး ခြိမ့်၏အေးစက်နေသော လက်ကလေးကို အားပေးနှစ်သိမ့်သည့်အနေဖြင့် ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

"ခြိမ့်…ဧည့်သည်တွေအတွက် တစ်ခုခုသွားစီစဉ်လိုက်ပါလား"

"ဟုတ်ကဲ့…မမအိမ့်"

အိမ့် တမင်ပင် ခြိမ့်ကိုပါရောပြီး မျက်နှာမငယ်စေချင်၍ မီးဖိုခန်းထဲကို တမင်ပထုတ်လိုက်ခြင်းဖြစ်သည်။ ခြိမ့် မျက်နှာငယ်ဖြင့် ခေါင်းညိတ်ကာ ဧည့်ခန်းထဲမှ ထွက်ခဲ့လိုက်သည်။

"ထိုင်ကြပါရှင်"

ဒေါ်နိုင်မြမြ မျက်နှာချိုသွေးကာ လေပြည်လေးဖြင့် ဖိတ်ခေါ်လိုက်သည်။ နှင်းပွင့်သစ် ချိုတင်းသောမျက်နှာဖြင့် အိမ့်ကို မနှစ်မြို့သလိုကြည့်လိုက်ပြီး မျက်နှာချင်းဆိုင် ဆိုဖာခုံတွင် ခြေ





ချိတ်ပြီး ဝင်ထိုင်လိုက်သည်။

ရှေ့နေ ဦးနိုင်အောင် အတက်ချိုကော့စ်ကို ဆက်တီကျွန်းနေပွဲကြီးပေါ်တင်ကာ ဆိုဖာခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် အိမ့်နှင့် ဒေါ်နိုင်မြမြကို အကဲခတ်သလို စေ့ကာကြည့်လိုက်ပြီး

"ကျွန်တော်တို့ ခုလာရတဲ့ကိစ္စက ဒေါ်ခင်လတ်ဗိုဦးသစ်ထူးဆီမှာပေါင်ထားတဲ့ ဒီအိမ်ကြီးကိစ္စရယ်၊ ငွေသားပဲအသားတင် သိန်းငါးရာချေးထားတဲ့ ကိစ္စရယ်အတွက် လာခဲ့တာပါ၊ ကျွန်တော်က ဦးသစ်ထူးရဲ့ရှေ့နေ ဦးနိုင်အောင်ပါ၊ ဒီက သမီးကတော့ ဦးသစ်ထူးရဲ့သမီး နှင်းပွင့်သစ်ပါ"

"ဟုတ်ကဲ့"

တွေ့ရတာဝမ်းသာပါတယ်ဟု ပြောစရာမလိုအောင် လာခဲ့ကြသည့်အကြောင်းအရာက အိမ့်ကို ဝမ်းသာစေဖို့မှမဟုတ်တာ။ ဒါကြောင့် ဟုတ်ကဲ့ဟုသာ ခေါင်းကို ဖြည်းညင်းစွာညိတ်ပြလိုက်သည်။

"ဒယ်ဒီဟာ ဘယ်သူ့ကြောင့် ဘာကြောင့်သေဆုံးခဲ့ရတယ်ဆိုတာကိုတော့ မင်းသိမှာပါနော် အိမ့်သဲဖြူ"



www.burmeseclassic.com

www.burmeseclassic.com

ခနဲ့သောလေသံဖြင့် မကျေနပ်စွာ နှင်းပွင့်သစ်ဘက်မှစ၍ အခြေအနေကို တင်းမာနိုင်းလိုက်သည်။ သူတို့အမြင်မှာ ဒေါ်ခင် လတ်စိုနှင့် လက်ထပ်ပြီး ဒေါ်ခင်လတ်စို လုပ်ငန်းဆိုင်ရာကိစ္စအဝဝ ကို အရှိန်အဟုန်မပျက် ပြန်လည် လည်ပတ်ဖို့ လိုက်ပြီးကူညီပေး ရာမှ သူတို့အဖေ သေဆုံးရသည်ဟူသော တစ်ဖက်သတ်အမြင်ဖြင့် အိမ့်တို့အပေါ်မှာ အငြိုးကြီးနေခြင်းဖြစ်သည်။ ထို့အတွက် အိမ့် သူတို့ကိုပြန်ပြီး အပြစ်မတင်လို။ နှင်းပွင့်သစ်နေရာမှာဆိုလျှင်လည်း အိမ့် ဒီလိုမျိုး ပြင်းပြင်းထန်ထန် ပေါက်ကွဲမိမှာပင်။

"အဲဒီအတွက် ဒီက မနှင်းပွင့်သစ်နဲ့ ထပ်တူထပ် ခံစားရပါတယ်၊ ခုချိန်မှာ အိမ့်တို့အတွက် တစ်ပူပေါ် နှစ်ပူဆင့် တင်မကဘူး၊ သုံးလေးပူ ဆင့်နေရတဲ့အချိန်ပါ"

စကားကိုအောက်လျှို့ကာ အသနားခံ မတောင်းဆိုရုံသာ ရှိတော့သော အိမ့်ကို နှင်းပွင့်သစ် ခပ်စူးစူးမဲ့ကြည့်လိုက်သည်။

"ကဲ…ဦးနိုင်အောင် ဆောင်ရွက်စရာရှိတာ ဆက်လက် ဆောင်ရွက်ပါ"

နှင်းပွင့်သစ် ထိုသို့ပြောပြီး ကော်ဖီနှင့်မုန့်ဗန်းကိုကိုင်၍ ဧည့်ခန်းထဲဝင်လာသော ခြိမ့်ကို ခပ်မော့မော့လှမ်းကြည့်လိုက်သည်





ခြိမ့်နှင့် အကြည့်ချင်းဆုံသွားသော တစ်ခဏမှာ ခြိမ့်ရင်ထဲ တစ်ခါ မှမခံစားဖူးသော သိမ်ငယ်မှုမျိုးကို နင့်သီးစွာခံစားလိုက်ရသည်။ အနားသို့ ခပ်တိတ်တိတ်လျှောက်လာပြီး ဗန်းထဲမှ ကော်ဖီခွက်တွေ ချပြီးတာနှင့် ခြိမ့် ဧည့်ခန်းထဲမှာ ဆက်မနေလိုတော့၍ အိပ်ခန်း ထဲသို့ ဝင်ခဲ့လိုက်သည်။

အခန်းထဲရောက်သည်နှင့် တံခါးကို နောက်ကျောမှီကာ အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။ ဘယ်အချိန်ကတည်းက စီးကျ နေမှန်းမသိသော မျက်ရည်တွေနှင့်အတူ ကလေးငယ်တစ်ယောက် လို ဟီးခနဲ ချုံးပွဲချငိုလိုက်လေသည်။

လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ ခြိမ့်တို့ညီအစ်မ အတွက် အဆိုးလောကဓံတွေ ဘယ်အချိန်ကာလအထိ ဝင်ရောက် မွှေနှောက်နေကြဦးမှာလဲ မသိနိုင်လောက်အောင် အခြေအနေတွေ က အပြောင်းအလဲ မြန်လှချည်လား။ လောကကြီးက ဘာကြောင့် ခြိမ့်တို့အပေါ် အငြိုးမိုးတွေ ရွာချနေရတာလဲ။ မာမီရယ်…တမလွန် ကနေ မြင်လှည့်စမ်းပါ၊ ခြိမ့် ရှင်လျက်နဲ့ သေနေရပြီ။

အခု မမအိမ့်တစ်ယောက်တည်း ရင်ဆိုင်နေရပြီ။ ခြိမ့် လည်း အရမ်းအားငယ်နေတယ်။ ခြိမ့်တို့ညီအစ်မနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

...ယ်မှာ ဒုက္ခတွေရင်ဆိုင်နေရတာ မာမိမြင်နေရတာ...
...တ်လားဟင်။

တဆိတ်ကူညီလှည့်ပါဦး မာမိရယ်။

◆ ◆ ◆



## အခန်း (၁၁)

“ခြိမ့်တို့ ဒီအိမ်ကြီးကနေ တကယ်ပြောင်းပေးရတော့မယ် ဟုတ်လား မမ”

မျက်ပြူးဆန်ပြာလေးဖြင့် အထိတ်တလန့်မေးနေသော ခြိမ့်ကို အမှန်အတိုင်း မပြောပြချင်ပေမယ့် မပြော၍မှမဖြစ်တော့တာပဲ။

ဒီအိမ်ကြီးပေါ်ကနေ နောက်သုံးရက်အထိပဲ နေခွင့်ရှိတော့မည်။ ထို့အတွက်ကြောင့် ပြင်ဆင်သင့်တာတွေကို ထုပ်ပိုးပြင်ဆင်ကြရမည်။

“ညီမလေးရယ်...ကံစီမံရာပေါ့၊ ဘာများတတ်နိုင်မှာ


www.burmeseclassic.com

www.burmeseclassic.com



တဲ့လဲ၊ ဒီအိမ်ကြီးပေါ်မှာ အဆင့်အတန်းရှိရှိ၊ ဇိမ်ရှိရှိနဲ့ လိုတရာ
ကို ရက်ရက်ရောရော ပိုင်ဆိုင်ခဲ့ပြီးပြီပဲ၊ မွေးကတည်းက စား
မရှိ နေစရာမရှိနဲ့ ဘဝကို ထမင်းတစ်လုပ်အတွက် နွားတစ်ကော
လို ရုန်းနေရတဲ့လူမျိုးတွေထက်စာရင်တော့ မမတို့ ညီအစ်
နှစ်ယောက်ရဲ့ ကံက အရမ်းကို ကောင်းခဲ့တာပဲ''

''ဒါပေမဲ့ အခု ကံမကောင်းတော့ဘူးလေ၊ ခြိမ့်တို့ ဒီအိ
ကြီးကနေ ဖယ်ပေးရရင် ဘယ်မှာသွားနေရမှာလဲ၊ အန်တီခိုင်
ရပ်ကွက်မှာ မာမီဝယ်ထားတဲ့ အိမ်လေးကို ပြောင်းကြရမှာလ
ဟင်''

ရှုံ့မဲ့သောမျက်နှာလေးဖြင့် မအီမသာ မေးလိုက်သေ
ခြိမ့်အမေးကို ဘယ်လိုဖြေရမှန်းပင်မသိတော့။ အမှန်ဆို အိမ့်
ညီအစ်မမှာ ဆင်ခြေဖုံးရပ်ကွက်ကလေးမှာရှိတဲ့ အိမ်ကလေးတစ်လုံ
တောင် မပိုင်ဆိုင်တော့ပါဘူး။

များပြားလှတဲ့အကြွေးတွေကို ရှိတာတွေရောင်းချ
ဖြေရှင်းလိုက်ရ၍ စီးနေတဲ့ကားလေးတစ်စီးတောင် မပိုင်တော့

''မဟုတ်ဘူး ခြိမ့်ရယ်၊ မမတို့မှာ အဲဒီအိမ်ကလေးတစ်လုံ
တောင် မပိုင်တော့ဘူး''





ခြိမ့်မျက်နှာလေး စိတ်ပျက်အားငယ်ခြင်းတွေဖြင့် အိုဆင်း
သွားသည်။ မျက်ဝန်းအိမ်မှ မျက်ရည်လေးတွေ ဝေ့သီနိုတွဲလာ
သည်။ မျက်ဝန်းမှ မျက်ရည်တို့ ပါးပြင်သို့စီးမကျခင် ခြိမ့်
လက်ချောင်းကော့ကော့များဖြင့် ပုတ်ခတ်ထိန်းလိုက်ပြီး

''ဒါဆို ဘယ်မှာသွားနေကြမလဲဟင်''

''အန်တီခိုင်တို့ အိမ်မှာပေါ့''

''ဟင်''

ခြိမ့် အံ့ဩရိပ်နှင့်အတူ စိတ်ပျက်ခြင်းတွေပါ တွဲခိုကာ
မျက်နှာလေးရှုံ့မဲ့သွားသည်။ အိမ့် စိတ်မကောင်းပေမယ့် ဘာမျှ
မတတ်နိုင်။

''အန်တီခိုင်တို့အိမ်မှာ လူတွေအများကြီးပဲလေ၊ ခြိမ့်တို့
က ဘယ်လိုနေပြီး ဘယ်လိုအိပ်ကြမှာလဲ၊ ဟိုလေ..အဲဒီမှာမနေဘဲ
နဲ့ ခြိမ့်တို့မှာရှိတဲ့ လက်ဝတ်လက်စားလေးတွေရောင်းပြီး အိမ်
တစ်လုံးဝယ်နေကြမယ်လေ''

''မဖြစ်နိုင်ပါဘူး ညီမလေးရယ်၊ မမတို့မှာရှိတဲ့ လက်ဝတ်
လက်စားတွေ အကြွေးဆပ်တဲ့အထဲ ပါသွားကြပြီလေ၊ အခု ကိုယ်
ပေါ်မှာဝတ်ထားကြတဲ့ ပစ္စည်းလေးတွေကရော ရောင်းလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



သိန်းနှစ်ဆယ်တောင် ပြည့်မှာမှမဟုတ်တာ ဘယ်လိုလုပ်ပြီး အိမ်
တစ်လုံးဝယ်ဖို့ ငွေမီမှာလဲ”

ခြိမ့် စိတ်ပျက်စွာဖြင့် ဒူးနှစ်ဖက်ပေါ် လက်အစုံယှက်လျှ
မျက်နှာကို မှောက်ချလိုက်သည်။ အိမ့် ပင့်သက်မောလေး
ခပ်မျှင်းမျှင်းရှိုက်လိုက်ပြီး ခြိမ့်ပခုံးကို နှစ်သိမ့်သည့်အနေဖြင့် ဆုပ်
ကိုင်လိုက်သည်။

“ဘာမှစိတ်မပျက်ပါနဲ့ ခြိမ့်ရယ်၊ ဒါဟာ ခေတ္တခဏပါ
မမလည်း အလုပ်ရှာမှာပါ၊ ခြိမ့်လည်း အလုပ်တစ်ခုခုလုပ်
စဉ်းစားထားပေါ့။ မမတို့မှာ မာမီပေးထားတဲ့ ပညာအမွေ
ရှိကြပါသေးတယ်ကွယ်၊ မမတို့ ညီအစ်မတွေ ကြိုးစားကြရအောင်”

“ခြိမ့်တို့ ကြိုးစားလို့ရော မာမီရှိခဲ့စဉ်တုန်းကလို အခြေ
အနေမျိုး ပြန်ရမှာမို့လို့လား မမအိမ့်ရယ်၊ ခြိမ့်တော့လေ ရှေ့ဆက်
ဘယ်လိုအသက်ရှင်ရမလဲ မသိလောက်အောင်ကို အတော်လေး
စိတ်ဓာတ်ကျနေပြီ”

ခြိမ့်ဆိုတဲ့ ကိုယ်ကလည်း ကောင်းပေ့ဆိုတဲ့အစာ၊ ကောင်း
ပေ့ဆိုတဲ့ အဝတ်တွေ၊ ကောင်းပေ့ဆိုတဲ့ အမျိုးသမီး အလှပြင်
ပစ္စည်းတွေကိုမှ သုံးစွဲတတ်သူ။ တစ်ခါရှောပင်နှ်ထွက်လျှင် ခြိမ့်





သုံးသော အသုံးစရိတ်က သိန်းဂဏန်းအထက်မှာ၊ ဖိနပ်ဆိုလျှင်
အောင် လေးငါးသောင်းတန်လောက်ဝယ်ဝတ်မှ လူရာဝင် တင့်တယ်
သည်ဟု တွေးတတ်သည့်သူ။

ခုတော့ ဒါတွေအားလုံးဟာ ခြိမ့်ကို ကဲ…ဘယ့်နှယ်ရှိစ၊
ခုတော့ ဘာတတ်နိုင်သေးလဲဆိုပြီး လှောင်ပြောင်ရယ်မောနေကြ
တော့မည်ထင်သည်။

တွေးရင်းဖြင့်ပင် ခြိမ့် ငိုချင်လာသည်။ ထို့ကြောင့် မမအိမ့်
ပခုံးမှာ ခေါင်းမှီတင်ပြီး အင့်ခနဲ ရှိုက်ငိုလိုက်သည်။

ပွင့်လင်းသည်းထန်စွာ ငိုချနေသော ခြိမ့်ကိုကြည့်ပြီး အိမ့်ပါ
မျက်ရည်တွေဝဲတက်လာသည်။

“ဒီဘဝ ဒီအခြေအနေမျိုးပြန်ရအောင် မမအိမ့်တို့ ကြိုးစား
ကြတာပေါ့ ခြိမ့်လေးရယ်၊ ဘာမှစိတ်ဓာတ်မကျပါနဲ့”

ခုချိန်မှာ အိမ့်အနေနဲ့ ထိုသို့သာ ဖြေသိမ့်နိုင်ပါသေးသည်။
ရှေ့အနာဂတ်ကို လမ်းလျှောက်တတ်ခါစ ကလေးငယ်တစ်ယောက်
လို ခြေမနိုင်တနိုင် ခနော်နီခနော်နဲ့နှင့် လျှောက်ရဦးမည်။

လဲကျခဲ့မည်ဆိုလျှင်တောင် ဖေးမပေးမယ့် ဆွဲထူပေးမယ့်
မာမီက အနားမှာမရှိတော့။ ကိုယ်က အစ်မကြီးဖြစ်နေသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းလေးရွှေမှ အားကိုးလောက်သော အကြီးတစ်ယောက်အနေဖြင့် နိုင်နိုင်မာမာရပ်တည်နိုင်ဖို့ အင်အားမွေးရမည်။ ညီအစ်မနှစ်ယောက် တစ်ယောက်လက်ကိုတစ်ယောက် ခပ်ရဲရဲဆုပ်ကိုင်ပြီး အားတင်း လျှောက်လှမ်းနိုင်ဖို့အတွက် ဘယ်တုန်းကမှ မမွေးဖူးသောသတ္တိ တွေ မွေးရတော့မည်ပေါ့။

အိမ့် ကိုယ့်ကိုယ်ကို ရဲဆေးတင်သည့်အနေဖြင့် အသက် ကို ခပ်ပြင်းပြင်းရှူလိုက်သည်။

ခြိမ့်ကတော့ ငိုရှုံ့ကောင်းနေဆဲ။

◆ ◆ ◆



## အခန်း (၁၂)

“လာကြ…လာကြ…ကြီးမေက သမီးတို့ကို မနေ့ ကတည်းက ပြောင်းလာမယ်ထင်ပြီး အခန်းကို သန့်ရှင်းရေးတွေ လုပ်ထားတာ”

ဒေါ်ခိုင်မြမြအိမ်ရှေ့ ကားရပ်လိုက်သည်နှင့် အစ်မအပျို ကြီးဖြစ်သူက ဖော်ရွေစွာဖြင့် ပြုံးပြုံးရွှင်ရွှင် ဖိတ်ခေါ်၏။

အိမ့်အနေနှင့် အလိုက်အထိုက် ပြုံးပြပေမယ့် ခြိမ့်ကတော့ ဝစ္စူပွန်နှင့် နေသားမကျသေးသူလို ထုံပေပေ ကပ်တတ်တတ်ဖြင့် မျက်နှာမှာ သိပ်ပြီးမကြည်လင်။

အိမ်ထဲမှ နောက်ထပ်မိန်းမကြီးနှစ်ဦးနှင့် ကိုးနှစ် ဆယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



အချောင် ထလေးမလေးနှစ်ယောက် ထပ်ထွက်လာပြီး အိမ့်တို့ ရှေ့သို့ သွက်လက်စွာဆင်းလာကြသည်။

အထုပ်တွေ သယ်ချဖို့ထင်သည်။ သူတို့ခါးမှ ထဘီတွေကို ခပ်တိုတိုပြင်ဝတ်ကြသည်။

"ပေး…တူမလေး၊ ဒေါ်လေးတိုး သယ်မယ်"

ဒေါ်လေးတိုး ဆိုသူက အိမ့်လက်ထဲမှာဆွဲထားသော အဝတ်သေတ္တာကို သွက်လက်စွာလှမ်းယူလိုက်သည်။ အိမ့် တား ချိန်ပင်မရှိလိုက်။

"မမ…ညီမလေးတို့ပါ ဝိုင်းသယ်မယ်"

ကလေးတွေကပါ ကားပေါ်ကို ခွေ့ခနဲတက်လိုက်ကြပြီး သူတို့နိုင်ရာ အထုပ်အပိုးတွေကို တက်တက်ကြွကြွ သယ်ချကြ၏။

အိမ့် အားနာလိုက်သည့်ဖြစ်ခြင်း။ အိမ့်တို့ကြောင့် အားလုံး အလုပ်တွေရှုပ်ကုန်ကြပြီဟုတွေးပြီး မျက်နှာပင်ပူချင်ချင်။ ထို့ကြောင့် အိမ့်ပါ နိုင်မည်ထင်သည့် သေတ္တာတစ်လုံးကိုဆွဲချလိုက်သည်။

"အမလေး…ပုံစံလေးတွေက နုနုနယ်နယ်လေးတွေနဲ့ ဒီလောက်သေတ္တာအလေးကြီးတွေကို ဘယ်မ နိုင်မှာလဲ၊ ပေးပါ… ပေးပါ…အန်တီစိုးတို့ပဲ သယ်ပါ့မယ်"





အန်တီစိုးဆိုသူက အိမ့်လက်ထဲမှ လှမ်းယူရင်း တဆက်တည်းမှာပင် ဘေးအိမ်ကို စောင်းငဲ့ကြည့်ရင်း

"အလင်းတို့…မောင်နိုင်တို့ရေ…ဘယ်သူရှိကြလဲ၊ ဒီမှာ မန်ဟင်းခါးစားလေး ကြွကြပါဦး"

အန်တီစိုး လှမ်းအော်သံကြောင့် ဘေးအိမ်မှ အိမ့်တို့အရွယ်လောက်ရှိမည့် ယောကျ်ားလေးနှစ်ယောက် စွပ်ကျယ်လက်ပြတ် ဘောင်းဘီပွပွကြီးတွေဖြင့် ကိုးရိုးကားယား ပြေးထွက်လာကြ၏။ သူတို့ပုံစံမှာ ပြာဂလောင် ပြာဂချောင် ပုံစံလေးတွေလို ပါဝါ မျက်မှန်အထူကြီးတွေနှင့် စွပ်ကျယ်လက်ကိုလည်း ပခုံးထက်မှာ ထုံးထားကြသေးသည်။

"ဟား…စောစောစီးစီး လှမ်းအော်လိုက်ပါလား အန်တီ စိုးရာ၊ ဒီကောင့်မှာ ခတ်ကြီးပေါ်ပါးမညီညွတ်လို့ ကြမ်းပြင်နဲ့ ကျောကပ်နေတာများ ခွာမရဘူးဖြစ်နေတာ"

"အေးလေ…အလင်းရေ၊ မောင်နိုင် ကိုယ်လက်လှုပ်ရှားမှုလေးဖြစ်အောင် အန်တီစိုးက ခေါ်အလုပ်ပေးတာ၊ ဒါမှ သွေးလေ ညီညွတ်မှာလေ"

"ဟာကွာ…အလင်းနော်၊ မင်းပြောပုံက ငါကပဲ ငပျင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီး လုံးလုံးဖြစ်နေပြီ”

“ကဲ…ကဲ…စကားကို နောက်မှပြော၊ အရင်ဆုံး အလုပ်နဲ့သက်သေပြကြ”

တက္ကစီမှဆင်းလာသော ဒေါ်နိုင်မြမြ လှမ်းပြောမှပင် အားလုံး အိမ့်တို့ပါလာသမျှ သေတ္တာအချို့ကို အိမ်ထဲသို့ထမ်း၍ ဝင်သွားကြသည်။

အားလုံးသယ်ပြီးသွားတော့ အလင်းဆိုသူရော မောင်နိုင်ဆိုသူပါ မျက်နှာပေါ်မှ စီးကျနေသောချွေးတွေကို သူတို့ကိုယ်မှာ ဝတ်ထားသည့် စွပ်ကျယ်ကို ဆွဲလှန်ပြီး ပွတ်သုတ်လိုက်သည်။

ခြိမ့် သူတို့လုပ်ပုံကိုကြည့်ပြီး ဟွန်းခနဲ မကြားတကြား ပြုလိုက်ကာ မျက်နှာကို ရွံရှာသလို ရှုံ့မဲ့လိုက်သည်။ ခြိမ့် မျက်နှာ ရှုံ့မဲ့သွားတာကို အလင်းမြင်တော့ မျက်မှောင်ကို စုကျုံ့ကာ ခြိမ့်ကို ခပ်စူးစူးစိုက်ကြည့်သည်။

အကြည့်ရဲလွန်းသော အလင်း၏ ရှုတည်တည်မျက်နှာကြောင့် ခြိမ့် မျက်နှာချင်းမဆိုင်လို၍ မျက်နှာကိုတင်းကာ ဖျတ်ခနဲ အကြည့်လွှဲလိုက်သည်။

“ကဲ…အားလုံးပဲ နားထောင်ကြနော်၊ ဒါ စက်ရုံပိုင်ရှင်





ဒေါ်ခင်လတ်ဗိုရဲ့ သမီးနှစ်ယောက်၊ အခြေအနေအရပ်ရပ်ကြောင့် ဒီမှာနေဖို့ အကြောင်းဖန်လာတယ်၊ ဒါကြောင့် ကိုယ့်သွေးသားရင်းလို သဘောထားပြီး ကြင်ကြင်နာနာ နွေးနွေးထွေးထွေး ဆက်ဆံပေးကြပါ”

ဒေါ်နိုင်မြမြစကားကြောင့် အားလုံး လက်ခုပ်တွေ ဖြောင်းဖြောင်းထအောင်တီးကြပြီး ဟေးခနဲ ထအော်ကြသည်။

“စိတ်ချ…ကိုယ့်တူမအရင်းလေးတွေလို တစ်သက်လုံး စောင့်ရှောက်ရမယ်ဆိုရင်လည်း ဘယ်တော့မှ နောင်တမရဘူး၊ ဒီလောက်ချစ်စရာကောင်းတဲ့ တူမလေးနှစ်ယောက်ကို ဘာစိတ်အနှောင့်အယှက်မှမဖြစ်အောင် အားလုံးတာဝန်ယူတယ်”

အန်တီတိုးက ရုတင်းတင်းလေးဖြစ်နေသော ခြိမ့်၏ပခုံးကို ရင်းနှီးစွာ သိုင်းဖက်လိုက်ရင်း လက်မတထောင်ထောင်ဖြင့် ကတိတွေ အထပ်ထပ်ပေး၏။ ခြိမ့် မပြုံးချင် ပြုံးချင်ဖြင့် ပြုံးလိုက်သည်။

“သမီးတို့လည်း မမတို့နှစ်ယောက်ကို ကိုယ့်အစ်မတွေလိုသဘောထားပြီး ဘာခိုင်းခိုင်း အကုန်လုပ်ပေးပါမယ်”

“ဟုတ်တယ်…မီးလည်း မမပုံ့လိုပဲ အကုန်လုပ်ပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"တဲ···အလင်းနဲ့ မောင်နိုင်ရော ကြားတယ်နော်၊ ဒါ အန်တီနိုင့် တူမလေးတွေလိုချစ်ရတဲ့ သူလေးတွေ၊ သူမာမီဆုံးတော့ အန်တီနိုင့်မှာ သူတို့လေးတွေကို စောင့်ရှောက်ရမယ့်တာဝန်ရှိတယ် ဒါကြောင့် မင်းတို့ကလည်း ကိုယ့်နှမလေးတွေလို ဝိုင်းဝန်းပြီး စောင့်ရှောက်ရမယ်နော်"

"ဟုတ်တဲ့ပါ အန်တီထိုင်၊ တားတို့ရဲ့ တူတို့ရေးတွေ တိုဖိရင်ဖိ ချောင့်ရှောက်ပါ့မယ်ရို့ တတိပေးပါရယ်"

မောင်နိုင် မူကြိုကျောင်းသားလေးလို လက်ပိုက်ပြီး မပီကလာ ပီကလာဟန့်ဖြင့် ပြောင်ချော်ချော်ပြောနေသဖြင့် အားလုံး ဝိုင်းရယ်ကြသည်။

အိမ့် တစ်ခဏချင်းမှာကင် ခင်မင်စရာကောင်းသော ထိုအသိုင်းအဝိုင်းလေးထဲမှာ ပျော်ဝင်သွားမိသည်။ ခြိမ့် စိတ်ပျက် သော အပြုံးလေးပြုံးကာ ဟင့်ခနဲ တစ်ချက်ရယ်လိုက်သည်။ ခြိမ့် ရယ်တာကို အလင်းမြင်တော့ သူပါ လိုက်ရယ်၏။

သူများရယ်တိုင်း လိုက်ရယ်လိုက်သော အလင်းကို ခြိမ့် မသိမသာ မျက်စောင်းလေး ခဲလိုက်သည်။

ဘယ်လိုလူလဲမသိဘူး၊ မျက်နှာကိုက ပြောင်စပ်စပ်နဲ့





ရှာတို့မငြိမ်ဘူး။

"ခြိမ့်လေး"

တစ်ယောက်တည်း ခေါင်းငုံ့ပြီး အလင်းကို တိတ်တဆိတ် သေနတ်တုန်း ရှိသေးသည်၊ ဒေါ်နိုင်မြမြ၏ခေါ်သံကြောင့် ခြိမ့် ခေါင်းငုံ့တွေးနေရာမှ ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"ရှင်···အန်တီနိုင်"

"အန်တီနိုင်တို့ မိသားစုတွေက အရမ်းပွင့်လင်းတယ်၊ အဲဒီလိုပဲ အိမ်နီးချင်းတွေကလည်း ပွင့်လင်းပြီး ခင်စရာကောင်း ပါတယ်၊ ကြာရင် ခြိမ့်လေး ဒီမှာပျော်သွားပါလိမ့်မယ်"

"ဟုတ်ကဲ့···အန်တီနိုင်၊ ခြိမ့် နေတတ်အောင် ကြိုးစား ပါ့မယ်"

ခြိမ့် ထိုသို့သာပြောလိုက်သည်။ ဒီထက်လည်း ရှည်ရှည် ဝေးဝေးတွေ ဇာချဲ့ပြီး မပြောတတ်။

"ကဲ···သမီးတို့လည်း နားချင်ပြီပေါ့၊ နားလိုက်ကြဦး၊ အလင်းနဲ့ မောင်နိုင်ရေ··ကူညီလက်စနဲ့ ဒီသေတ္တာတွေကို အိမ်ပေါ် ထပ်က သမီးတို့အခန်းဆီကို ဆက်ပို့ပေးပါဦးကွယ်၊ အဲဒီအတွက် ညကျရင် မင်းတို့ ရုပ်ပြရေးရင် အိပ်ချင်ပြေစားရအောင် လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com

ချဉ်ငန်စဝ်ကလေး လာမယ်၊ မျှော်နေတော့"

အလင်း သေတ္တာကိုဆွဲမကာ လှေကားပေါ်တက်သွား
သော ခြိမ့်ကိုလှမ်းကြည့်ပြီး

"ဟာဗျာ…အန်တီခိုင်ကလည်း ဟိုကောင်မလေးတွေ
ကြားရင် လက်ဖက်သုပ်စားချင်လို့ လာကူညီတယ်ထင်နေပါဦး
မယ်ဗျာ"

အလင်း ထိုသို့ပြောတော့ အနောက်မှာရပ်နေသော အိ
ထံမှ ရယ်သံခပ်တိုးတိုး ထွက်လာသည်။

"မထင်ပါဘူးရှင်၊ အိမ့်တို့ကို ခုလိုကူညီပေးတာနဲ့တင်
စိတ်ထဲမှာ ရှင်တို့ကို ခင်စရာကောင်းတဲ့ အိမ်နီးချင်းတွေပဲလို့
တိတ်တဆိတ် အသိအမှတ်ပြုပြီးသားပါ"

"ခုလို ဒဲ့မြင်ပေးတာ ကျေးဇူးတင်ပါတယ်၊ အဲ…
အစ်မ…အဲလေ…ဟုတ်သေးပါဘူး"

ကိုယ့်ထက် ငယ်ပုံပေါက်သော ကောင်မလေးတွေ
နာမည်ကလည်းမသိ၊ အစ်မဟုခေါ်၍ကလည်း မသင့်တော်သဖြင့်
အလင်း လျှာခလုတ်တိုက်နေသည်။ အိမ့်ကပင် ရယ်ရယ်မောမော
ဖြင့်





"အဟင်း…အိမ့်နာမည်က အိမ့်သဲဖြူပါ၊ ညီမလေး
နာမည်က ခြိမ့်သဲဖြူ၊ အိမ့်နဲ့ ခြိမ့်လို့ပဲ ရင်းရင်းနှီးနှီးခေါ်ပါ"

ဖော်ရွေသိမ်မွေ့သော အိမ့်၏ အပြောချိုချိုလေးတွေကြောင့်
အလင်း အိမ့်ကို ခင်မင်၍သွားမိသည်။

တချို့ အထည်ကြီးပျက်တွေဆိုရင် ရွှေထီးဆောင်းခဲ့စဉ်
တုန်းက မာနလက်ကျန်အကပ်အသပ်လေးဖြင့် ဘဝင်ထိချင်ကြ
သေး။

စောစောက ခြိမ့် ဆိုသော မချောလေးလိုပေါ့။ ဒါပေမဲ့
အလင်းမျက်စိထဲမှာတော့ ထိုမချောလေး တော်တော်လှသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

နားထဲမှ ကျွတ်စီကျွတ်စီအော်နေသော ငှက်ကလေးမျ ၏အသံ တိုးဝင်လာသဖြင့် ခြိမ့်မျက်ဝန်းလေး ဖြည်းညင်းစွာဖွ လာသည်။ အရင်ဆုံး မြင်တွေ့လိုက်ရသည်က ခြိမ့်အခန်းမှာ မျက်နှာကြက်ဖြူဖြူလေးမှာ အလှဆင်တပ်ထားသည့် ကြယ်စုလေ တွေ လခြမ်းကွေးကွေးလေးတွေကို ရာဘာဖြင့်ဖြူလုပ်ထားသည မီးစုန်းပါသည့် အရုပ်ကလေးတွေမဟုတ်ဘဲ သစ်သားတန်းတွေဖြ တွဲကာမိုးထားသော သွပ်မိုးမျက်နှာကြက်များဖြစ်သည်။ ခြိမ့်၏နိုး ခြင်းက ထိုမြင်ကွင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံးကို အင်အ ဆုတ်လျော့သွားစေသည်။





ကိုယ့်အိမ်မဟုတ်ပါလားဆိုသည့် အသိစိတ်က စိတ် အာရုံကို ကြည်လင်လန်းဆန်းမှုမရှိဘဲ လေးလံထိုင်းမှိုင်း၍သွား သည်။

ကျွတ်ခနဲ စုတ်သပ်လိုက်ပြီး ခေါင်းမှဆံစအချို့ကို အဓိပ္ပာယ်မဲ့ ဆွဲဖွလိုက်သည်။ ပြီးနောက် ခေါင်းကို ဘယ်ပြန်ညာပြန် ခပ်ပြင်းပြင်းခါရမ်းလိုက်သည်။

မြင်ကွင်းထဲ ဖျတ်ခနဲဝင်လာသော လူရိပ်နှစ်ခုကြောင့် ဘဆတ်ဆတ်ခါရမ်းနေသော ခြိမ့် ဖျတ်ခနဲရပ်သွားပြီး ခုတင်ဘေး နှလူရိပ်ကို လှမ်းကြည့်လိုက်သည်။

"ဟင်…မင်း…မင်းတို့ ခုတင်ဘေးမှာ ဘာလာထိုင် ပြီး ငါ့ကိုကြည့်နေကြတာလဲ"

ပုံ့ပုံ့နှင့်တုံ့တုံ့ ခြိမ့်အမေးကြောင့် ခစ်ခနဲ ရယ်လိုက်ကြပြီး

"မမကြီးအိမ့်က မမလေးခြိမ့်ကို သွားနှိုးဖို့ လွှတ်လိုက် တာပါ၊ ဒီရောက်တော့ မမခြိမ့်က ခေါင်းမိုးနဲ့ရန်ဖြစ်နေသလို မှုးပြီးစိုက်ကြည့်လိုက်၊ ဆံပင်တွေကိုဖွလိုက်၊ ခေါင်းတွေခါလိုက် လုပ်နေလို့ အိပ်နေရင်း ယောင်နေတာလားဆိုပြီး ကျိန်းသေအောင် ထိုင်ကြည့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ပုံပုံလေး၏ ဖြေရှင်းချက်ကြောင့် ခြိမ့် အိပ်နေရာမှ ဆတ်ခ
ကုန်းထလိုက်ပြီး ကိုယ်ပေါ်မှာခြုံထားသော ဂွမ်းစောင်အပါးလေး
ကို ဖျတ်ခနဲ ဆွဲဖယ်လိုက်သည်။

"ဘယ်နှနာရီရှိပြီလဲ"

"ကိုးနာရီ ထိုးပြီးသွားပြီ၊ ပုံပုံတို့တောင် သွားရတေ
မယ်"

"ဟမ်…ကိုးနာရီထိုးပြီးပြီ ဟုတ်လား"

သူများအိမ်ကိုပြောင်းလာပြီး ပထမဦးဆုံး နံနက်ခင်း
နေဖင်ထိုးမှ နိုးမိသည့်အတွက် ခြိမ့် ကိုယ့်ကိုယ်ကို ဒေါသဖြ
သွားမိသည်။ ဒါဟာ ကိုယ့်အိမ်မဟုတ်တော့ဘူး၊ သူများအိမ်
ဖြစ်နေပြီ။ ဒီလောက်အအိပ်ကြီးရလားဟု ကိုယ့်ကိုယ်ကိုအပြစ်တ
ပြီး အိပ်ခန်းထဲမှ ခပ်သွက်သွက်ထွက်ခဲ့လိုက်၏။

အိပ်ခန်းထဲမှ ထွက်လိုက်သည်နှင့် ဖြန်းခနဲတွေ့လိုက်
သည်မှာ အလင်းကြောင့် ခြိမ့် ရှက်လိုက်သည့်ဖြစ်ခြင်း။ ကိုယ့်ပုံစံ
ဆံပင်ဖွယောင်းယောင်း၊ ဖရိုဖရဲညဝတ်အင်္ကျီနှင့် အိပ်ရာနိုးထ
မျက်နှာခပ်အစ်အစ်။ ရှက်ရွံ့ထူပူသောမျက်နှာဖြင့်ပင် အလင်း
အလွတ်မပေးဘဲ မျက်စောင်းစွေကြည့်လိုက်ပြီး

"ဒီမှာ…သူများအခန်းဝမှာ ဘာလာချောင်းနေတာလဲ"

ဘုဆတ်ဆတ်အမေးကြောင့် အလင်း မီးခလုတ်ကို
ထိုးအပ်ထားသော လက်ဖြင့် ရစ်ပြီး တပ်နေရာမှ မျက်လုံးပြူးသွားပြီး

"ဒီမှာ အမိ…ခင်ဗျားလေးက ကျုပ်ကို နှာဂိုဒေါင်များ
ဆင်နေလို့လား၊ လောကမှာ မိန်းမတွေ အကျည်းအတန်ဆုံးအချိန်
က ငိုနေတဲ့အချိန်ရယ်၊ အိပ်ရာက ခေါင်းစုတ်ဖွားနဲ့ ထလာတဲ့
အချိန်ရယ်၊ ပြီးတော့ ကလေးမွေးခါနီး ဗိုက်နာလို့ အော်ဟစ်နေတဲ့
ခင်လောင်းဘဝရယ်ပဲ၊ ဒီတော့ ခင်ဗျားလေးက အဲဒီထဲမှာ
တစ်ချက်ငြိနေပြီးသားမို့ စိတ်ကိုမဝင်စားဘူး၊ ကျုပ် ဘာလာလုပ်
တာလဲဆိုတာ သိချင်ရင် မျက်ဝတ်တွေနဲ့ပိတ်နေတဲ့ ခင်ဗျားမျက်လုံး
တွေကို သေချာသန့်ရှင်းရေးလုပ်ပြီးမှ လာကြည့်"

"ဘာ…ဘာ"

"ဘာဘာ မလုပ်နဲ့၊ ကွမ်းယာထဲ နှပ်စားမိလိမ့်မယ်"

အလင်း ထိုသို့ပြောပြီး လက်ထဲမှ မီးစမ်းသည့်စတပ်တာ
နှင့် ဝက်အူလက်ကို ခါးကြားထိုးကာ အိမ်ပေါ်မှ ဝေါက်တောက်
ဝေါက်တောက်ဆင်းသွား၏။

ကြိတ်မနိုင် ခဲမရဖြစ်ကာ ကျန်ခဲ့သူက ခြိမ့်ပင်။ လူကို





www.burmeseclassic.com

www.burmeseclassic.com

များ ရစရာမရှိအောင် ပြောသွားလိုက်တာ။ တကယ်မှန်းဖို့ကောင်းတဲ့လူ။ ဒီလူမျက်နှာသာ ဘောလုံးတစ်လုံးဆိုရင် တဖောင်းဖောင်းနဲ့ ထပေါက်သွားအောင် အပ်တွေနဲ့ နေရာအနှံ့ကို တစွပ်စွပ်ဖြင့် မညှာမတာ ထိုးလိုက်ချင်သည်။

ခြိမ့်ကိုကြည့်ပြီး ပုံ့ပုံ့နှင့်တုံ့တုံ့ တခစ်ခစ်ဖြင့် ရယ်ကြဖြင်သည်။

"ဟေ့…မင်းတို့က ဘာလို့လာရယ်နေတာလဲ၊ ငါ့ပုံက အဲဒီအူကြောင်ကျားပြောသလို တော်တော်လေး ရုပ်ဆိုးနေလို့လား"

"မဆိုးပါဘူး၊ အဟီး‥ခစ်‥ခစ်‥ခစ်"

"ဟော…ရယ်ပြန်ပြီ၊ ရယ်ကြောများ ပြတ်ထားကြသလား‥ဟမ်"

"မပြတ်ပါဘူး မမရဲ့၊ ကိုကိုလင်းက မမတို့ ညဘက်လေ့ကျားအတက်အဆင်းလုပ်ရင် မှောင်နေလို့ မီးခလုတ်လာပြင်ပေးတာပါ၊ သူက မမ အိပ်ရာက မနိုးသေးမှန်းတောင် သိတာမဟုတ်ဘူး"

"ဟင်…ဟုတ်လား"

"ဟုတ်တယ်၊ ဒီအိမ်မှာ မီးခလုတ်တွေပဲပျက်ပျက်၊





ပဲပျက်ပျက် ကိုကိုလင်းပဲ လာပြင်ပေးတာလေ"

လူတစ်ဖက်သားကို မစူးစမ်း မဆင်ခြင်ဘဲ ကိုယ့်ဘက်ကင်းစဖြစ်ခဲ့မိသည့်အတွက် ရင်ထဲမှာ အမှန်ပင် အားနာမိသော်ညး ပြန်တောင်းပန်ဖို့တော့ စိတ်ကူးပင်မရှိ။

ကိုယ့်ကိုပြောသွားတာ ရစရာမှမရှိတာ။ ဒီကြားထဲ ခြိမ့်စ်လုံးကို မျက်ဝတ်တွေ ဝိတ်နေသလေး ဘာလေးနဲ့။

ခြိမ့် သူ့မျက်ဝန်းကို မျက်ဝတ်ရှိ မရှိ ယောင်ယမ်း၍ခိုလိုက်သည်။ ဘာမျှမရှိ။ တော်သေးသည်ဟု ကိုယ့်ကိုယ်ကိုသိမ့်လိုက်မိသည်။

စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ၊ ရယ်ချင်သွား၍ ခပ်ိုးတိုးရယ်လိုက်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဟော…ခြိမ့် နိုးပြီ၊ လာ…သမီး ဒီမှာ ပဲပြုတ်ထမင်းဆီဆမ်းနဲ့ ငါးပိကြော်လေး လာစားလှည့်"

စားပွဲဝိုင်းပေါ်တွင် အဆင်သင့်ပြင်ပေးထားသော စားစရာသောက်စရာကို ခြိမ့် သိပ်မနှစ်မြို့သလို ကြည့်လိုက်သည်။

ခြိမ့်က အိပ်ရာမှနိုး၍ မော်နင်းစာစားလျှင် ညကတည်းက မာမီ ဖုန်းနှင့်လှမ်းမှာထားသည့် နာမည်ကြီးရှမ်းဆိုင်တစ်ဆိုင်က တို့ဟူးနွေးတို့ ဖက်ထုပ်ကြော်တို့ ခြီးရှည်တို့ကိုစားတာ။ ပြီးလျှင် ဗီယက်နမ်ကော်ဖီမစ်လေး တစ်ခွက်ကို စိမ်ပြေနပြေ ထိုင်သောက်သည်။





ဒါမှမဟုတ်လျှင် ဒေါ်စိန်ရဲ့ မုန့်ဟင်းခါးကို ငါးဖယ်ကြော်နှင့် အိုးဘဲဥထည့်ကာ စားတတ်သည်။ တစ်ခါတစ်ရံ ရွှေတောင်ခေါက်ဆွဲလေးကို အပြောင်းအလဲဖြစ်စေရန် စားသည်။

"ခြိမ့်…ထိုင်လေ၊ ဒီထဲမှာ အန်တီနိုင် ကော်ဖီထည့်နှပ်ထားတယ်၊ သမီးအကြိုက် ခါးခါးလေး"

ဒေါ်နိုင်မြမြ ခြိမ့်လက်မောင်းကို ကိုင်ကာ ခုံမှာထိုင်စေ၍ ခြိမ့်ရှေ့မှ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

စိတ်ထဲမှာ ထို ပဲပြုတ်ထမင်းဆီဆမ်းကို သိပ်မနှစ်သက်လှပေမယ့် အိမ်မှာတုန်းကလို မာမီနဲ့မမကို ဂျိုဂျောင်ကျပြီးလှည့်ရစ်လို့မှမရတာ။ ထို့ကြောင့် ပန်းကန်ထဲမှ တပ်ထားသော ဇွန်းဖြင့် ဟိုမွှေဒီနယ်လုပ်ကာ မစားချင်စားချင် ဗိုက်ပြည့်အောင်တော့စားမှဖြစ်မည်။ ခန္ဓာကို အစာကောင့်သည်ဟု ပြောခဲ့ဖူးသောမာမီ့စကားကို တစ်သဝေမတိမ်း ကြားယောင်ကာ ပန်းကန်ထဲမှ ပဲပြုတ်ထမင်းတွေကို ဇွန်းဖြင့် အဆက်မပြတ်ခပ်ကာ ပလုတ်ပလောင်း စားပစ်လိုက်သည်။ ဖို့ချင်သလိုလိုဖြစ်ပေမယ့် အန်တီနိုင်ရှေ့မှာမို့ မပျို့မအန်ရဲ။ အဆင်သင့်ဖျော်ပေးထားသော ကော်ဖီခွက်ကိုလှမ်းယူပြီး အဖုံးဖွင့်ကာ ကော်ဖီနှင့် နင်နေသောထမင်းကို



www.burmeseclassic.com

www.burmeseclassic.com



မျှော်ချရသည်။

"ငါ့သမီးခြိမ့်က ပဲပြုတ်ထမင်းကို ကြိုက်ပုံရသားပဲ"

အန်တီနိုင်ကတော့ သူ အဆင်သင့်ပြင်ပေးထားသော ထမင်းကို ခြိမ့် ခံတွင်းတွေ့နေသည်ထင်၍ သဘောကျနေရှာသည်။

"ဟုတ်ကဲ့…ခြိမ့် ကြိုက်ပါတယ် အန်တီနိုင်"

"အေးပါ…ကြိုက်ရင် များများစား၊ ငါ့တူမလေးတွေက လှတ ပတ အလန်းစားလေးတွေ၊ အစားသိပ်မစားလို့ ပိန်သွားတယ်ဆိုတာ အဖြစ်မခံနိုင်ဘူး"

သွေးရင်းသားရင်း တူမတွေလို သဘောထားပြီးပြောနေသော အန်တီနိုင် နောက်ကျောပြင်ကိုကြည့်ပြီး ခြိမ့်ရင်ထဲ မိသားစုလို စိတ်ခံစားမှုမျိုး ဝင်လာကာ ရင်ထဲမှာ နွေးခနဲဖြစ်၍သွားသည်။

"မမအိမ့်ရော အန်တီနိုင်"

"ဂျာနယ်နဲ့ မဂ္ဂဇင်းတိုက်တစ်ခုမှာ သတင်းထောက်လိုတယ်လို့ အခွင့်အလမ်းဂျာနယ်မှာပါလာတာနဲ့ ရလိုရငြား သွားလျှောက်ကြည့်မယ်ဆိုပြီး ထွက်သွားတယ်"

"ဟွန်း…မမက ခြိမ့်ကိုကျတော့ မခေါ်ဘူး"

"ခြိမ့်လေး အိပ်နေတာနဲ့ မခေါ်သွားတာ"



"ဟင်…ဒါနဲ့ အလုပ်လျှောက်ဖို့ ဘွဲ့လက်မှတ်တစ်ခုက ပြီး ဘာထောက်ခံစာမှမပါဘဲနဲ့ ဘယ်လိုသွားလျှောက်မလဲ"

"ဘာမှမပူပါနဲ့၊ အဲဒီမဂ္ဂဇင်းတိုက်က အလင်းနဲ့သိတယ် ဆော၊ သူငယ်ချင်းလို့ပြောရင်လည်း ရတယ်၊ အခု အိမ့်ကို သူခေါ် သွားပေးတာ"

"သြော်"

ခြိမ့် ကော်ဖီခါးစိမ့်စိမ့်လေးကို ဇိမ်ခံသောက်ရင်း သြော် ပြောလိုက်ပြီး တခြားအိမ်သားတွေပါ မတွေ့ရတာကို သတိ ားမိသွားသည်။

"အန်တီနိုင် အိမ်မှာ ဘယ်သူမှမရှိကြဘူးလား၊ ကလေး တွေရော"

"ကလေးတွေက ကျောင်းသွားကြပြီ၊ မမကြီးက ဘုန်းကြီး ကျောင်း ဆွမ်းချိုင့်သွားပို့တယ် မတိုးက မနက်ဖြန်စာအတွက် ဈေးသွားဝယ်တယ်၊ မစိုးက မီတာသွားဆောင်တယ်၊ မိုးလင်းရင် အားလုံး အိမ်ကနေ အကြောင်းတစ်ခုခုနဲ့ ထွက်ကြရတယ်၊ ခု လောလောဆယ် အန်တီနိုင်ကတော့ အိမ်မြဲနေရတာပေါ့၊ အဟင်း… ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီနိုင် တခြားအလုပ်လေး ဘာလေး ရှာမကြည့်တော့ဘူးလား"

ခြိမ့်အမေးကြောင့် အန်တီနိုင် ခပ်ကျဲကျဲလေးရယ်လိုက်ပြီး

"အန်တီနိုင် ကုမ္ပဏီတွေမှာ မလုပ်ချင်တော့ဘူး ခြိမ့်ရယ်၊ ကိုယ့်အသက်အရွယ်နဲ့ ပညာ ဘယ်လောက်တတ်တတ် အတွေ့အကြုံဘယ်လောက်ရှိရှိ ခုခေတ်လူငယ်တွေနဲ့ယှဉ်ပြီး စီးပွားရေးအမြင်တွေ ဈေးကွက်တွေ ထပ်မရှာနိုင်တော့ဘူး"

"ဟင်…ဒါဆို အန်တီနိုင် ဘာလုပ်မယ်စိတ်ကူးလဲ"

"ရှိတဲ့ ရွှေတိုရွှေစလေးတွေ ထုခွဲရောင်းချပြီး ဈေးထဲမှာ ကုန်ခြောက်ဆိုင်လေးတစ်ဆိုင်လောက် တည်မလားလို့"

"အင်း…ဒါလည်းကောင်းတာပဲ၊ ကိုယ်ပိုင်စီးပွားရေးဆိုတော့ ဘယ်သူ့မျက်နှာမှ ကြည့်စရာမလိုတော့ဘူး၊ ကိုယ်ပဲ အလုပ်ရှင်၊ ကိုယ်ပဲ အလုပ်သမား"

"မနိုင်ရေ…ဒီနေ့ ဈေးမှာ ပုစွန်တွေ ပေါလိုက်တာဟယ်"

"ဟုတ်လား…များများရော ဝယ်လာခဲ့ရဲ့လား"





အန်တီတိုး ဈေးခြင်းဖြင့်ဝင်လာပြီး ပုစွန်တွေပေါကြောင်းအန်းပြောသဖြင့် ခြိမ့် ပြောလက်စ စကားကိုရပ်ကာ အန်တီတိုးဆွဲခြင်းကို လှမ်းကြည့်လိုက်သည်။ အန်တီတိုး ဆွဲခြင်းကို နောက်ဖေး ရေကပြင်ပေါ်မှာ သွားချလိုက်ပြီး ခြိမ့် ထိုင်နေသော စားပွဲဆီသို့ ပြန်လျှောက်လာပြီး ခြိမ့် သောက်ပြီးသား ကော်ဖီလက်ကျန်ကို အမောပြေ ကောက်မော့လိုက်သည်။

"ဆိုင်ခန်းကိစ္စ စုံစမ်းခဲ့တယ် မနိုင်"

"ဟုတ်လား…ဘာတဲ့လဲ"

"ရွှေပြည်စံဆေးဆိုင်က သူ့မှာ ဆိုင်ခန်းအပိုတစ်ခန်းရှိတယ်တဲ့၊ နေရာလေးလည်းကောင်းတယ်၊ ငါးစိမ်းတန်းကိုသွားတဲ့ ဝင်ဝင်ချင်းအပေါက်ဆောက ဆိုင်ခန်း၊ အခုလက်ရှိ ပရဆေးဆိုင်ဖွင့်ထားတယ်"

"ပရဆေးဆိုင်ဖွင့်ထားတယ်ဆိုတော့ ဘယ်လိုပုံစံနဲ့ငှားမှာလဲ"

ဒေါ်နိုင်မြမြ ဆေးပြီးသားပန်းကန်တွေကို ပန်းကန်စင်ပေါ်မှောက်ရင်း စိတ်လောကြီးစွာ မေးလိုက်သည်။

"ပရဆေးဆိုင်က ဒီလကုန်ရင်ပိတ်မှာ၊ အဲဒီအဆိုးကြီးက



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးသိပ်မကောင်းလို့တဲ့"

"ဒါဆို ဆိုင်လခကရော"

"စပေါ်က သုံးသိန်း၊ လခက သုံးသောင်းခွဲ၊ တစ်လ ချင်းစီ ပေးသွားလို့ရတယ်တဲ့၊ ဆိုင်တံခါးတွေကို အသေအချာ ပြန်ပြင်ပေးမယ်တဲ့၊ ဆေးတွေ ဘာတွေလည်း ပြန်သုတ်ပေးမယ် လို့ပြောတယ်"

"မဆိုးပါဘူး၊ စပေါ်သုံးသိန်းကလည်း ကိုယ့်ပိုက်ဆံ အချိန်တန် ပြန်ရမှာ၊ လခကလည်း သုံးသောင်းခွဲဆိုတော့ တစ်နေ့ ကို တစ်ထောင်ကျော်လေးပဲကျတယ်၊ ဈေးကောက်ပေးသလောက် ပဲ ရှိပါတယ်"

ဒေါ်နိုင်မြမြ သူ့တွက်ကိန်းနှင့်သူ ဆိုင်ခန်းငှားဖို့ကို ဆုံးဖြတ်နေသည်။

"ဒီတစ်ပတ်အတွင်းတော့ အကြောင်းပြန်ပါတဲ့၊ ဝက်သား ရောင်းတဲ့ အတီးကလည်း သူတို့ကိုငှားနေတာ၊ သူတို့က ဆိုင် ညစ်ပတ်မှာစိုးလို့ ကုန်ခြောက်သမားကိုပဲ ဦးစားပေးငှားမှာလို့ ပြော လိုက်တယ်"

"ဒီတစ်ပတ် အကြောင်းပြန်တာတော့ ဟုတ်တယ်လေ၊





ဒေါ်တို့မှာရှိတဲ့ ပစ္စည်းတွေ ထုခွဲရောင်းချဖို့မှ မစီစဉ်ရသေးတာ၊ နောက်ပြီး ကုန်တွေဝယ်ရဦးမှာဆိုတော့ ရွှေရောင်းရတဲ့ငွေက ဆိုင် စပေါ်ရော၊ ကုန်ဝယ်ဖို့ရော လောက်ပါ့မလားလို့ ချိန်နေတာလေ၊ ဆိုင်ခန်းဆိုတာကလည်း စဖွင့်ချင်းမှာ ပစ္စည်းစုံမှ ဝယ်သူစိတ်ဝင် စားမှာ၊ အမြတ်ကလည်း တခြားဆိုင်တွေလို အများကြီးတင်လို့ ရဘူး၊ နောက်ပြီး ဈေးရောင်းတယ်ဆိုတာ တစ်ရင်းတည်းနဲ့မရ ဘူး၊ နှစ်ရင်း သုံးရင်းလောက် ဆောင်ထားမှ လုပ်ငန်း ပုံမှန်လည် ပတ်နိုင်မှာ"

တက်ကြွနေရာမှ ခပ်ညည်းညည်းလေး ပြန်ပြောနေသော ဒေါ်နိုင်မြမြစကားကြောင့် ခြိမ့်ပါ ဝင်ပြီးအာရုံစားသွားသည်။ ထို့နောက် အကြီတစ်ခုရကာ လက်မှာဝတ်ထားသော လက်စွပ် လေးကိုကြည့်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ခပ်ပိုင်ပိုင်ချလိုက်သည်။

ခြိမ့်လုပ်ရပ်ကို မမအိမ့်လည်း သဘောတူမှာပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ခြိမ့် တစ်ခါမှ လိုင်းကားမစီးဖူး၍ လိုင်းကားစီးဖို့ အတော် လေးကို တွန့်ဆုတ်နေသည်။ လာသမျှကားတွေကလည်း ခရီးသည် တွေ အပြည့်တင်လာသဖြင့် ခြိမ့် တိုးတက်ဖို့ဆိုတာ ဘယ်လို မလွယ်ကူတဲ့ကိစ္စ။

ခြိမ့် သက်ပြင်းတွေ အကြိမ်ကြိမ်ချပြီး ကားငှားဖို့ စဉ်းစား သည်။

"ခြိမ့်သဲဖြူ"

ခြိမ့်အနားသို့ ကျွီခနဲထိုးရပ်လာသော ဓိမ်ခံကားတစ်စီး ကြောင့် ကားထဲမှလူကို ခြိမ့် ကြည့်လိုက်သည်။





မြင်ဖူးသလိုလိုရှိနေပေမယ့် ဘယ်သူဆိုတာကို ဖြန့်စား [illegible]း မဝေခွဲနိုင်။

"ဟဲ့...နင် ငါ့ကိုမမှတ်မိဘူးလား၊ ငါတို့ ကိုးတန်းနှစ် [illegible]နှ်းက တစ်ခုံတည်း အတူထိုင်ခဲ့ကြတာလေ၊ ကျော်ဇော်မြတ် လေ"

ဒီတော့မှ ငယ်ရုပ်ကိုပြန်ဖမ်းမိပြီး ခြိမ့် မျက်နှာလေး ပြုံးယောင်သမ်းသွားကာ

"သြော်...မှတ်မိပြီ၊ ပေါက်စီ...ပေါက်စီ မဟုတ်လား"

ခြိမ့် နာမည်ပြောင် ခေါ်လိုက်သဖြင့် ကျော်ဇော်မြတ် ဟားဟားဖြင့်ရယ်ကာ ခေါင်းညိတ်လိုက်ပြီး

"နင်က ဒီနာမည်ကိုတော့ ရင်ထဲမှာ စွဲနေသေးတယ် ပေါ့လေ၊ ကဲ...နင် အခု ဘယ်သွားမလို့လဲ၊ ဘယ်မှာနေတာလဲ၊ ပါလိုက်ပို့ပေးမယ်၊ တက်လေ"

"ငါ မြို့ထဲဘက် ခဏသွားမလို့ဟ၊ လိုင်းကားတွေက အရမ်းကျပ်နေတော့ ဘယ်လိုလုပ် တိုးတက်ရမလဲစဉ်းစားပြီး ညစ်နေတာ"

"ကဲပါ...အခု ကယ်ရီရိုက်မယ့်သူပေါ်လာပြီလေ၊



www.burmeseclassic.com

www.burmeseclassic.com



တက်ပါ..ငါလိုက်ပို့ပေးမယ်"

ငယ်သူငယ်ချင်းတွေမို့ ခြိမ့် ဈေးမကိုင်လိုတော့သ
သူဖွင့်ပေးသော ကားတံခါးမှဝင်ပြီး ထိုင်လိုက်သည်။ မူနေ၍လ
မဖြစ်၊ ဒီလောက်ကျပ်ထုပ်နေတဲ့ကား စီးမှာထက်စာရင် ကျော်
မြတ်၏ စိမ်ခံကားကို စီးတာကမှ သက်သောင့်သက်သာရှိဦးမ
ပြင်ပမှ လူပူတွေကြောင့် ပူလောင်နေသည့် အသာ
တွေမှာ ကျော်ဇောမြတ်၏ စိမ်ခံကားထဲမှ အဲယားကွန်းအငွေ့အေ
အေးစိမ့်စိမ့်ကြောင့် နေလို့ထိုင်လို့ကောင်းသွားသည်။

"နင် အခု ဘာလုပ်နေလဲ ကျော်ဇော"

"ကားတွေ ဝယ်ရောင်းလုပ်နေတယ်၊ နောက်ပြီး အင်
နက်ဆိုင်တွေ ဆယ်လုံးလောက်ဖွင့်ထားတယ်၊ ကုမ္ပဏီတစ်
လည်း ရှယ်ယာဟိုဒါတစ်ယောက်ပေါ့၊ အဲ...နောက်တစ်
ရွှေဆိုင်ဖွင့်ထားခြင်းပေါ့"

"ဒါဆို နင်က ဘောစိပေါ့"

ခြိမ့်စကားကြောင့် ကျော်ဇောမြတ် ဟက်ခနဲရယ်ရ

"ဒီလောက်လည်း မစိပါဘူးဟာ၊ တကယ်တမ်း ဘေ
က နင်တို့ပဲဟာ၊ ဒါနဲ့ ကားရော မအားလို့လား၊ အရင်က ဘေ

တက်ရင် အိမ်ကကားနဲ့မဟုတ်လား၊ နေဦး...နင့်မှာ အစ်မ
တစ်ယောက် ရှိသေးတယ်နော်"

သိချင်စိတ်တွေများနေသော ကျော်ဇောမြတ်စကားကြောင့်
ခြိမ့်တို့ဘဝအခြေအနေကို ဘယ်လိုပြောရမှန်းတောင် မသိတော့။

"ငါတို့ အရင်ကချမ်းသာပေမယ့် အခု မချမ်းသာတော့
ဘူး၊ ငါ့မာမီ ဆုံးပြီးကတည်းက ငါတို့ညီအစ်မနှစ်ယောက် ဘဝမှာ
အဆင်မပြေတာတွေကိုပဲ မိတ်ဆွေဖွဲ့ခဲ့ရတာ၊ အခု မွဲနေပြီလေ"

ကျော်ဇောမြတ် မေးပြီးမှ အားနာသွားဟန်ဖြင့် ခြိမ့်ကို
တရဏာသက်စွာ လှည့်ကြည့်လိုက်သည်။ ခြိမ့်က အဝေးကိုသာ
ငေးကြည့်နေလိုက်သည်။ ကျော်ဇောမြတ် ခေတ္တမျှတိတ်ဆိတ်သွား
ပြီးမှ

"နင့်ကို ငါ ဘယ်ပို့ပေးရမလဲ"

"ရွှေဆိုင်"

"ရွှေသွားလုပ်တော့မယ်ပေါ့"

"ဘယ်ကလာ...သွားရောင်းမလို့"

"ဟာကွာ...ငါ နင့်ကို ဘာတွေမေးမိနေမှန်း မသိတော့
ပါဘူး၊ ငါမေးလိုက်တိုင်း နင့်နှုတ်က အဆင်မပြေတဲ့အကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ ကြားနေရတယ်"

ကျော်ဇောမြတ် စိတ်မကောင်းကြီးစွာ ပြောလိုက်သော စကားအဆုံး ခြိမ့် ခပ်မဲ့မဲ့ရယ်လိုက်ပြီး ပခုံးကို ဆတ်ခနဲတွန့်လိုက်သည်။

"ဟိုလေ…နင် လက်ခံမယ်ဆိုရင် ငါ နင့်ကိုကူညီလို့ မလား၊ နင် ရွှေသွားရောင်းစရာမလိုတော့ဘူးလေ၊ ငါတို့က ငယ် သူငယ်ချင်းတွေပဲ၊ ရှက်စရာ မျက်နှာပူစရာမှမဟုတ်တာ"

"နင့်ကို ငါ ကျေးဇူးတင်ပါတယ် ကျော်ဇောမြတ်ရယ် ဒါပေမဲ့ ခုမှပြန်တွေ့တဲ့ သူငယ်ချင်းဆီမှာ အခွင့်အရေးမလိုချင်ဘူး လက်ဝတ်လက်စားဆိုတာ မရှိဝမ်းစာ ရှိတန်ဆာပဲလေ၊ ဒီထက် အင်အားကြီးမားတဲ့ ပိုင်ဆိုင်မှုတွေတောင် နေ့မြင်ညပျောက်ဆိုသလို ဆုံးရှုံးပျက်စီးခဲ့ရသေးတာပဲ၊ ဒီလောက်လေး ဆုံးရှုံးရတာလောက် တော့ ငါ့အဖို့ ထူးပြီးစာဖွဲ့မနေတော့ပါဘူး"

အေးတိအေးစက်လေသံဖြင့် ငြင်းပယ်လိုက်သော ခြိမ့်ကို ကြည့်ပြီး ကျော်ဇောမြတ် အတင်းအကျပ်မပြောတော့ဘဲ ကားကို ခပ်တိတ်တိတ်မောင်းလာလိုက်သည်။

ခြိမ့်လည်း လမ်းမတွေရှိ ဈေးဆိုင်တွေ၊ လမ်းသွားလမ်း





လာတွေကိုငေးရင်း ငြိမ်သက်စွာ လိုက်ပါလာလိုက်သည်။

လမ်းမတော်လမ်းရောက်တော့မျှ လူရှင်းသည့် လမ်းဘေး တစ်နေရာတွင် ထိုးရပ်လိုက်ပြီး

"ဆိုင်ထဲကို ငါ အဖော်လိုက်ပေးရဦးမလား၊ ပြီးရင် နင့်ကို ငါ အိမ်လိုက်ပို့ပေးမယ်လေ၊ အပြန် ငွေထုပ်နဲ့ လိုင်းကားစီး သို့ အဆင်မပြေလောက်ဘူး"

ခြိမ့် ခပ်လွင်လွင်လေး ရယ်လိုက်ပြီး

"ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပဲ ပို့တော့မယ်ပေါ့ ဟုတ် လား၊ ငါကလည်း လိုင်းကားစီးကျင့်မရှိတော့ မစီးချင်ဘူး၊ နင် လိုက်ပို့မယ်ဆိုရင်တော့ အဆင်သင့်တာပေါ့ဟယ်"

ထို့နောက် ရွှေဆိုင်ထဲသို့ ကျော်ဇောမြတ်ပါ ခြိမ့်အနားမှ တကောက်ကောက်ပါလာ၏။

ခြိမ့် ရှက်စိုးပေမယ့်လည်း ဒါ ခြိမ့်ရဲ့ဘဝအသစ်ပဲလေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဒီ…ဒီငွေတွေက ဘယ်ကရတာလဲ ခြိမ့်"

အိမ့်အမေးကြောင့် ခြိမ့် ပြုံးလိုက်သည်။ ပြီးနောက် သူမ၏ လက်သူကြွယ်လေးကို ထောင်ပြ၏။ အိမ့်ပါးစပ်အဟောင်းသား လေးဖြင့် ခြိမ့်ကို တအံ့တဩကြည့်ပြီး

"လက်စွပ်ရောင်းလိုက်တာ ဟုတ်လား"

ခြိမ့် ခပ်ပြုံးပြုံးအမူအရာဖြင့် ခေါင်းလေး ဆတ်ခနဲညိတ်ပြ၏။

"ဒီညီအစ်မတွေ အိပ်ကြပြီလား"

အခန်းအပြင်မှ ဒေါ်နိုင်မြမြ၏အသံကြောင့် အိမ့် ခုတင်





…တွင်ထိုင်နေရာမှ အခန်းဝသို့လျှောက်သွားပြီး တံခါးဂျက်ဖွင့် …လိုက်သည်။

"အန်တီနိုင် မအိပ်သေးဘူးလား"

"ပူလို့အိုက်လို့ အိပ်လို့မရပါဘူးကွယ်၊ ဒါကြောင့် ငါ့တူမ …တွေနဲ့ စကားပြောမလားလို့ ထလာတာ"

ဒေါ်နိုင်မြမြ လက်ထဲမှ ကိုင်ထားသော ယပ်တောင်ကို …တ်ဖျတ်ခတ်ရင်း ခြိမ့်ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ဟင်…ငွေတွေပါလား"

ဒေါ်နိုင်မြမြ ပိုက်ဆံအုပ်တွေကိုမြင်တော့ တအံ့တဩ …၏။

"အိမ့်လည်း ညီမလေး ဒါကိုဘယ်ကရလဲလို့ ခုပဲမေး …တာ အန်တီနိုင်ရယ်"

ဒေါ်နိုင်မြမြ ခြိမ့်နားကပ်၍

"ခြိမ့်လေး…ဒီပိုက်ဆံတွေ ဘယ်ကရလာတာလဲ"

"ဟာ…အန်တီနိုင်ကလည်း ခြိမ့်က မဟုတ်တာ ဘာမှ …ပ်ဘူး၊ ဟောဒီမှာဝတ်ထားတဲ့ ခြိမ့်ရဲ့လက်စွပ်ကလေး သွား …င်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အလိုတော်…ဘုရားရေ၊ ဘာတွေများ အရေးတကြီး အသုံးလိုနေလို့ သွားရောင်းလိုက်တာလဲကွယ်၊ အကယ်၍ အသုံး လိုလို့ ငွေလိုရင်လည်း အန်တီခိုင့်ကို ပြောပါလားကွယ်"

ဒေါ်ခိုင်မြမြ နှမြောတသစွာဖြင့် ရင်ဘတ်စည်တီးဆို

"ခြိမ့် အသုံးလိုလို့ မဟုတ်ပါဘူး၊ အန်တီခိုင်များ အသုံး လိုမလားလို့ထင်ပြီး သွားရောင်းလိုက်တာ၊ မနက်ကျမှပဲပေးမ လို့ စိတ်ကူးထားတာ၊ ခု အန်တီခိုင်ရောက်လာပြီဆိုတော့ တစ် တည်းသာ ယူသွားလိုက်တော့"

"အို…မဟုတ်တာပဲ၊ မယူပါရစေနဲ့ကွယ်၊ သမီးတို့ ပြုစုစောင့်ရှောက်ရမှာက အန်တီခိုင့် တာဝန်ပါ၊ သမီးတို့ဆီ ထောက်ပံ့မှုကို အန်တီခိုင် ယူလို့ဘယ်တရားပါ့မလဲ"

"ဘာဆိုင်လို့လဲ အန်တီခိုင်ရယ်၊ ခုချိန်မှာ အန်တီခိုင် ခြိမ့်တို့ရဲ့ အုပ်ထိန်းသူဆိုရင်လည်း မမှားဘူးလေ၊ မိသားစု တစ်သားတည်းဖြစ်သွားတဲ့အချိန်မှာ ဒီအိမ်ရဲ့စီးပွားရေး၊ လူ ကိစ္စအဝဝကို ဝိုင်းဝန်းဖြေရှင်းဖို့ ခြိမ့်တို့ညီအစ်မမှာလည်း တာ ရှိတာပဲ"

ခြိမ့် လေးလေးနက်နက်လေးပြောတော့ ဒေါ်ခိုင်မြ





မျက်ရည်စို့ရပြီ။ တစ္စတ်ထိုးဆန်ပြီး ကလေးလိုနေတတ်တဲ့ ခြိမ့်က ခုလိုကျတော့လည်း ရင့်ကျက်သွားလိုက်တာ ယုံနိုင်ဖွယ်ရာပင်မရှိ။

ဒေါ်ခိုင်မြမြ တင်မဟုတ်၊ အိမ့်ပါ ညီမလေးခြိမ့်၏ တာဝန် သိစိတ်ကို မချီးကျူးဘဲ မနေနိုင်။

"ဒါပေမဲ့ အန်တီခိုင် မယူပါရစေနဲ့ကွယ်၊ သမီးတို့ဘက် က ဘာထောက်ပံ့မှုမှမရလည်း အန်တီခိုင် အသက်ရှင်နေသရွေ့ သမီးတို့ကို တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်နိုင်ပါတယ်ကွယ်၊ အဲဒါကိုတော့ စိတ်ချလက်ချ ယုံပေးပါ"

ဝမ်းသာလွန်း၍ ငိုသံပင်ပါနေသော ဒေါ်ခိုင်မြမြကိုကြည့် ပြီး အိမ့်တို့ညီအစ်မနှစ်ယောက် ဒေါ်ခိုင်မြမြ၏ မေတ္တာတရားကို အပြည့်အဝ နားလည်ပေးနိုင်ခဲ့ပါသည်။

"ညီမလေးက သူ့စိတ်ကူးနဲ့သူ အကောင်အထည်ဖော် လာတဲ့အတွက် မငြင်းပါနဲ့တော့ အန်တီခိုင်ရယ်"

အိမ့်ပင် ကြားထဲမှဝင်ပြီး ထိုငွေတွေကိုယူရန် အတင်းပင် တိုက်တွန်းရ၏။ ဆိုင်ခန်းထွက်ဖို့ ငွေလိုနေတာ အိမ့်လည်းသိသလို ခြိမ့်လည်း သိနေခဲ့သည့်အတွက် ခြိမ့်လုပ်ရပ်ကို အပြစ်မတင်ရက် တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်တီခိုင်ရဲ့၊ အန်တီခိုင် ဈေးဆိုင်ထွက်ရှိ ငွေလိုနေတာ ခြိမ့် သိနေတာပဲ၊ စီးပွားရေးလုပ်တာ အန်တီခိုင်ပြောသလို ငွေအရင်းအနှီး သုံးလေးခုလောက်တော့ ရှိသင့်တယ်မဟုတ်လား၊ ခြိမ့် စေတနာနဲ့ တာဝန်သိစိတ်ကို အသိအမှတ်ပြုမယ်ဆိုရင်လေ ဒီငွေတွေကို လက်ခံဖို့ မငြင်းပါနဲ့၊ တကယ်လို့ငြင်းမယ်ဆိုရင် ခြိမ့်တို့ ညီအစ်မ ဒီမှာမနေတော့ဘူး၊ အဆောင်မှာပဲ သွားနေတော့မယ်"

ထိုသို့ဆိုပြန်တော့ ဒေါ်ခိုင်မြမြ ထိတ်ထိတ်ပျာပျာ ဖြစ်ရပြန်၏။

"အမလေး…အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့၊ သမီးတို့ညီအစ်မ တစ်ခုတစ်ခုမှားယွင်းခဲ့ရင် ခင်လတ်က တမလွန်ကနေအန်တီခိုင့်ကို ခွင့်လွှတ်မှာမဟုတ်ဘူး"

"ဒါဆိုရင် လက်ခံလိုက်ပေါ့လို့"

ခြိမ့် ငိုမဲ့မဲ့မျက်နှာလေးဖြင့် ထပ်တိုက်တွန်းတော့ဒေါ်ခိုင်မြမြ ထပ်ပြီးမငြင်းရက်တော့။ ထို့နောက် မတတ်သာသည့်သက်ပြင်းကို ခမ်လေးလေးချကာ

"ကဲ…ကောင်းပါပြီကွယ်၊ အန်တီခိုင် လက်ခံပါတော့





မယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ဒီဈေးဆိုင်ရဲ့ ရင်းနှီးမြှုပ်နှံမှုထဲမှာ ခြိမ့်လေး ရှယ်ယာထည့်တယ်လို့ သဘောထားပြီး ရရှိတဲ့အကျိုးအမြတ်ထဲက ထိုက်သင့်တဲ့အမြတ်ငွေ ဝေစုကိုလည်း ရှေ့ရေးအတွက် လက်ခံရမယ်၊ ဒါကို သဘောတူရင် သမီးတို့ငွေတွေကိုအန်တီခိုင် လက်ခံမယ်"

"အိုကေလေ…အန်တီခိုင် ဘယ်လိုပဲလုပ်လုပ် ဒါဟာမိသားစုအကျိုးအမြတ်အတွက်ပဲ စိတ်မှာမှတ်လိုက်ပြီး လက်ခံပါ့မယ်"

"လိမ္မာလိုက်တဲ့ သမီးလေးတွေရယ်၊ ခင်လတ်သမီးတွေမို့လောက် လိမ္မာယဉ်ကျေးပြီး သိတတ်နားလည်လိမ့်မယ်လို့အန်တီခိုင် မထင်ခဲ့မိဘူး၊ အန်တီခိုင် လူကဲခတ်ညံ့ခဲ့တာပါကွယ်"

"ညီမလေးက လိမ္မာပါတယ်၊ ဆိုးလို့ရလို့ ဆိုးတာပါအန်တီခိုင်ရယ်၊ ခုဆို လူကြီးလေးလုံ ဝင်ပြီးပူယန်ပေးတတ်နေတာကိုပဲကြည့်လေ"

"ကျေးဇူးတင်ပါတယ် သမီးတို့ရယ်"

ဒေါ်ခိုင်မြမြ ဝမ်းသာလွန်း၍ ရင်ထဲမှာဆို့နေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အိမ့် အင်တာဗျူးအခန်းထဲ ဝင်လိုက်သည်နှင့် အတွေး... အကြံမရှိသူလို ခြေဖျားလက်ဖျားတွေ အေးစက်၍လာသည်။ ဘာ... မှာ ခုလိုမျိုး ခြေတိုအောင်လျှောက်ပြီး အလုပ်လိုက်ရှာရလိမ့်မည် ဟု ဘယ်တုန်းကမှ အတွေးဝင်ခဲ့ဖူးတာမှမဟုတ်တာ။

အခု အင်တာဗျူးဝင်ရမည်ဆိုတော့ အိမ့်ကို ဘာတွေမေး... လို့ မေးကြမည်မသိ။ အိမ့်ကရော ဘာတွေဖြေရမည်လဲမသိ။

Dream မဂ္ဂဇင်းဆိုတာ မြန်မာနိုင်ငံ၏ နာမည်ကြီးမဂ္ဂဇင်း ကြီးတစ်ခု။ ဘာသတင်းအတွေ့အကြုံမှ မရှိဘဲနှင့် ခုလို အစိမ်း... သက်သက်လာပြီး အင်တာဗျူးဖြေရမည်ဆိုတော့ ဘယ်သူက...





...ော်မလှုပ်ရှားဘဲ ရှိမှာတဲ့လဲ။

ကိုယ် ဝင်လိုက်သည်နှင့် စားပွဲခုံရှည်တွေနောက်မှာ တန်းစီ၍ ထိုင်နေကြသော တာဝန်ရှိသူအချို့ အိမ့်ထံသို့ အကြည့်တွေ ...ပြုံပြီးရောက်လာကြသည်။

အိမ့် မည်သူ့ကိုမှမကြည့်ရဲဘဲ မျက်လွှာကိုချပြီး ခေါင်း ငုံ့၍ဝင်လာလိုက်သည်။

"ဒီခုံမှာထိုင်လိုက် ညီမလေး"

ထိုစားပွဲရှည်ကြီးမှာ တန်းစီထိုင်နေကြသော သူတွေထဲမှ အမျိုးသမီးတစ်ဦး၏အသံ ထွက်လာသဖြင့် သူတို့နှင့်မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းမှာချထားသော တစ်လုံးတည်းသာရှိသည့် ထိုင်ခုံမှာ ဝင်၍ထိုင်လိုက်သည်။

မျက်နှာကြီးကို အတင်းငုံ့ထားမိသည့် အိမ့်။ ဆက်ငုံ့ထား၍ မဖြစ်တော့သဖြင့် ထိုလူတွေနှင့် မျက်နှာချင်းဆိုင်ကြည့်ပြီး အပြုံးဖန့်ဖန့်လေး ပြုံးလိုက်သည်။

"မင်းက အင်္ဂလိပ်စာနဲ့ ကျောင်းပြီးတာဆိုတော့ အင်္ဂလိပ်စပီကင်ကို အသေအချာ ပြောတတ်မှာပေါ့"

အသက်လေးဆယ်ခန့် လူကြီးတစ်ဦးက အိမ့်၏ကိုယ်ရေး...



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင် အပြည့်အစုံပါရှိသော ဖိုင်ကို လှန်လှောကြည့်ပြီး မေး
သည်။

"ဟုတ်ကဲ့...ပြောနိုင်ပါတယ်"

"သတင်းထောက် အတွေ့အကြုံရော ရှိခဲ့ဖူးလား"

"ရှင်...မ...မရှိသေးပါဘူး၊ ဒါကတော့ ခု ပထမဆုံး
အကြိမ် လာလျှောက်ဖူးခဲ့တာပါ"

"ဒါဆို သတင်းယူနိုင်စွမ်းရည် အပြည့်အဝမရှိဘူးပေါ့"

"ဟို...အိမ့် ကြိုးစားပါ့မယ်"

"ကင်မရာကို အသုံးပြုတတ်လား၊ သတင်းထောက်ဆို
တာ ကင်မရာတစ်လုံးနဲ့ တိတ်ရီကော်ဒါအသေးလေးကိုင်ပြီး နေရာ
ဒေသမရွေး သတင်းဦးကို ယူနိုင်ရမယ်၊ အဲဒါကို လုပ်နိုင်လား"

"ဟုတ်ကဲ့...လုပ်နိုင်ပါတယ်"

"Dream မဂ္ဂဇင်းဆိုတာ သာမန်မဂ္ဂဇင်းအစောင်လေး
မဟုတ်ဘဲ နိုင်ငံခြားစာစောင်တစ်ခုလို အပြင်အဆင်ကအစ
ခမ်းနားထည်ဝါတယ်ဆိုတာ သိပါတယ်နော်"

"ဟုတ်ကဲ့...သိပါတယ်"

"ဒါဆို ခု အင်တာဗျူးမေးခွန်းလေး နှစ်ခု သုံးခုလောက်





လျှပ်တစ်ပြက်မေးပြနိုင်မလား"

အတွေ့အကြုံမရှိသော အိမ့်အတွက် သူတို့ခိုင်းစေမှုဟာ
စိတ်လှုပ်ရှားစရာအဖြစ် အခက်တွေ့စေပေမယ့် အိမ့် ကြောက်နေ
၍မဖြစ်။

ထို့ကြောင့် စိတ်ကိုတည်ငြိမ်စွာ စုစည်းလိုက်ပြီး ကိုယ်
သတင်းသမားတစ်ယောက်ဖြစ်သွားပြီဟု မှတ်သွင်းလိုက်ကာ

"ဟုတ်ကဲ့...ကျွန်မနာမည် အိမ့်သဲဖြူပါ၊ Dream
မဂ္ဂဇင်းကြီးရဲ့ ဂျာနယ်လစ်တစ်ယောက်ပါ၊ အခု ကျွန်မ မေးချင်
တဲ့မေးခွန်းလေးတွေကို မေးခွင့်ပြုပါရှင်"

အိမ့် အသံမတုန်အောင် သတိထား၍ တည်ငြိမ်သော
လေပြည်လေးဖြင့် ခပ်မှန်မှန်ပြောလိုက်သည်။

"အစ်မက ဖက်ရှင်လောကမှာ ထိပ်တန်းဒီဇိုင်နာ
တစ်ယောက်လို့ သိရပါတယ်၊ ဒါကြောင့် အစ်မ ခုလိုအောင်မြင်
ကျော်ကြားတဲ့ ဒီဇိုင်နာတစ်ယောက်ဖြစ်အောင် ဘယ်လိုအချိန်တွေ
ပေးပြီး ဘယ်လိုသင်ယူလေ့လာခဲ့သလဲဆိုတာ သိချင်ပါတယ်"

အင်တာဗျူးအခန်းထဲတွင် အိမ့်အသံ ကြည်ကြည်လေးကို
အားလုံးနားစိုက်ထောင်နေကြသည်မှာ တကယ့်စိတ်ဝင်စားနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ပုံတွေ။

"ဟုတ်ကဲ့...ဒီဇိုင်နာဘဝဟာ အစ်မရဲ့မှော်လင့်ချက် အိပ်မက်တွေလားရှင့်"

"နောက်ထပ် အစ်မတို့အနေနဲ့ ဖက်ရှင်ဒီဇိုင်နာ ဂျူနီယာလေးတွေကို မွေးထုတ်ပေးဖို့ အစီအစဉ်ရှိပါသေးလား အမ"

"ဟုတ်ကဲ့...အနုပညာလောကမှာ ဖက်ရှင်ဟာ အဓိကကျတဲ့အခန်းကဏ္ဍမှာ ပါဝင်တဲ့အတွက် အစ်မတို့လို ပရော်ဖက်ရှင်နယ်ဒီဇိုင်နာတွေက မြန်မာအမျိုးသမီးတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး အထက်တန်းကျကျ ယှဉ်ပြိုင်နိုင်အောင် နောက်ထပ် နောက်ထပ် ဘယ်လိုဆန်းသစ်တီထွင်မှုမျိုးတွေနဲ့ plan ချထားသလဲ ဆိုတာလေး သိပါရစေ"

"ဖြောင်း...ဖြောင်း...ဖြောင်း...ဖြောင်း"

အိမ့် မေးခွန်းတွေအဆုံး အင်တာဗျူးခန်းထဲမှာ လက်ခုပ်သံအချို့ ထွက်လာသည်။

"အိုကေ...မင်းက အတွေ့အကြုံမရှိသေးပေမယ့် မင်းရဲ့ပုံစံ၊ မင်းရဲ့ဟန်၊ မင်းရဲ့အသံနဲ့ ရဲရင့်မှုတွေက တစ်ချိန်မှာ သတင်းထောက်ကောင်းတစ်ယောက် ဖြစ်နိုင်ချေရှိပါတယ်၊ ကဲ...ဒီနေ့





တော့ ဒီလောက်ပါပဲ၊ နောက် ဆယ်ရက်ကြာရင် ပြန်အကြောင်းကြားပေးပါ့မယ်၊ ခု သွားလို့ရပါပြီ"

"ဟုတ်ကဲ့...ဒါဆို အိမ့်ကိုသွားခွင့်ပြုပါဦး"

အိမ့် အရိုအသေပေးပြီး အင်တာဗျူးခန်းထဲမှ ခပ်ရှိုရှိုထွက်ခဲ့လိုက်သည်။ အခန်းပြင်ရောက်မှပင် အသက်ကို တစ်ဝကြီးရှူရဲတော့သည်။

ပထမအဆင့် အောင်မြင်သွားပြီမို့ အိမ့် ရင်ထဲမှ လေးလံနေသော စိုးရိမ်စိတ်တွေ ယူပစ်လိုက်သလို ပေါ့ဆင်းသွားသည်။

အိမ့်ဆီ အလုပ်ခန့်ကြောင်း အကြောင်းကြားစာရောက်ဖို့ရက်ကိုတော့ ရင်ခုန်စွာ စောင့်စားရဦးမှာပေါ့။

အိမ့်ဟာ ကိုယ့်ဘဝကို မှန်ကွဲစလေးတစ်စလို ဘာမှ အသုံးမကျဝင်တော့ဘူးဟု တွေးထင်ထားခဲ့မိသည်။ ထိုအတွေးတို့သည် အိမ့်၏ ပျော့ညံ့သော၊ အနာဂတ်မရှိသော၊ အတွေးအခေါ်ညံ့ဖျင်းသော၊ သတ္တိကြောင်သော စိတ်ခံစားမှုလေးတစ်ခုမှ ပေါက်ဖွားလာသော ခပ်ညံ့ညံ့အတွေးတွေဖြစ်သည်။

ယခုတော့ အိမ့်ဘဝကို ခုလို စိတ်ဓာတ်ကျစဖွယ်ဖြစ်အောင် မတွေးတော့ဘဲ မှန်ကွဲစလေးက နေရောင်ရဲ့ရွှမ်းအားနဲ့အလင်း



www.burmeseclassic.com

www.burmeseclassic.com

တိုထုပြီး အိမ့်၏ဘဝနှင့် ညီမလေးဘဝကို အလင်းပေးနိုင်
ကြိုးစားရတော့မည်ဟု သံန္နိဋ္ဌာန်ချလိုက်သည်။

တကယ်တမ်း မှန်ကွဲစလေးဟာလည်း အင်မတန်
မိုက်တဲ့ နေရာလေးတစ်ခုကို အလင်းပို့လွှတ်နိုင်သော စွမ်းအင်
ရှိနေပါသေးလားဟု အိမ့် နည်းစနစ်မှန်စွာ တွေးတတ်လာ

မာမီ ဆုံးပြီးကတည်းက အိမ့်ဘဝဟာ မှန်ကွဲတစ်ချ
ကြေကွဲခဲ့ပေမယ့် ထိုမှန်ကွဲစလေးဟာလည်း အသုံးပြုတတ်
ဆိုလျှင် အသုံးဝင်နိုင်ပါသေးလားဆိုတာ အိမ့် ကောင်းကော
သဘောပေါက်ခဲ့မှတော့ ဘဝကို ရှေ့ဆက်မလျှောက်ရဲစရာ
အကြောင်းရှိမှာလဲ။

အိမ့် သတ္တိတွေ မွေးတတ်လာပါပြီ။

◆ ◆ ◆



## အခန်း (၁၈)

"အန်တီစိုး…အန်တီစိုးရေ"

အသံနှင့်အော်ခေါ်ပြီး လှုပါ ခြံထဲဝင်လာပြီဖြစ်သော အလင်းကိုမြင်တော့ ခြိမ့် ဂျာနယ်တစ်စောင်ကို ခပ်မြန်မြန်ဆွဲယူပြီး ဖတ်ချင်ဟန်ဆောင်နေလိုက်သည်။

ထိုလူနှင့် မျက်နှာချင်းဆိုင်တွေ့ပြီး စကားမပြောချင်ပါ။ ဒီအိမ်မှာ အန့်တီနိုင့်အစ်မ ကြီးမေကအစ တုန်တုန်လေးအဆုံး အလင်းဆိုသည့်လူနှင့် လေပေးဖြောင့်သည်။ ခြိမ့်ကလွဲရင်ပေါ့။

ခြိမ့်ကတော့ ဒီလူကို စတွေ့ကတည်းက ခင်ချင်စိတ်မရှိ။ မျက်နှာအမူအရာက ပြောင်စပ်စပ်ဖြင့် လူကိုတွေ့ရင် အားမနာ



www.burmeseclassic.com

www.burmeseclassic.com



**သွားမတော်း** တစ်ကိုယ်လုံး သိမ်းကျုံးကြည့်သော အကြည့်ရဲ့ ... က ငြိမ့်အတွက်တော့ ကျောစိမ့်ချင်စရာ ကောင်းလွန်းနေသည် ...

"ဟော့...ငြိမ့်ငြိမ့်သဲ..အန်တီစိုးရှိလား"

ငြိမ့်ကိုမေးနေမှန်းသိပေမယ့် ငြိမ့် တမင်ပင် မကြား... ပြုကာ မျက်နှာကို ဂျာနယ်ဖြင့် ကွယ်ထားလိုက်သည်။ ... လိုက်နှင့်၊ တွေ့လိုက်တာနဲ့ လူကို စိတ်အနှောင့်အယှက်တ... ပေးတတ်သော ထိုလူ့ကို ငြိမ့် မျက်နှာချင်းမဆိုင်လို။

"ဟော့...မေးနေတယ်လေ ငြိမ့်ငြိမ့်သဲ"

ခေါ်ပုံကိုက သူများနာမည်ကို ဖျက်လိုဖျက်ဆီးနဲ့ ... သဲဖြူကနေ ငြိမ့်ငြိမ့်သဲ ဖြစ်ရ၏။

"အဟား...ဒီကလေးမ စာမတတ်ဘဲနဲ့ လူရှေ့သူ... ဟန်လုပ်ပြီး ဂျာနယ်ကြီးကိုင်ထားတယ်"

ငြိမ့် ဒေါသတွေ မီးရှူးတိုင်လို ရှူးခနဲတက်လာပြီး...

"ဘာ...လူကို စာမတတ်ဘူးလဲ၊ Physicsနဲ့ ကျေ... ပြီးထားပြီးပြီ ကာတွန်းဆရာ အနုတ်စုတ်ဝုတ်စုတ်ရဲ့"

ငြိမ့်ကို ရန်လာစ၍ ငြိမ့်ဘက်ကလည်း ဘာမှညှာ... စရာမလိုတာ။ ဒီတော့ ပိုးစိုးပက်စက်ကို ပြန်ပြီးရန်ထောင်လိုက်...





... အလင်းရောင် ဆိုသည့်လူ စိတ်မဆိုးသည့်အပြင် တဟား ... ကြောင့် အော်ရယ်၏။ ပြီးနောက် ငြိမ့်နား တိုးကပ်လာပြီး

"ဒါဆို ကိုယ်ကိုင်ထားတဲ့ ဂျာနယ်က အတည့်လား ... ပြောင်းပြန်လားဆိုတာ ဘာကြောင့်မသိရတာလဲ"

"ဟမ်"

ငြိမ့် ဒီတော့မှ ဂျာနယ်ခေါင်းစည်းပိုင်းတစ်ခုကို ကြည့် ... လိုက်သည်။ မှန်တိုင်းကြောင့် ဒုက္ခသည်စခန်းတွေ ရပ်တည်ဖို့ ... ခဲနေဆိုသည့် စာကြောင်းက ဇောက်ထိုးကြီးဖြစ်နေသည်။

ငြိမ့် ရှက်လိုက်သည့်ဖြစ်ခြင်း။ ကိုယ့်ရဲ့ နှမော်နမဲ့နိုင်မှု ... ကြောင့် သူများအစေဖန်ခံရတာ နည်းတောင်နည်းသေးတယ်ဟု ... ကိုယ့်ကိုယ်ကို ပြန်ပြီး အပြစ်တင်လိုက်သည်။ သို့သော် နည်းနည်း ... မျက်နှာကြော လျှော့လိုက်လို့မဖြစ်။

"ဒီမှာ ကိုအမှောင်...ငြိမ့်ဘာသာ ငြိမ့် ဂျာနယ်ကို ... ပြောင်းပြန်ပဲကြည့်ကြည့် အတည့်ပဲကြည့်ကြည့် ရှင်အပူ ဘာပါလဲ"

"ဘာအမှောင်လဲ၊ ငါ့နာမည် အလင်း၊ သူများကို အလင်း ... ဆောင်ပေးမယ့် ကောင်စားမျိုး"

"ရှင့်ဟာရှင် ဘာပေးပေး ကျွန်မခေါ်ချင်သလို ခေါ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီစိုး ဘယ်သွားလဲ"

"မသိဘူး"

"ကြီးမေရော"

"မရှိဘူး"

"ဟာ...ဘယ်လိုကောင်လေးလဲ မသိဘူး၊ ဘာမေး

မသိဘူးနဲ့၊ အင်းပေါ့လေ...ဂျာနယ်တောင် အတည့်ဖတ်ရမှန်း

မှတော့ ဦးနှောက်တွေက ဘယ်အကောင်းအတိုင်း ရှိပါတော့မ

"ရှင်နော်"

"ဘာလဲ"

"လူကို မိန်းမလိုမိန်းမရ ကက်ကက်လန်အောင် လာ

မထောင်နေနဲ့"

"မင်းရော ယောကျ်ားလိုယောကျ်ားရ ဒေါသတွေ

မကြီးနေနဲ့"

"ရှင် ထွက်သွား ဒီအိမ်ထဲက"

"မထွက်ပါဘူး၊ မင်းဆီလာတာမှမဟုတ်တာ၊ အန်တီ

ဆီကိုလာတာ၊ ဈေးထဲသွားမလို့၊ အန်တီနိုင့်အတွက် ထမင်း

လူကြုံပေးလိုက်မလားလို့ ဝင်မေးတာ၊ ဘယ်သူမှမရှိရင်လည်း





ရော"

အလင်း ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ပြန်ထွက်သွား

၏။

ဒီတော့မှ ခြိမ့်အား ကြီးမေ...အန်တီနိုင့်ဆိုင်ကို ထမင်း

ပို့ခိုင်းထားတာကို သတိရသွားသည်။

"ဟယ်တော့...အဲဒါမှဒုက္ခ၊ လူကြုံရှိတုန်း ထည့်ပေး

လိုက်ရင် ငါသွားစရာမလိုတော့ဘူး"

ခြိမ့် တစ်ယောက်တည်း ခပ်တိုးတိုးပြောပြီး ခြံဝရောက်

နေသော အလင်းကို လှမ်းခေါ်ရန် အိမ်ပေါက်ဝသို့ ပြေးထွက်ခဲ့

လိုက်သည်။

"ဟော့...အမှောင်..အဲ..အလင်း...ခဏနေဦး၊ ထမင်း

ချိုင့်ပေးလိုက်မယ်"

အလင်း ကြားရဲ့သားနှင့် လှည့်မကြည့်ဘဲ ရှေ့ဆက်သွား

၏။

"အယုတ်တမာ၊ ကြားရဲ့သားနဲ့ လှည့်မကြည့်ဘူး၊

ဟော့...ဒီမှာ ခဏနေဦး၊ ကြီးမေက ထမင်းချိုင့် လူကြုံပေးဖို့ မှာ

ခဲ့တယ်၊ ယူသွားပေးစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့် ခပ်တိုးတိုးဆဲလိုက်ပြီး လမ်းမပေါ်ထွက်သွားသော အလင်းကို အသံနှုန်းမြှင့်ပြီး လှမ်းခေါ်ရသည်။

ဒီတော့မှ အလင်းရောင် ဘုဆတ်ဆတ်ဖြင့် ပြန်လှည့် ကြည့်ပြီး

"ကြီးမေက ထမင်းချိုင့် လူကြုံပေးခိုင်းရအောင် ငါ ဈေးထဲသွားမှာကို သိလို့လား"

"ဒါတော့ မပြောတတ်ဘူး"

"ဒါဆိုရင် ကိုယ့်ဘာသာကိုယ် သွားပို့လိုက်၊ ကြီးမေ ကိုယ်တိုင် မှာခဲ့မှ ငါယူသွားပေးနိုင်မယ်၊ ကိုယ့်တာဝန်ကို ကိုယ် မယူဘဲ လူကြုံနဲ့ကုန်းဆင်းချင်သေးတယ်"

"ဟာ…ဘာကုန်းဆင်းတာလဲ၊ အိမ်နီးနားချင်းတွေဖဲ ဒီလောက်လေးတောင် မကူညီချင်ဘူးလား၊ ဒီမှာ ခြိမ့် သွားပို့ရေ ဟာ အိမ်မှာဘယ်သူမှမရှိဘူး"

"ဘယ်သူမှမရှိရင် တံခါးပိတ်သွားပေါ့"

"ရှင်နော်…တော်တော်ပြောရတာ လက်ပေါက်ကပ်တဲ့ လူ"

"ငါက လက်ပေါက်လည်း မကပ်ဘူး၊ ခြေပေါက်လည်း



ဘူး၊ မင်းသာ သူဌေးသမီးဆိုတဲ့အရှိန်နဲ့ လာမန်တက်ပြနေ တာ"

ခြိမ့် ဒေါသထွက်သွားသည်။ အောက်ကျနောက်ကျခံပြီး ပြောလိုတော့၍ အိမ်ထဲကို ခပ်ဆောင့်ဆောင့်ဝင်လာလိုက်ပြီး ကြီးမေ ပြင်ပေးခဲ့သော ထမင်းချိုင့်နှင့် အိမ်သော့ကိုယူကာ အိမ် ခြင်သို့ ထွက်ခဲ့လိုက်သည်။

အိမ်တံခါးသော့ခတ်ပြီး ခြိမ့်ဘာသာပင် ထမင်းချိုင့်သွား ပို့ရန် အိမ်မှထွက်လာလိုက်သည်။

အလင်းရောင်ဆိုတဲ့လူကိုတော့ ခြိမ့် နည်းနည်းလေးမှကို ကျေနပ်။

အန်တီခိုင်နှင့်ကို တိုင်ပြောဦးမည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ခြိမ့် ထမင်းချိုင့်ဆွဲပြီး ဈေးဘက်ကို လျှောက်လာလိုက်သည်။

"ကလင်…ကလင်…ကလင်"

စက်ဘီးဘဲလ်အသံကြောင့် ခြိမ့် လမ်းဘေးကို ဆင်းလျှောက်ပေးလိုက်သည်။

အဆက်မပြတ် တီးနေသော စက်ဘီးသံကြောင့် ခြိမ့် နောက်ကိုလှည့်ကြည့်လိုက်သည်။ အလင်း၏ ပြောင်စပ်စပ်မျက်နှာနှင့် စက်ဘီးကို ခပ်ဖြည်းဖြည်းနင်းနေသော ပုံကိုမြင်တော့ ခြိမ့် မျက်နှာ ချက်ချင်းတင်းသွားသည်။





ပုံမှန်လျှောက်နေသော ခြေလှမ်းတွေကို ခပ်မြန်မြန်လျှောက်လိုက်သည်။ ဒင်းနှင့် မျက်နှာချင်းကိုမဆိုင်ချင်ဟု စိတ်ထဲမှ ခပ်ဖြစ်ဖြစ်တွေးလိုက်သည်။

"ဟော့…လမ်းလျှောက်တာ လှယဉ်ကျေးမယ်လို လျှောက်နေမှတော့ ဒီဈေးကို ဘယ်အချိန်ရောက်တော့မလဲ၊ လာ… စက်ဘီးပေါ်တက်၊ နေပူတယ်"

အမိန့်သံဆန်သော အလင်း၏စကားကြောင့် ခြိမ့် နှုတ်ခမ်းကို စေ့တင်းကာ အံလေးကြိတ်လိုက်သည်။

လမ်းမပေါ်မှာမို့ စိတ်ကို မနည်းထိန်းနေရသည်။

"ဟော့…ပြောနေတာ ကြားလား၊ နားရောပါရဲ့လား၊ ဘယ်လိုကောင်မလေးလဲ မသိဘူး၊ လူက လက်တောင့်လောက်လေးနဲ့ စိတ်ကလက်တစ်ခာစ်း ဒဲ့ဒီလို မျက်နှာကြီးစူပုပ်နေတော့ ရုပ်က တော်တော်ဆိုးတာပဲ၊ ဆိုးမှာပေါ့ ပဲများလွန်သွားတာကိုး"

"ဒီမှာ…လူကို ရိသဲ့သဲ့နဲ့ ကြာကူလီလာမရိုက်နဲ့နော်၊ အိမ်နီးချင်းတွေမို့ တစ်ယောက်အကြောင်း တစ်ယောက်သိပြီးသား၊ ဟွန်း…ကာတွန်းဆရာအစုတ်ပလုတ် ထမင်းအဝမစားရလို့ ပိန်ချုံးချည့်နဲ့နေတဲ့ပုံနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်တလည်း ပြန်ပြီး ပျစ်ပျစ်နှစ်နှစ် ဝေဖန်လိုက်၏။ အလင်း စကားကို ခြိမ့်နှင့်ယှဉ်၍ ခပ်ဖြည်းဖြည်းနင်းကာ တဟားဟားနှင့် ရယ်သည်။

"မင်းကရော ဘာထူးလို့လဲ၊ ဆံပင်က ဖန်းရန့်သမတွေလို နီကြောင်ကြောင်နဲ့၊ ဝတ်ထားတဲ့ အဝတ်အစားတွေက လေသလပ်မယ့် အဝတ်အစားတွေ၊ ရှိသမျှကို အကုန်ဖော်ကျူးထားသလို မြင်ရတာ မတင့်တယ်"

အလင်း၏စကားကြောင့် ခြိမ့် သူ့ကိုယ်သူ မလုံမလဲ ပြန်ငုံ့ကြည့်လိုက်၏။ ပေါင်လယ်လောက်ရှိသည့် မီနီစကတ် အတိုလေးနှင့် အပေါ်မှ ဘလောက်စ်အင်္ကျီလေးက ခြိမ့်၏အလှကို ထင်လင်းစေတာပဲ။ မလုံမခြုံဝတ်ထားရအောင် ရေကူးဝတ်စုံလေးနှင့် လမ်းလျှောက်နေတာမှမဟုတ်တာ။ ဒီလူ သက်သက်မဲ့ ခြိမ့်ကို နှမချင်းမစာနာ ဝေဖန်လိုက်တာ။ ခြိမ့် တက်တစ်ချက်ကို စိတ်မထိန်းနိုင်စွာ ခေါက်လိုက်ပြီး

"နင်…နင်…တော်တော်တရားလွန်လာပြီနော်၊ ကဲဟာ"

"ဖြန်း"

အလင်း မရှောင်ရှားဘဲနှင့် ပါးရိုက်ခံလိုက်ရ၍ မျက်နှာ





တစ်ဖက် ပူဆင်းသွားသည်။

"ဟာ…ဘာလို့ လူကို ဘလိုင်းကြီးရိုက်ရတာလဲ၊ မင်းမလုံမခြုံဝတ်လို့ ငါက သူများမဝေဖန်ခင် ဝေဖန်ပေးတာ"

ခြိမ့် အလင်း၏ဖြေရှင်းချက်ကို အရေးတယူလုပ်ပြီး နားထောင်မနေဘဲ အလင်းနားမှ ဒေါသဖြေလှမ်းတွေဖြင့် ထွက်ခဲ့၏။

ဈေးက အတော်လေး အလှမ်းဝေးနေသေးတာမို့ ကားလမ်းအတိုင်း မသွားတော့ဘဲ ရပ်ကွက်ထဲမှဖြတ်ရန် လမ်းချိုးတစ်ခုထဲသို့ ဝင်လျှောက်ခဲ့လိုက်သည်။

ကားလမ်းအတိုင်း ဆက်လျှောက်နေလျှင် ဒင်းက အနောက်ကနေ ကျားနာခံ ခဲပြီး လိုက်နှောင့်ယှက်နေဦးမည်။ ထို့ကြောင့် လမ်းကြောင်းလွှဲသည့်အနေနှင့် အတွင်းလမ်းထဲမှ ဖြတ်လာခဲ့ခြင်းဖြစ်သည်။ ထိုအတွင်းလမ်းထဲမှာ အန္တရာယ်ရှိသည်ဆိုတာ မတွေးမိ။

"ဟား…ပုံစံလေးက မိတယ်ကွ၊ ယောကောင်တွေ ငါတို့ အနောက်ကလိုက်ပြီး စောင့်ရှောက်ကြရအောင်"

အုတ်ခုံပေါ်ထိုင်နေသော လူရှုယ်တစ်သိုက်ရှေ့မှ ဖြတ်မိ



www.burmeseclassic.com

www.burmeseclassic.com

တော့ ထိုလူတွေဆီမှ မထိတထိပြောနေသံကြောင့် ခြိမ့် ရင်ထ ထိတ်ခနဲ လန့်သွားသည်။ ကားလမ်းမကနေသွားမိရင် ဟိုလူ မခံချိမခံသာ ပြောတာကို ခံရရုံလေးပဲရှိမည်။ ခုတော့ ဒီထက် မည့် အခြေအနေ။ ပုံစံတွေက ဖရိုဖရဲ ဆသသမားရုပ်တွေ။ ကြောင့် ခြေလှမ်းကို ခပ်သွက်သွက် ပို၍လှမ်းလိုက်သည်။

"ပေါင်တံလေးတွေက ဖွေးအိနေတာပဲကွာ"

"ပေါင်တံတင်လားကွာ၊ လက်မောင်းသားလေး ကုပ်သားဝင်းဝင်းလေးတွေကလည်း ဂွမ်းစိုင်လေးတွေလို အိ နေမယ့်ပုံ၊ ကိုင်ကြည့်ရင် အရသာတော်တော်ရှိမှာ"

ခြိမ့် ကြောက်စိတ်ကြောင့် ချွေးတွေပင်စို့လာသည် ရုတ်တရက် ခြိမ့်၏ပေါင်တံသွယ်သွယ်ကို ဖျတ်ခနဲ လှမ်းဆုပ် ခြင်း ခံလိုက်ရသော အထိအတွေ့ကြောင့် ခြိမ့် လိပ်ပြာလွင့်မတ တုန်ခိုက်သွားကာ ထိုလူရဲ့လက်ကို လက်ထဲမှာကိုင်ထားသော စ ချိုင့်ဖြင့် ကြောက်အားလန့်အား လွှဲရိုက်လိုက်သည်။

"နင်တို့ မယုတ်မာနဲ့နော်၊ ငါ့ပေါင်ကိုလွှတ်၊ မကိုင်နဲ့"

"ဒုတ်"

"အား...ဆော်တယ်ဟ၊ ဟောကောင်တွေ...ငါတို့





ကိုစားတယ်ကွ၊ ဝိုင်းဖွဲ့လိုက်ရင် ဘယ်လိုလဲ"

ထိုလူမှာ ခြိမ့်၏စတီးချိုင့်လက်သံကိုပင် လုံးဝမမှုဘဲ ခြိမ့်၏ပေါင်ကို ဆုပ်ကိုင်ပွတ်သပ်နေ၏။

"အား...အမလေး"

ခြိမ့် အသံကုန်ဟစ်၍ အော်လိုက်သည်။ အတွင်းလမ်း ဆိုပေမယ့် အိမ်ခြေကျဲပါးကာ အဆောက်အဦပျက်တွေသာရှိ၍ လူပြတ်၏။ ခြိမ့်အော်သံကို လူတွေ သိပ်ပြီးမကြားနိုင်။

"ကလင်...ကလင်...ကလင်...ကလင်"

"ဟောကောင်တွေ...ဒါ ဘာလုပ်တာလဲ၊ လွှတ်စမ်း"

အလင်းရောင် စက်ဘီးကိုပင် ဘရိတ်နင်းပြီး ရပ်မနေ တော့ဘဲ စက်ဘီးပေါ်မှခုန်ဆင်းကာ ခြိမ့် ပေါင်သလုံးသားကို အငမ်းမရကိုင်ကြည့်နေသောလူ၏ ကျောကို ဘုန်းခနဲ လှမ်းကန် လိုက်သည်။

ထိုလူ ရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။ ရုတ်တရက်မို့ ကျန်သည့် လူနှစ်ယောက် သုံးယောက် မြန်ဆန်လွန်းသော အလင်း ရောင်၏ ကန်ချက်အားကြောင့် မှောက်သွားသည်။ လူကို ကြောင် ပြီး ကြည့်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com


"ဟာ…ဒါ ဘယ်ကကောင်လဲ၊ ဘလိုင်းကြီး ဝင်
ကောင်…ချကွာ၊ အသေဆော်"

"လာလေ…လာကြ၊ နမချင်း မစားရတဲ့ကောင်
လာ"

အလင်း ဘောက်စင်သမားတစ်ယောက်လို လက်သီး
တဖတ်ဖတ် ဟန်ရေးပြရင်း စိန်ခေါ်လိုက်သည်။

"ဟာ…ဒီကောင် မလောက်လေး မလောက်စား
ငါ့နာမည် ဂျမားကွ၊ ဘယ်အကောင်မှ ငါ့ကိုယှဉ်ရဲတာမဟုတ်
မင်းလောက်ကို စာမဖွဲ့ဘူး…ကဲကွာ"

လက်သီးတပြင်ပြင်နှင့် ဟန်ရေးပြနေသော အလင်း
မျက်နှာပေါ်သို့ ဂျမားဆိုသည့်လူ၏ လက်သီးချက်က မညှာမတာ
ဖြင့် ခွပ်ခနဲ ကျသွားသည်။

အလင်းပါးစပ်မှ သွေးတွေထွက်ကျလာသည်။ ဖြိမ့်
လိုက်ရသည့်မြင်ကွင်းကြောင့် လန့်ဖျပ်သွားကာ မျက်နှာတစ်
လုံး သွေးဆုပ်ဖြူလျော်သွားသည်။

အလင်း ဂျမားဆိုသည့်လူကို နာကျင်ခြင်းကို ခဏ
ပြီး ပြန်ထိုးသည်။ ကျန်သည့်လူတွေပါ အလင်းကို ဝိုင်းပြီးဆော်

ကြသည်။ စောစောက မှောက်သွားသော လူပါ ထလာပြီး
ယောက်တစ်ယောက်ဖြစ်ကာ ပွဲက မမျှတော့။

အလင်းမှာ မြေကြီးထဲ ထိုးစိုက်ထားသော တုတ်ကို
နုတ်လိုက်ပြီး မြင်သမျှကို တုတ်ဖြင့် ထွေ့ယမ်းပြီး ခုခံသည်။

ဖြိမ့် ကြောက်အားလန့်အားဖြင့် အနောက်ကို ခြေလှမ်း
လေးလှမ်း ဆုတ်လိုက်ပြီး ဘေးဘီဝဲယာကို အားကိုးတကြီး
ကြည့်ပတ်ကြည့်ကာ

"လာကြပါဦးရှင်၊ လာကြပါဦး၊ ဒီမှာ ဝိုင်းရိုက်နေလို့ပါ၊
ယ်ကြပါဦး"

သူနိုင်ကိုယ်နိုင် ချနေသော ဖိုက်တင်ပွဲနှင့်အပြိုင် ဖြိမ့်
ပါးစပ်ကို လက်ဝါးနှစ်ဖက်ဖြင့်ကာပြီး အသံကုန်ဟစ်၍ အော်ပြီး
အကူအညီတောင်းလိုက်သည်။

ကံကောင်းချင်တော့ လမ်းထဲသို့ သဲကားတစ်စီးဝင်လာ
ပြီး ဖြိမ့်၏အော်သံကြောင့် သဲကားရပ်သွားကာ နောက်ဘက် သဲပုံ
ပေါ်တွင် လိုက်ပါလာသော အလုပ်သမား သုံးလေးယောက်
ကားပေါ်မှ ခုန်ဆင်းလာကြသည်။

"ဟေ့…ဟေ့…ဘာလို့ဝိုင်းချတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့လက်ထဲတွင် သဲကျုံးသော ဂေါ်ပြားတွေပါလျ
များတို့အဖွဲ့ ဆက်ပြီးရန်မဖြစ်တော့ဘဲ ပြေးကြသည်။

အလင်း မျက်နှာတစ်ပြင်လုံး ဖူးရောင်ပြီး ပါး
သွေးတွေကျလာသည်။ ဒယီးဒယိုင်ဖြင့် လဲကျနေသောစက်ဘီး
ဆွဲထူမလိုက်သည်။

"ညီလေး…ဘာဖြစ်သွားသေးလဲ၊ ရရဲ့လား"

"ဒီကောင်တွေ တော်တော်လူမဆန်တာပဲ၊ တစ်ယော
တည်းကို အများက ဝိုင်းချရတယ်လို့၊ ငါတို့လက်က သီသီ
လွတ်သွားတယ်ကွာ"

"လွတ်သွားတာ နာတယ်"

သဲကားပေါ်မှ အလုပ်သမားတွေ အလင်း ခံလိုက်ရသ
အားမလိုအားမရဖြစ်ကာ တစ်ယောက်တစ်ပေါက်ဖြင့် ပြောကျ
ခဲ့သည်။

သဲကားခေါင်းခန်းမှ ဒရိုင်ဘာကြီးက ခေါင်းပြူထွက်လ
ပြီး

"ဟေ့ကောင်လေး…ရရဲ့လား၊ ဆေးခန်းသွားမလား"

သွေးတွေကျနေသော အလင်းကို စိုးရိမ်စွာလှမ်းမေးသ
အလင်း ပါးစပ်မှသွေးတွေကို လက်ခုံဖြင့် ပွတ်သုတ်လိုက်ပြီး





"ရတယ် အစ်ကို၊ ဘာမှမဖြစ်ဘူး၊ အိမ်ရောက်မှ ဆေး
ညှော့လိုက်မယ်၊ ကျေးဇူးပဲ"

သဲသမားတွေ အလင်း ဘာမှမဖြစ်ဘူးဆို၍ သူတို့ကား
သူတို့ပြန်တက်ကာ ရှေ့လမ်းထဲသို့ ကားကို ချိုးကွေ့မောင်း
သွားကြသည်။

ခြိမ့် အားနာစွာဖြင့် အလင်းနားသို့ တိုးကပ်သွားပြီး

"ဒီမှာ…ရှင်ရရဲ့လား၊ စက်ဘီးနင်းလို့မရရင် ခြိမ့် နင်း
ယ်လေ၊ ရှင်နောက်ကထိုင်လိုက်"

"မင်း ငါ့ကိုနိုင်လို့လား"

"ရအောင်နင်းမှာပေါ့၊ ရှင့်ပါးစပ်က သွေးတွေ အရမ်း
ထွက်နေတယ်၊ ဘာဖြစ်သွားလို့လဲ"

"ငါဘာဖြစ်သွားလဲ မင်းသိချင်လား"

"အို…ကျွန်မကြောင့်ဖြစ်သွားလို့ စိတ်ပူလို့မေးတာပေါ့
လို့"

"စိတ်ပူတယ်…ဟုတ်လား၊ ဒါဆိုရင် လက်ဝါးဖြန့်၊
ငါ ဘာဖြစ်သွားလဲဆိုတာ မင်းကိုပြမယ်"

အလင်းက ခြိမ့်၏လက်တစ်ဖက်ကို လှမ်းဆွဲကာ လက်
ဝါးဖြန့်နိုင်း၍ ခြိမ့် အယောင်ယောင်အမှားမှားဖြင့် လက်ဝါးဖြန့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ရော့...ထွီ"

[illegible]လက်ဝါးထဲသို့ သွေးတွေလူးနေသော သွားတစ်ချောင်း[illegible] ပြုတ်ကျလာသည်။

"အမလေး...သွား...သွားကြီး..ကျိုးသွားတာ[illegible] ဟုတ်လား"

"ကျိုးတာမဟုတ်ဘူး၊ အရင်းက ပြုတ်ထွက်သွားတာ[illegible] အဲဒါ မင်းကြောင့်၊ လေသလပ်တဲ့ အဝတ်အစား ဝတ်လာတာ[illegible] ငါ စောစောက ဝေဖန်တာတောင် နည်းတောင်နည်းသေးတာ[illegible] မဟုတ်လား၊ ဟိုက ကိုင်ပါကိုင်ကြည့်သွားတာ၊ အဲဒီလိုမှန်း[illegible] ရင် စောစောကတည်းက စိတ်ဆိုးခံရမယ့်အတူတူ ပေါ်နေ[illegible] ပေါင်သားဖြူဖြူလေးကို လက်ညှိုးလေးနဲ့ တို့ကြည့်ပါတယ်၊ ခုတော[illegible] ဟိုက ပယ်ပယ်နယ်နယ်ကို ကိုင်သွားတာ၊ ဘယ့်နှယ်ရှိစ... မဟော့ရှေ့"

အလင်း ထိုသို့အငေါ်တူးပြီး ခပ်ရွဲ့ရွဲ့ဆိုတော့ ခြိမ့်[illegible] ပြန်ချေပစရာ ခိုင်လုံသောအကြောင်းပြချက် မရှိ။

"ရှင်နော်...ခြိမ့်ကို ဘာမှလာမပြောနဲ့"

ခြိမ့်မျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွားကာ ရှေ့မှ ခပ်သော[illegible]





[illegible]သောင့် ထွက်ခဲ့လိုက်သည်။ အလင်း လမ်းပေါ်မှာ ပြန့်ကျဲနေသော [illegible]ခင်းဟင်းတွေအလယ်မှာ ငုတ်တုတ်လေးရှိနေသော ချိုင့်တွေကို [illegible]ဆင့်ရင်း ရှေ့စက်ဘီးခြင်းထဲ ထည့်လိုက်သည်။

ထို့နောက် ထော့နင်းထော့နင်းဖြင့် စက်ဘီးကိုတွန်းလာ[illegible]ိုက်သည်။

ခြိမ့် ရင်ထဲမှာ ဘာကြောင့်မှန်းမသိ ငိုချင်နေသည်။ [illegible]အလင်းကိုလည်း ကျေးဇူးတင်သလိုလို မုန်းသလိုလိုနှင့် ဘာကို [illegible]ကျေမနပ်ဖြစ်နေမှန်းမသိ။

တကယ်တမ်း သူ ခုလိုဖြစ်တာ ခြိမ့် ခုလိုဝတ်စားထားလို့ [illegible]တဲ့လား။

ဒီလူ တော်တော်လေး မုန်းဖို့ကောင်းတဲ့လူ။

ရင်ထဲမှာ မတင်မကျသော ခံစားမှုနှင့်အတူ ခပ်တိုတ် [illegible]တိတ် ကြိမ်းဝါးလိုက်သည်။

အမှန်တော့ ခြိမ့် ရှက်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင် [illegible]။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ကဲ…ငိုမနေပါနဲ့တော့ ညီလေးရယ်၊ ဒီနေရာက ကိုယ့်
စိမ်းနေသေးတဲ့နေရာလေ ညီမလေးက ခုလို အရမ်းကိုထင်ပေါ်
သရုပ်ပျက်တဲ့ အဝတ်အစားမျိုးဝတ်ထားတော့ ခုလို လူရမ်းကား
တွေနဲ့လည်းတွေ့ရော ကိုယ်ပဲ ထိခိုက်နစ်နာခဲ့ရတာပဲ"

"မမခြိမ့်…ကိုကိုလင်းက အခု တုံတုံလို့ပဲ သွားကျ
လေးဖြစ်သွားပြီ သိလား၊ ခစ်…ခစ်…ခစ်"

"ဟယ်…ဒီကလေး လူကြီးကိုနောက်စရာလား၊ သွား…
ကိုယ့်စာ ကိုယ်သွားလုပ်"

ဒေါ်နိုင်မြမြ ယောက်လွှတ်လိုက်၍ တုံတုံလေး အနား





တ်ကလေးပုကာ ထွက်သွား၏။ ဒီတော့မှ ဒေါ်နိုင်မြမြ ခြိမ့်ကို
စိတ်မကောင်းသောမျက်နှာဖြင့် ခပ်ညှိုးညှိုးကြည့်လိုက်ပြီး

"အဲဒါ အန်တီနိုင့်အပြစ်ပါ အိမ့်လေးရယ်၊ အန်တီနိုင်
အတွက်သာ ထမင်းချိုင့်လာမပို့ရရင် ခြိမ့် ဒီလို လမ်းသရဲ လူယုတ်
မာတွေရဲ့ ထိကပါးရိကပါးလုပ်တာ ခံရမှာမဟုတ်ဘူးကွယ်"

"အန်တီနိုင်နဲ့ မဆိုင်ပါဘူး၊ ခြိမ့်ကလည်း သူတို့မျက်စိ
ထဲ မရိုးသားတဲ့စိတ်တွေဝင်အောင် ဝတ်စားသွားမိလို့ ခုလိုအဖြစ်
မျိုး ကြုံရတာပါ၊ ကြားထဲက ဟို အူကြောင်ကြောင်လူက အချောင်
ဝင်ပြီး ဟီးရိုးလုပ်ပေးလို့ ခြိမ့် ဘာမှမဖြစ်ခဲ့တာပေါ့"

အလင်းကို မုန်းနေမိသည့်ကြားက ကျေးဇူးတင်စိတ်လေး
တော့ ဝင်မိသေး၏။

"အခု သူ ဒဏ်ရာအရှိန်ကြောင့် ဖျားနေတယ်"

"ဟင်…ဟုတ်လား အန်တီနိုင်၊ ဒါဆို ခြိမ့်အနေနဲ့
သတင်းသွားမေးဖို့တော့ ကောင်းတယ်ဟယ်"

"ဟာ…မမအိမ့်ကလည်း လာမနေပြန်ပြီ၊ ယောကျာ်း
လေးတွေနေတဲ့အိမ် မသွားချင်ပါဘူး။ ပြီးရင် သူနဲ့တွေ့တိုင်း
အပေါက်အလမ်းမတည့်တဲ့ စကားမျိုးတွေကိုပဲ ကြားကြားနေရ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူနဲ့မျက်နှာချင်းကို မဆိုင်ချင်ဘူး''

''ဒါပေမဲ့ ညီမလေးကြောင့်ဖြစ်တာလေ၊ ညီမလေးအနေနဲ့ သတင်းတော့ သွားမေးသင့်ပါတယ်''

ခြိမ့် အတော်လေး စိတ်ညစ်သွားသည်။ ဒီလူနဲ့ မျက်နှာချင်းဆိုင်ရမည့်အစား မိကျောင်းအစွယ်ကို ဆိတ်ချိုတူနဲ့ သွားကလော်ထုတ်လိုက်တာကမှ စိတ်ဝင်စားစရာကောင်းဦးမည်။

သို့သော် ကိုယ့်အပြစ်နှင့်ကိုယ်မို့ မမအိမ့်နှင့် အန်တီနိုင်ရှေ့မှာ ဆက်ပြီးခေါင်းမာနေ၍မရတော့။

အန်တီတိုးနှင့် အန်တီစိုးကလည်း ခြိမ့် အလင်းရောင်ထံ သတင်းသွားမေး မမေးကို ခပ်လှမ်းလှမ်းမှ အကဲခတ်နားစွင့်နေကြ၏။

''အင်းပါ…ခြိမ့် သွားမေးလိုက်ပါ့မယ်''

''အေး…ကောင်းတယ် သမီး၊ အန်တီနိုင် အလင်းအတွက် ကြက်စွပ်ပြုတ်လေး လုပ်ထားတယ်၊ အဲဒါလေးပါ ယူသွားပေးလိုက်''

''ဟုတ်ကဲ့…အန်တီနိုင်''

မမအိမ့် အပါအဝင် အန်တီနိုင်တို့ အိမ်သားအားလုံး





အလင်းနှင့် ခြိမ့်ကို ရင်ကြားစေ့ပေးနေမှန်း သိသာလွန်းနေသည်။

ခြိမ့်ကတော့ သူနှင့်မခင်မင်ချင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

အဆင်သင့် ဖွင့်ထားပါလျက်နှင့် အခန်းတံခါးချပ်ကို ခေါက်၍ အိမ်ပေါက်ဝတွင်ရပ်နေသော ခြိမ့်ကိုမြင်တော့ အလင်း မျက်နှာ ရှုတည်တည်ဖြစ်သွားကာ ခြေဆုံးခေါင်းဆုံးကြည့်သည်။

သူကြည့်တော့ ခြိမ့်ပါ ကိုယ့်ကိုယ်ကို စိတ်မလုံ၍ အောက်ငုံ့ကြည့်လိုက်သည်။ ဒီနေ့ ခြိမ့်ဝတ်ထားတာက ခေါင်းစွပ် စပို့ရှပ် အနီရဲရဲလေးနှင့် အနက်ရောင်ဆွဲသားဘောင်းဘီရှည်။ ဒါကို ဒင်းက ဘာအထာနှင့် လူကို စူးစူးစိုက်စိုက် ကြည့်နေရသလဲဟု တွေးပြီး မကျေမနပ်ဖြစ်မိ၏။

မျက်စောင်းကို မသိမသာထိုးပြီး အလင်းနားသို့ ဆတ်





တောက်ဆတ်တောက် လျှောက်လာလိုက်ပြီး

"ရော့…အန်တီနိုင် ပို့ခိုင်းလို့ ဆန်ပြုတ်လာပို့တာ"

"ထားခဲ့"

အလင်း စိတ်ထဲမှာရယ်ချင်ပေမယ့် ခြိမ့်ရှေ့မှာ မရယ်မိအောင် မနည်းသတိထားနေရ၏။

ခြိမ့် ချိုင့်ကိုဆောင့်ခနဲချခဲ့ပြီး အလင်းရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့၏။ အိမ်ပေါက်ဝရောက်ခါနီးမှ ရောဂါအခြေအနေ သတင်း မေးရင် ကိုယ့်ဘက်က အလွန်ဖြစ်မည်စိုး၍

"ရှင် ဒဏ်ရာတွေသက်သာလား"

"ဘာလဲ…နောက်ထပ် မလုံမခြုံ အဝတ်အစားတွေ ဝတ်ပြီး အပြင်ထွက်ရင် ဘော်ဒီဂတ်လုပ်ခိုင်းဦးမလို့လား"

"ရှင်နော်…ဒီက အကောင်းမေးရင် အကောင်းဖြေလေ။ ရှင့်မှာ ယဉ်ကျေးမှုမရှိဘူးလား၊ မိကောင်းဖခင် သားသမီးရော ဟုတ်ရဲ့လား"

ခါးထောက်ပြီး လက်ညှိုးတထိုးထိုးနှင့် ရန်ပြန်တွေ့နေသော ခြိမ့်စကားကြောင့် အလင်း ဟက်ခနဲရယ်လိုက်ပြီး

"ငါက မိကောင်းဖခင် သားသမီးမို့ မင်းကို ဟိုလူရှင်း



www.burmeseclassic.com

www.burmeseclassic.com

ကားတစ်သိုက် ဟိုကိုင်ဒီကိုင်လုပ်နေတာကို အမြင်မတော်လို့ ဝင်ဖိုက်ပေးရတာလေ၊ အခု ငါ့သွားတစ်ချောင်း ကျိုးသွားတယ်၊ မင်း ဘယ်လိုပြန်အလျော်ပေးမလဲ"

"ဘာလဲ...ခြိမ့်က သွားတစ်ချောင်းချိုးပြီး ရှင့်ကို အလျော်ပြန်ပေးရမှာလား"

"သွားတစ်ချောင်း ပြန်လျော်ပေးစရာ မလိုပါဘူး၊ တို့ လိုချင်တဲ့ လျော်ကြေးက ဒီလို..."

"အို...ရှင် ဘာလုပ်တာလဲ"

အလင်းဆိုသည့်လူက ခြိမ့် ထင်မှတ်မထားချိန်မှာ ခြိမ့် ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူပြီး ခြိမ့်ပါးလေးကို ဖျတ်ခနဲ နမ်းလိုက်၍ ခြိမ့် အလန့်တကြား သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက်၏။

"လွှတ်"

"လွှတ်မှာပါ"

"ရှင် သိပ်မိုက်ရိုင်းတဲ့လူ၊ ကဲဟယ်"

"ဟိုး...ဒီလိုလုပ်လို့မရဘူး အမိ၊ ကိုယ့်အသားကိုထိမိ ရင် မင်းပြန်ပေးရမယ့် လျော်ကြေးက ပါးတစ်ဖက်တည်းနဲ့ မရ ဘူးနော်"





ခြိမ့် ဒေါသဖြစ်ဖြစ်နှင့် ခြိမ့်လက်ကို ဆုပ်ကိုင်ထားသည့် အလင်းလက်ထဲက သူ့မလက်ကို ဆောင့်ရုန်းလိုက်သည်။

"ရှင့်ကို သိပ်မုန်းတယ် သိလား"

"ကိုယ်ကလည်း မင်းကို မချစ်နိုင်ပါဘူး"

"ရှင်...ရှင်...အလကားလူ"

"ထင်လို့ပါဗျာ၊ နောက်မှ ကိုယ် ဘယ်လောက်တန်ဖိုး ရှိတယ်ဆိုတာ"

ခြိမ့် မခံမရပ်နိုင်ဖြစ်လွန်း၍ အနီးရှိ စာအုပ်စင်မှ စာအုပ် တွေ တစ်အုပ်ပြီးတစ်အုပ်ယူကာ အလင်းရောင်ရှိရာသို့ ပစ်ပေါက် တော့၏။

အလင်းရောင် ဝဲပျံလာသော စာအုပ်တွေကို ကွေ့ရှောင် ရင်း တဟားဟားဖြင့် အော်ရယ်လိုက်သည်။

ခြိမ့် စိတ်ဆိုးတဲ့ပုံက သူ့ရင်ထဲ ငြိသွားသည်။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"အိမ့်သဲဖြူ"

သတင်းဌာနထဲမှအထွက် အနောက်မှခေါ်သံကြောင့် အိမ့် သဲဖြူ အနောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ အိမ့် အသေအချာမသိသောသူမို့ မရယ်မပြုံး မျက်နှာလေးဖြင့် စေစေ ကြည့်လိုက်သည်။

အရပ်ရှည်ရှည် အသားဖြူဖြူနှင့် တည်ကြည်မွန်ရည်သော ယောကျ်ားပီသသည့်မျက်နှာ။ ဒီလိုမျက်နှာမျိုး အိမ့် တစ်နေရာရာ မှာ မြင်ဖူးခဲ့သည်။ ဘယ်နေရာမှာ မြင်ဖူးသည်ဆိုတာကို စဉ်းစား လို့တော့မရ။ ထိုလူ လည်သာဘောလွယ်အိတ်ကို လွယ်လျှက်





လက်နှစ်ဖက်ကို ဝတ်ထားသော သက္ကလတ်ဘောင်းဘီ၏ ဘေး အိတ်ထဲတွင်ထည့်ပြီး အိမ့်အနားသို့ ခပ်ပြုံးပြုံးလျှောက်လာသည်။

ယောကျ်ားလေးသူငယ်ချင်း. မထားတတ်သူမို့ အိမ့်နှင့် ရုက်မှန်းတန်း ခင်မင်ခဲ့ဖူးသူ မဟုတ်တာတော့ ကျိန်းသေ၏။

"မင်း ကိုယ့်ကို မမှတ်မိဘူးထင်တယ်"

"ဟုတ်တယ်၊ ကျွန်မ ရှင့်ကိုမသိဘူး၊ စိတ်မရှိပါနဲ့"

"မင်း ဒီအလုပ်ကို အင်တာဗျူးဝင်တဲ့နေ့က အကဲဖြတ် အဖွဲ့ထဲမှာ ကိုယ်ပါတယ်လေ၊ ကိုယ်က အလင်းရောင်ရဲ့သူငယ်ချင်း၊ Dream မဂ္ဂဇင်းရဲ့ ဖန်တီးမှုဒါရိုက်တာ"

"ရှင်…ဒါဆို ရှင်က Dream ရဲ့ ပိုင်ရှင်ပေါ့"

"ဟုတ်ပါတယ်"

အိမ့် ကိုယ့်အလုပ်ရှင်မို့ စောစောက အေးတိအေးစက် အမူအရာကို ချက်ချင်းပြင်လိုက်ပြီး

"စိတ်မရှိပါနဲ့၊ ကိုယ့်အလုပ်ရှင်မှန်း မသိလို့ပါ"

"ဘာကိုလာတောင်းပန်နေတာလဲ၊ မင်းကို ကိုယ်က အဲဒီနေ့မတိုင်ခင် အရင်တုန်းကတည်းက တွေ့ခဲ့ဖူးတာ၊ ဒါကြောင့် လာပြီးနှုတ်ဆက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်…အိမ့်ကို သိနေတယ်"

"သိတာပေါ့၊ ဦးသစ်ထူးဆိုတာ ကိုယ့်ဒယ်ဒီလေ"

အိမ့် အံ့သြလွန်းသဖြင့် ဘာပြန်ပြောရမှန်းမသိအောင်ဖြ နှုတ်တွေဆွံ့အကာ မျက်ဝန်းအဝိုင်းသားဖြင့် ပြန်ကြည့်လိုက်သည်။ မျက်နှာချင်းမဆိုင်ဝံ့သော အားနာခြင်း၊ ရှက်ခြင်း၊ သိမ်ငယ်ခြင်း တွေကြောင့် အိမ့် ထိုလူရှေ့မှ အငွေ့အဖြစ် လွင့်ပြယ်သွားချင် သည်။

"ကိုယ့်နာမည် နေဝန်းသစ်ပါ"

"ဟုတ်ကဲ့…တွေ့ရတာ ဝမ်းသာပါတယ်၊ နောက်ပြီး အိမ့် တလက်စတည်း တောင်းပန်ပါတယ်"

"ဘာအတွက်လဲ"

"အိမ့်မာမီကြောင့် ကိုနေဝန်းသစ်ရဲ့ဒယ်ဒီ ဆုံးခဲ့ရတာပဲ လေ"

"သြော်…ဒါက ဒယ်ဒီရဲ့ ကံကြမ္မာကြောင့်ဖြစ်တာပါ လူဆိုတာ မွေးလာကတည်းက ဘယ်နေ့သေရမယ်၊ လူ့သက်တမ်း ဘယ်လောက်ပဲနေရမယ်ဆိုတဲ့ သေမင်းမှတ်တမ်းပါလာပြီးသား ဘယ်သူ ဘယ်သူကိုမှ အပြစ်တင် အမုန်းပွားနေလို့မှမရတာ"





နေဝန်းသစ်ဘက်မှ နားလည်မှုအပြည့်အဝပါသော စကား ကြောင့် အနေကျုံ့လွန်းနေသော အိမ့်၏စိတ်တွေ အနည်းငယ် သက်သာရာရသွားစေ၏။

"ကိုယ်တို့ကသာ မင်းတို့ညီအစ်မတွေကို ပြန်တောင်းပန် ရမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒယ်ဒီ ပြန်ပေးမယ်လို့ ရည်ရွယ် ထားတဲ့ မင်းတို့ရဲ့အိမ်ကြီးကို ကိုယ့်အစ်မက အပိုင်သိမ်းလိုက်လို့ လေ"

ဒဏ်ရာဟောင်းကို ပြန်ဆွနေ၍ အိမ့် စိတ်မသက်သာစွာ ဖြင့် ပြုံးလိုက်ပြီး

"ပြီးခဲ့တာတွေ ပြီးခဲ့ပါပြီ ကိုနေဝန်းသစ်ရယ်၊ အိမ့် စိတ်ထဲမှာ ဘာခံစားမှုမှမရှိတော့ပါဘူး၊ လောကမှာ ဘယ်အရာ များ တည်မြဲတာရှိလို့လဲ၊ အဟင်း…ဟင်း…ဟင်း"

အိမ့် အဖျားခတ်ရယ်လိုက်သော ရယ်သံက သိပ်ပြီး အသက်မပါလှ။

"အင်းလေ‥အဲဒီလိုနားလည်ပေးတာကိုက တကယ့် ကို ကျေးဇူးတင်ထိုက်စရာပါ၊ ဒါနဲ့ ဒီမှာ သတင်းထောက်လုပ် ရတာ အဆင်ပြေရဲ့လား၊ ပင်ပန်းတယ်ဆိုရင်တော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တခြားနေရာကို ပြောင်းပေးမယ်လေ"

"ရပါတယ်၊ သတင်းထောက်ဘဝနဲ့ အတွေ့အကြုံအသ
တွေ လိုချင်သေးလို့ပါ"

"အိုကေလေ…ဒါဆိုရင် ဘာပဲလိုလို ကိုယ့်ဆီကိုဆ
သွယ်ပါ၊ မင်းရဲ့အခက်အခဲမှန်သမျှ ကူညီဖို့ အဆင်သင့်ပဲ"

"ဟုတ်ကဲ့…ကျေးဇူးတင်ပါတယ်"

တရိုတသေ နှုတ်ဆက်ပြီး နေဝန်းသစ်ရှေ့မှ လှည့်အထွ

"အခုရော ဘယ်ကိုသွားရမှာလဲ"

"နာမည်ကြီးဒါရိုက်တာ ဦးသက်ခိုင်ကို အင်တာဗျူး
ဒီနေ့ နေ့လယ် တစ်နာရီမှာ အပွိုင့်မင် ယူထားပါတယ်"

"သူက အလုပ်အရမ်းများတယ်၊ ဒါကြောင့် အင်တာဗျူး
တွေကိုရှောင်တဲ့ ဒါရိုက်တာတစ်ယောက်ပဲ၊ အိမ့်သဲဖြူက အပွိုင့်
မင်ရအောင် တောင်းနိုင်တယ်ဆိုတော့ ဘယ်ဆိုးလို့လဲ"

နေဝန်းသစ်ထံမှ ချီးကျူးစကားသံကြောင့် အိမ့်စိတ်ထဲမှာ
လန်းဆန်းတက်ကြွ၍သွားသည်။ အလုပ်စဝင်ခဲ့ကတည်းက ခု
ထိ အိမ့်၏ကြိုးစားမှုတွေကို အရေးတယူ အသိအမှတ်ပြုပေးမည့်
သူ မရှိခဲ့ဖူး။ ခုတော့ Dream ၏ အရှင်သခင်ကိုယ်တိုင်က
အသိ အမှတ်ပြု ချီးကျူးခံရတာဆိုတော့ အိမ့်စိတ်ထဲ
အနည်းငယ်တော့ ကိုယ့်ကိုယ်ကို အထင်ကြီးသွားမိ၏။

အမှန်တကယ်လည်း အိမ့်ကို တာဝန်ခွဲပေးသည့် သတင်း
ထောက်ချုပ်က အမြဲတမ်း ခက်ခက်ခဲခဲလူတွေကိုသာ ရွေးချယ်ပြီး
အင်တာဗျူး ဝင်နိုင်း၏။

အိမ့်အတွက် အမှန်မလွယ်ကူသော ကိစ္စဖြစ်ပေမယ့်
အင်တာဗျူးခွင့်မရဘဲ ငြင်းဆန်လိုက်သော ပုဂ္ဂိုလ်များဟူ၍ အိမ့်
ရာဇဝင်မှာမရှိ။ သို့သော် ဘယ်သူကမှ အိမ့်ကို စွမ်းဆောင်ချက်
ကောင်းကြောင်း အသိအမှတ်မပြုကြ။

"အိမ့်ကို သွားခွင့်ပြုပါဦး"

"အိုကေ…အိမ့်သဲဖြူ၊ ကိုယ်တို့ နောက်မှ စကားလက်ဆုံ
ကျကြတာပေါ့"

နွေးထွေးသောအပြုံးနှင့် ခေါင်းကို ဆတ်ခနဲညိတ်ပြသော
နေဝန်းသစ်ကို အိမ့် ကျောခိုင်းပြီး Dream အဆောက်အဦထဲမှ
ခပ်သွက်သွက်ခြေလှမ်းတွေဖြင့် လျှောက်လာလိုက်သည်။

ရင်ထဲမှာ ဘာကြောင့်ရယ်မသိ၊ ကျေနပ်မှုလေးတစ်ခုက
လှိုင်းငယ်လေးတစ်ခု ပုတ်ခတ်လိုက်ရသလို ငြိမ့်ခနဲ ဖြစ်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com

အမုန်းတွေ အငြိုးအတေးတွေဆိုတာ သေးသိမ်သော စိတ်ခံစားမှုက ပေါက်ဖွားလာတာပဲ။ ထိုသို့ဆိုလျှင် နေဝန်းသစ်မှာ ထိုသေးသိမ်သောစိတ်မရှိဘူးဟု မှတ်ယူ၍ရနိုင်သည်။

◆ ◆ ◆



## အခန်း (၂၃)

"မမ…ဒီနေ့ ဝမ်းသာစရာကိစ္စ တစ်ခုခုများ ကြုံခဲ့သလား"

ခြိမ့်အမေးကြောင့် ရေချိုးပြီးစကိုယ်ပေါ်ကို တဘက်လေး ခြုံးပတ်ပြီး မှန်တင်ခုံရှေ့မှာ ထိုင်လိုက်သော အိမ့်အကြည့်တွေက မှန်ထဲမှတစ်ဆင့် ခြိမ့်ဆီသို့ ရောက်လာ၏။

"ဘာဖြစ်လို့မေးတာလဲ ခြိမ့်"

"အင်း…ဘာဖြစ်လို့မေးတာလဲဆိုတော့ ဒီနေ့ မမ အမြဲ နေသလိုပဲ၊ အိမ်သားတွေအတွက်လည်း မုန့်တွေဝယ်လာတယ်၊ ရေချိုးတော့လည်း သီချင်းတအေးအေးနဲ့၊ စောစောကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းက ဆံဝင်ရေစိုတွေကိုသုတ်ရင်း မှန်ကြည့်ပြီး ပြုံးနေတယ် များပြီး အရင်နေ့တွေကထက် မှန်ကို ပိုပြီးကြည့်တယ်''

နိုင်လှံသော အချက်အလက်တွေကို တစ်ခုချင်းရှေ့တိုက် နေသော ခြိမ့်စကားကြောင့် အိမ် မှန်ကြည့်ပြီး ပြုံးလိုက်ပြန်သည်။

''ဟော…ဟော…တွေ့လား၊ မှန်ကြည့်ပြီး ပြုံးပြန်ပြီ''

''ဟယ်…ပြုံးတာတောင် လွတ်လွတ်လပ်လပ် မပြုံးရ တော့ဘူးလား၊ တကယ်ပါပဲ၊ တစ်ခါပြုံးခါနီးတိုင်း သူ့ဆီက ပါမစ် ယူရမလိုဖြစ်နေပြီ''

''ဒါပေါ့…ခြိမ့်က မမရဲ့အနီးဆုံးနဲ့ အရင်းနှီးဆုံးလူ တစ်ယောက်၊ မမ ဝမ်းပဲနည်းနည်း ပျော်ပဲပျော်ပျော် ခြိမ့် အကုန် သိသင့်တယ် မဟုတ်ဘူးလား၊ အဟိ…မဟုတ်မှလွဲရော…ဒီနေ့ မမ အင်တာဗျူးသွားမေးရတဲ့အထဲမှာ ရင်ခုန်စရာကောင်းတဲ့လူ တွေ့လာပြီထင်တယ်''

''ဘယ်လို…အဟင်း…ခစ်…ခစ်…ခစ်… အရမ်းရယ်ရ တာပဲဟယ်''

အိမ့် ပါးစပ်ကို လက်ကလေးဖြင့်ကာပြီး ခန္ဓာကိုယ်လေး လှုပ်ရမ်းသည်အထိ တသိမ့်သိမ့်ရယ်ကာပြောသည်။



''အံမယ်…ဒီက အကြားအမြင်ရပြီးသား၊ အမှန်အတိုင်း သာ ဝန်ခံလိုက်တော့''

''ဝန်ခံရမယ် ဟုတ်လား၊ ဘာကိုဝန်ခံရမှာလဲ''

''ဒီနေ့ မမ သွားဗျူးတဲ့သူတွေထဲမှာ မမနှလုံးသားကို ချိတ်ကိုင်လှုပ်ရမ်းလိုက်တဲ့လူ''

''ကဲ…ခြိမ့်ရယ်၊ ငါ့စောစောကထက်တောင် ပိုပြီးရယ် လိုက်ဦးမယ် သိလား၊ ငါ ဒီနေ့ အင်တာဗျူးဝင်ရတာ ဘယ်သူ ဖြစ်လို့လဲ''

''သိဘူးလေ''

''ဒါရိုက်တာ ဦးသက်နိုင်၊ အကယ်ဒမီငါးဆုပိုင်ထားတဲ့ ဒါရိုက်တာ၊ အသက်က ခြောက်ဆယ်ဝန်းကျင်လောက်ရှိပြီ၊ မြေး နှစ်ယောက်ရဲ့အဘိုး''

အိမ့် ခပ်ငေါ့ငေါ့လေးပြောတော့ ခြိမ့် တခစ်ခစ်ဖြင့်ရယ် ပြီး

''ဩော်…အဘိုးကြီးလား၊ အဟီး…ဘွာတေး… ဘွာတေး''

''နောက်တစ်ယောက်ကိုရော သိချင်သေးလား''

www.burmeseclassic.com

www.burmeseclassic.com



"ပြောကြည့်လေ"

"နောက်တစ်ယောက်က လော့စ်အိန်ဂျယ်လိစ်မြို့က[illegible] မိတ်ကပ်ပညာရပ်တွေကို သင်ယူခဲ့တဲ့ မိတ်ကပ်ပညာရှင် [illegible] နဲ့ တွေ့ပြီးမေးခဲ့တာ"

"ယောက်ျားလား…မိန်းမလား"

"ယောက်ျားလို့လည်း ပြောလို့ရတယ်၊ မိန်းမလို့လည်း ပြောလို့ရတယ်"

"ဒါဆို အခြောက်ပေါ့"

"ဟွန်း…သဘောပေါက်လွယ်သားပဲ"

"ဒါနဲ့များ ဒီနေ့ မမ ဘာကြောင့် ပျော်နေတဲ့ပုံပေါ[illegible] နေရတာလဲ၊ မေမေဆုံးပြီးကတည်းက မမ ဒီနေ့လိုမျိုး တစ်ခါ[illegible] မရယ်မပြုံးခဲ့ဖူးဘူး"

"နင် သိချင်လား"

"အင်း…သိချင်တာပေါ့၊ ပြောပြ"

"ငါ ဒီနေ့ ဘယ်သူနဲ့တွေ့ခဲ့လဲ၊ နောက်ပြီး Dream[illegible] အရှင်သခင်ဟာ ဘယ်သူလဲဆိုတဲ့ အချက်နှစ်ချက်ပဲ၊ ကဲ… ဘယ်ဟာကို အရင်သိချင်လဲ"





"ဒီနေ့ မမ ဘယ်သူနဲ့တွေ့ခဲ့သလဲဆိုတာကိုပဲ အရင်သိချင်တယ်"

"အိုကေ…မမ ပြောပြမယ်၊ ဒီနေ့ မမတွေ့ခဲ့တဲ့သူက ဦးသစ်ထူးရဲ့သားနဲ့"

အိမ့်ထံမှ ကြားရသောစကားကြောင့် ခြိမ့် မျက်နှာလေး ရှုံ့မဲ့သွားသည်။ ဒါများ အထူးအဆန်းလုပ်ပြီး ပျော်နေစရာလား ဟု တွေးပြီး အိမ့်ကို စိတ်ပျက်သလို အကြည့်ဖြင့် ကြည့်လိုက်ပြီး ကျွတ်ခနဲ စုတ်သပ်ကာ

"ဒါက ပျော်စရာလား၊ ခြိမ့်တို့ ဒီဘဝရောက်အောင် အပြုတ်တိုက်ခဲ့တဲ့ သူတို့ကို ခြိမ့်ကတော့ တွေ့တာနဲ့ အရေခွံကို ဆုတ်ပစ်ချင်တာ၊ ယုံလားတော့မသိဘူး"

"သြော်…ခြိမ့်ရယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အဲဒီလောက် အငြိုးမကြီးစမ်းပါနဲ့ကွယ်၊ လူဆိုတာ ကိုယ့်လောဘနဲ့ကိုယ် အသက်ရှင်နေကြတဲ့ သူတွေချည်းပဲဆိုတာ ကောင်းကောင်းသဘော ပေါက်ထားစမ်းပါ၊ နောက်ပြီး သူတို့နဲ့ ငါတို့ညီအစ်မနှစ်ယောက်က တစ်ဦးနဲ့တစ်ဦး ရင်းနှီးကြတာလည်း မဟုတ်ဘူး၊ သူတို့အဖေ သေရတာ မာမီ့ကြောင့်ဆိုတဲ့ အစွဲကြီးနဲ့တင် သူတို့ ရသင့်ရထိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့မျက်နှာမှ ထောက်စရာမလိုဘဲ ယူပိုင်ခွင့်ရှိ
သူတို့နေရာမှာ ငါတို့ညီအစ်မဖြစ်ကြည့်၊ မြို့ရော…ငါ့
သေရတာ သူတို့ဒယ်ဒီကြောင့်၊ ဒါပေမဲ့ ခွင့်လွှတ်ပြီး သိန်း
ထောင်နဲ့ချီပြီးတန်တဲ့ ဒီအိမ်ကို အကြွေးနဲ့မသိမ်းတော့ပါဘူး
ဆိုပြီး အိမ်ပေါင်ထားတဲ့စာချုပ်ကို အလကားပေးပစ်မလား"

အိမ့်အမေးကြောင့် မြို့ ဘာမျှပြန်မပြောဘဲ ငြိမ်ကျသွား
သည်။

"အခု သူ့ကို ငါက မမှတ်မိဘူး၊ သူက မှတ်မိပြီး
လာမိတ်ဆက်တာ၊ ဒီတော့မှ ဦးသစ်ထူး သားမှန်း သိတာ၊ ငါတို့
အိမ်ကို သူ့အစ်မ ရှေ့နေနဲ့လာသိမ်းတုန်းက သူ မပါဘူးလေ"

"ကဲပါ…ထားပါတော့၊ ပြီးခဲ့တာတွေ ပြောမနေပါနဲ့
တော့၊ ရင်နာလွန်းလို့ပါ၊ ခုပြောရမှာက မမအိမ့် အူမြူးရတဲ့
အကြောင်းအရင်း၊ ဘာလဲ…သူက အိမ်ကြီးကို ပြန်ပေးမယ်လို့
ပြောလိုက်လို့လား၊ ဒါမှမဟုတ် ရည်းစားစကားပြောလိုက်လို့လား"

"မရွှဲပါနဲ့၊ ဒီက အကောင်းပြောနေတဲ့ဟာကို"

"မရွှဲပါဘူး"

"သူက သူတို့ကြောင့် ငါတို့ညီအစ်မ ခုလို အခြေပျက်





ရတာကို တောင်းပန်ပါတယ်တဲ့၊ ငါတို့မာမီကြောင့် သူ့ဒယ်ဒီ
ရတယ်ဆိုတဲ့ အငြိုးအတေးစိတ်ကြီးက သူ့မှာ ဟိုးအရင်
ကတည်းက မရှိခဲ့တာပါတဲ့"

"အဲဒါနဲ့ အူမြူးခဲ့ရောပေါ့"

"မဟုတ်သေးဘူး၊ ငါ သူ့ကိုမြင်တော့ စိတ်လှုပ်ရှား
သွားတယ်၊ အဲဒီခံစားမှုကို ဘာလို့ အဓိပ္ပာယ်ဖွင့်ဆိုဖို့ခက်ပေမယ့်
ငါ့စိတ်ထဲမှာ သူ့ကို အမြဲတမ်းတွေ့ချင်သွားတယ်၊ သူ့ရဲ့အကြည့်
အပြုံးတွေကို နှစ်သက်သွားမိတယ်"

"ဟာ…ဘာလိုင်းကြီးပါလား"

"ဘာလိုင်းကြီးမဟုတ်ဘူး၊ ဟောဒီရင်ဘတ်ထဲက သူ့
အလိုလို ပေါက်ဖွားလာတဲ့ ခံစားမှုမို့ အရမ်းလေးနက်တယ်၊ အဲဒါ
ကို အချစ်လို့ခေါ်မလားပဲ"

မြို့ နှာခေါင်းလေးရှုံ့ကာ မဲ့လိုက်သည်။

"ဒါပေမဲ့ သူနဲ့မမက အမြဲတမ်းတွေ့နေမှာမို့လား၊ တစ်နေ့
တစ်နေ့ ကင်မရာတစ်လုံးကိုင်ပြီး ဟိုပြေးဒီလွှား လုပ်နေရတဲ့ဟာ၊
ဘယ်အချိန်ကျမှ သူ့ရှေ့သွားပြီး အီစီကလီ လုပ်ပြမှာတဲ့လဲ"

"နေ့တိုင်း သူနဲ့တွေ့ရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



စောစောက ငါပြောတဲ့အချက်က နှစ်ချက်နော်၊ တစ်ချက်က ရွှေ ပြီးပြီဆိုတော့ နောက်တစ်ချက် ကျန်သေးတယ်၊ အဲဒါက ဘာလဲ ဆိုတော့ Dream ရဲ့ ပိုင်ရှင်က ဦးသစ်ထူးရဲ့သား၊ သူ့ဆိုင် နေဝန်းသစ် ဖြစ်နေလို့ပဲ''

''ဟယ်…တကယ်''

ဒီတစ်ခါ ခြိမ့် မအံ့သြဘဲ မနေနိုင်။

''ဒါဆိုရင်တော့ ဒီလူအချစ်ကိုရဖို့ အကောင်အထည် ဖော်တော့၊ ညီမလေး အားပေးတယ်၊ ဒါမှ ခြိမ့်အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်မှာနော်''

''ဘာလဲ…ဒီအိမ်ကြီးကို ပြန်ပြီးပိုင်ဆိုင်ရဖို့လား''

''အင်း…ဟုတ်တယ်''

''ဒါဟာ သိပ်တော့မလွယ်ဘူး ခြိမ့်ရဲ့''

''ဒါပေါ့…ဒါကြောင့် ခြိမ့်လက်ထပ်ရင် ဒီအိမ်ကြီးကို ဝယ်ပေးနိုင်တဲ့သူကိုပဲ လက်ထပ်မယ်လို့ လုံးဝ သံန္နိဋ္ဌာန်ချထား တယ်၊ ဒါဟာ ညီမလေးဘဝမှာ အကြီးမားဆုံးမျှော်လင့်ချက်ပဲ''

''မမကတော့ အဲဒီလောက်မမျှော်လင့်ပါဘူး၊ အရာ အားလုံးကို ကံက စီမံပါလိမ့်မယ်''





''ခြိမ့်ကတော့ မမလို ကံကိုပုံမချပါဘူး၊ ဘိုးဘွားပိုင် အိမ်ကြီးကို ဘယ်သူပဲပိုင်ပိုင်၊ အဓိကက သူများလက်ထဲကနေ ခြိမ့်တို့တွေ ပြန်ပိုင်ဆိုင်ရဖို့ပဲမဟုတ်လား''

ခြိမ့်၏ခံစားချက်ကို နားလည်စွာဖြင့် ပင့်သက်ရှိုက်လိုက် ရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ လေးလေး နက်နက် ပြုံးလိုက်ကြပြီး အားပေးနှစ်သိမ့်သည့်အနေဖြင့် ခြိမ့်လက် ကို ခပ်နွေးနွေး ဆုပ်ကိုင်လိုက်သည်။ ခြိမ့်အဖို့တော့ အချစ်မပါ ရင် နေပါစေ၊ ဒီအိမ်ကြီးကို ပြန်ပြီးပိုင်ဆိုင်နိုင်မယ်ဆိုရင် နှလုံးသား အစုံ သွေးစိမ်းရှင်ရှင်ထွက်အောင် အရင်းတည်ရတည်ရပါစေ၊ ရှုံးပါဘူး။

ဒါဟာ လောဘဆိုရင်တော့ ခြိမ့်လည်း လူသားပဲလေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဒီနေ့ မာမီဆုံးတာ ခြောက်လပြည့်တဲ့နေ့မို့ ခြိမ့် ဘုရားကို တစ်ယောက်တည်း ထွက်လာလိုက်သည်။ ရင်ပြင်တော်ပေါ်သို့ လှေကားစောင်းတန်းမှတက်လျှင် ခြိမ့် မောတတ်သဖြင့် ဓာတ်လှေကားဖြင့်တက်ရန် ဓာတ်လှေကားရှိရာသို့ တစ်ယောက်တည်း ခပ်ဖြည်းဖြည်း လျှောက်လာခဲ့လိုက်သည်။

"ခြိမ့်…ဘုရားလာတာလား"

ကိုယ့်ရှေ့မှ ပိတ်ရပ်ပြီး မေးလိုက်သော ကျော်ဇောမြတ်အား ခြိမ့် အပြုံးလေးဖြင့် ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်ပြီး

"ဟုတ်တယ်…ဒီနေ့ မာမီဆုံးတာ ခြောက်လပြည့်တဲ့





နေ့လေ"

"အဖော်လေး ဘာလေး ခေါ်လာရောပေါ့ ခြိမ့်ရယ်၊ ခုလို တစ်ယောက်တည်းထွက်လာတော့ အပြန်မိုးချုပ်မှာပေါ့"

ကျော်ဇောမြတ် စိုးရိမ်တကြီးပြောတော့ ခြိမ့်ရင်ထဲ ပို၍ ရှင်းနီးသွားသလို ခံစားလိုက်ရပြီး

"ခြိမ့်မှာ တစ်ဦးတည်းသောအဖော်က မမပဲရှိတာလေ၊ မမက အင်တာဗျူးကိစ္စနဲ့ မော်ဘီဘက်ထွက်သွားတော့ ခြိမ့် တစ်ယောက်တည်း ထွက်လာခဲ့ရတာပေါ့"

"ဒါဆိုလည်း အဖော်လေး ဘာလေး ရှာလေ"

"ဘယ်လို…တခြားအဖော် ဟုတ်လား၊ နင်ကလည်း လာနောက်နေပြန်ပြီ၊ ငါက အပျိုကြီးလုပ်မှာ"

ခပ်လွင်လွင်လေးရယ်ကာ ပြောလိုက်သော ခြိမ့်စကားကြောင့် ကျော်ဇောမြတ်ပါ ခြိမ့်နှင့်အတူ လိုက်ရယ်လိုက်ပြီး

"မလုပ်ပါနဲ့ဟာ၊ နင်ကလည်း နှမြောစရာကြီး"

"အယ်…ဘာကိုနှမြောတာလဲ"

"နင့်ကို နှမြောတာပေါ့"

"ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဆိုင်တယ်လေ၊ သိပ်လှတဲ့ ပန်းလေးတစ်ပွင့်ကို ဘယ်သူမှ မခူးမဆွတ်ဘဲ ဒီအတိုင်းထားရင် ပန်းပွင့်က လှနေ မယ့် သူ့ရဲ့ဂုဏ်သတ္တိကို သူပြသခွင့်မရှိဘဲ ဒီအတိုင်း ညှိုးခြေ ခြောက်သွားမှာပေါ့၊ လူတွေရဲ့ အမြတ်တနိုးခူးဆွတ်ခြင်းခံရပြီး သူ့ကိုနမ်းရှိုက်တဲ့သူရှိမှသာ ဒီပန်းဟာ ပန်းပွင့်ပီသတော့ ကမ္ဘာ လောကကို အကျိုးပြုတဲ့ပန်း ဖြစ်တော့မှာလေ၊ လူတွေရဲ့ ဥပေက္ခာ ပြုခြင်းခံရတဲ့ပန်းဟာ ဘယ်လောက်အထီးကျန်လိမ့်မလဲ"

လိုရာဆွဲတွေးပြီး ပြောနေသော ကျော်ဇောမြတ်စကား ကြောင့် ကိုယ်ကပဲ ဘာတန်ဖိုးမှမရှိတဲ့ ပန်းတစ်ပွင့်ဖြစ်ရချေရဲ့

"တော်ပါတော့ဟယ်၊ ပန်းပီသဖို့ သူများရဲ့ အခူးအဆွတ် ကို ခံရမှဆိုရင်တော့ ပန်းမပီသရင်လည်း နေပါစေတော့၊ အခြေ တော့ မခံနိုင်တော့ပါဘူး၊ ခုဘဝလေးကမှ သောကအပူရှိနေ မယ့် ခပ်ပါးပါးလေး၊ သူများအခူးခံ အခြွေခံ အနမ်းခံရမှ နာကျင် မှုတွေပိုများပြီး သောကတွေကြားထဲ စုန်းစုန်းမြုပ်ဝင်သွားပါဦး မယ်"

"ဒါဆို နှင် လူဘယ်ပီသတော့မလဲ၊ ငါကတော့ နှင့်ကို ခုလို တစ်ယောက်တည်း အထီးကျန်ပြီး ဘဝကို ကုန်ဆုံးသွားမှာ





ကို မမြင်ချင်ဘူး၊ ဖြစ်နိုင်ရင် နှင့်အနားမှာ နေပေးချင်တယ်၊ နှင်သာ ခွင့်ပြုမယ်ဆိုရင်ပေါ့"

"အံမယ်…ကိုရွှေလိပ်ကြီး၊ နောက်ဆုံးတော့ ရှင့်ဘက်ကို ဆွဲယက်လိုက်တာပေါ့လေ"

"ငါက နှင့်ကို ပိုင်ဆိုင်ချင်တာကိုးဟ၊ နှင့်ကို တစ်သက် လုံး စိတ်ချမ်းချမ်းသာသာ ထားချင်တယ်၊ နှင့်ဘဝရဲ့ လိုအပ်ချက် တွေကို ဖြည့်ဆည်းပေးချင်တယ်၊ ပြီးတော့ အကြင်နာတွေ တစ်ပုံ တစ်ပင်ကြီး ပေးချင်တယ်၊ နှင်ပြန်ပေးရမှာက နည်းနည်းလေးပါ"

"ငါက ဘာပြန်ပေးရမှာလဲ"

"အချစ်တွေနဲ့ ထုံမွှမ်းထားတဲ့ နှင့်ဘဝကိုပေါ့"

"သွားစမ်းပါ ကောင်စုတ်ရယ်"

ခြိမ့် ကျော်ဇောမြတ်၏လက်မောင်းကို အရှက်ပြေ ဖြန်းခနဲ ရိုက်လိုက်သည်။ ကျော်ဇောမြတ် အလွတ်မပေးဘဲ ခြိမ့်၏လက်ကို ဖမ်းဆွဲ၍ မလွှတ်တမ်းဆုပ်ကိုင်လိုက်သည်။ နွေးထွေးသောလက် အစုံက ခြိမ့်ကို လိုတရဖြစ်စေမယ်ဆိုရင်တော့ ခြိမ့် အတင်းငြင်း လိုက်လို့ မဖြစ်သေး။ သူ့ရဲ့ ကိုယ်ကျင့်တရားနဲ့ စိတ်ဓာတ်ကို အနီးကပ်လေ့လာပြီးမှ ခြိမ့် ရင်ထဲက နှစ်နှစ်ကာကာ လက်ခံချင်



www.burmeseclassic.com

www.burmeseclassic.com


စိတ် ဖြစ်ပေါ်လာသည်ဆိုလျှင် ခြိမ့် ကျော်ဇောမြတ်ကို လက်တွဲဖော်အဖြစ် ရွေးချယ်ရတော့မှာပေါ့။

"ငါ တကယ်ပြောတာ ခြိမ့်၊ နင့်ကို ခုမြင် ခုကြို သဘောနဲ့ လွယ်လွယ်ပြောလိုက်တာမဟုတ်ဘူး၊ ဟောဒီက ရင်ဘတ်ထဲမှာ အချိန်တွေအကြာကြီး ကိန်းအောင်းနေတဲ့အချစ်ကို ဆက်ပြီး မျိုသိပ်မထားချင်တော့လို့ တလက်စတည်း ဖွင့်ပြ လိုက်တာ၊ တကယ်တော့ ငါက နင့်ကို စတိတ်ကျောင်းသား ကတည်းက ကြိတ်ကြိုက်နေခဲ့တာဟ၊ နင်က မာနအရမ်းကြီး သာ နင့်အနားမကပ်ရဲခဲ့တာ"

"နင် ဘုရားလာဖူးတာလား၊ လိပ်ဥလာတူးတာလား"

ခြိမ့် ခပ်ရွှရွှမေးတော့ ကျော်ဇောမြတ် ဟက်ခနဲ လိုက်ပြီး

"လာတုန်းကတော့ ဘုရားလာဖူးတာပဲ၊ ဒါပေမဲ့ ထီ တွင်းကို လမ်းကြုံနေတော့ တစ်ခါတည်း တူးလိုက်တာလေ"

"ဟယ်...ကောင်စုတ်၊ သိုက်တူးသမား အချော သမား"

ခြိမ့် အရယ်အပြုံးတို့ဖြင့် အားမနာတမ်း ခပ်ပျစ်ပျစ်ထော

လိုက်သည်။ ထို့နောက် ဓာတ်လှေကားထဲသို့ တခြားသူတွေနှင့် အတူ ခြိမ့်နှင့် ကျော်ဇောမြတ် ဝင်ခဲ့ကြသည်။

ကျဉ်းမြောင်းသော ဓာတ်လှေကားအခန်းငယ်ထဲတွင် ကျော်ဇောမြတ် ခြိမ့်ကို တခြားသူတွေ မတိုးမိစေရန် သူ့ကိုယ်နှင့် ကွယ်ပေးထား၏။ သူ့ဝင်သက်ထွက်သက်နွေးနွေးက ခြိမ့်နဖူးပြင် မှာ ဝဲကျနေသော ဆံစအချို့တို့ကို ဝဲခါနေစေ၏။

ခြိမ့် သူ့ရင်ခွင်ကျယ်ထဲမှာ အသက်ရှူမှားမတတ်။

ရင်ခုန်တာလား စိတ်လှုပ်ရှားတာလား၊ ဘယ်လိုခံစားမှု တွေ ဖြစ်နေသလဲဆိုတာတော့ ခြိမ့် မဝေခွဲတတ်သေးပါ။

သေချာတာကတော့ ခြိမ့်ရဲ့ ရည်မှန်းချက်ကို ကျော်ဇော မြတ်ဆိုတဲ့ ငယ်သူငယ်ချင်း သူဌေးတစ်ယောက်ကတော့ ဖြည့် ဆည်းပေးနိုင်လောက်ပါရဲ့။

ရင်ထဲမှ မျှော်လင့်ချက်တွေထဲ အလင်းရောင်တစ်ခု ဖြာ ဆင်းကျလာသည်။

ခြိမ့် ပြုံးလိုက်ပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အိမ့်သဲဖြူ…ဒါရိုက်တာ ခေါ်ခိုင်းလိုက်ပါတယ်"

ကိုယ်ယူလာသော သတင်းတွေကို ကွန်ပျူတာထဲ ဖြော
ထည့်နေတုန်း ဘဏ္ဍာရေးဌာနမှ မချောစု လာခေါ်၍ အိမ့် ကွန်
တာစားပွဲမှ ထလိုက်သည်။

"ဟုတ်ကဲ့…မချောစု၊ အိမ့် ခုပဲလာခဲ့ပါမယ်"

မချောစု ထွက်သွားတော့ အိမ့် သက်ပြင်းခပ်ငွေ့ငွေ့လေး
ချပြီး ကွန်ပျူတာခန်းထဲမှ ထွက်ခဲ့လိုက်သည်။

အခန်းထဲမှာ ကျန်ခဲ့သော လုပ်ဖော်ကိုင်ဖက်တွေ၏
အကြည့်တွေက ဘာကြောင့် ဒါရိုက်တာကခေါ်သလဲဆိုသည့်





နေစမ်းသောအကြည့်တွေဖြင့် ကြည့်ပြီး ကျန်ခဲ့ကြသည်။ အိမ့် သူတို့၏ စပ်စုလိုကြသော အကြည့်တွေကို ဂရုစိုက်မနေအားဘဲ ရင်တထိတ်ထိတ်ဖြင့်သာ ဒါရိုက်တာရုံးခန်းရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာလိုက်သည်။

"ဝင်ပါ…မမ"

ရုံးအကူ ကောင်မလေး တံခါးဖွင့်ပေးခြင်းကြောင့် အိမ့် ရုံးခန်းထဲသို့ ဝင်လိုက်၏။

"ကျွန်မကို ခေါ်တယ်ဆိုလို့ပါ"

"သြော်…လာပြီလား၊ ထိုင်ပါ"

အပြုံးအေးအေးဖြင့် ဆီးကြိုသော နေဝန်းသစ်ကို ခပ်ရိုရို့ ပြုံးပြပြီး ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဒီနေ့ဟာ ကျွန်တော်တို့ Dream စတင်မွေးဖွားကတည်းက ငါးနှစ်တင်းတင်းပြည့်တဲ့နှစ်ဆိုတာ အိမ့်သဲဖြူ သိပြီးလောက်ပြီပေါ့"

"ဟုတ်ကဲ့…သိပါတယ်"

"နောက်ပြီး Dream ရဲ့ မွေးနေ့နဲ့ ဝန်ထမ်းထဲက တစ်စုံတစ်ယောက်ရဲ့ မွေးနေ့က လာတူနေတော့ အဲဒီဝန်ထမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝုဏ်ပြုလက်ဆောင် ချီးမြှင့်ချင်ပါတယ်၊ ဒါကြော

Dream ရဲ့ လက်ဆောင်ကို လက်ခံပါ''

''ရှင်''

ကမ်းပေးလာသော ကတ္တီပါ ဘူးအနီလေးကိုကြည့်ပြီး အိမ့် ဘယ်လိုငြင်းဆန်ရမှန်းမသိ။ ယူလည်း မယူဝံ့။

''ယူပါ အိမ့်သဲဖြူ၊ ဒီနေ့မှာ မင်းမွေးနေ့မဟုတ်ဘဲ တခြား သူရဲ့ မွေးနေ့ဆိုရင်လည်း ဒီလို ဂုဏ်ပြုမွေးနေ့လက်ဆောင်မျိုး ပေးမှာပါ''

''ကိုနေဝန်းသစ်က အိမ့်ရဲ့မွေးနေ့ကို သိနေတယ်''

အိမ့်သဲဖြူ တိုးညင်းဖြည်းလျှစွာ မေးသည်။ နေဝန်းသ ကျက်သရေရှိစွာပြုံးသည်။

''မင်းရဲ့ကိုယ်ရေးရာဇဝင်ရော၊ ဒီမှာရှိတဲ့ ဝန်ထမ်းတွေ ကိုယ်ရေးရာဇဝင်ရော ဒီရုံးခန်းထဲမှာရှိတယ်ဆိုတာ မေ့နေပြီထင် တယ်''

အိမ့် ဘာမှပြောစရာမရှိ၍ အပြုံးနှင့်အတူ ခေါင်းကိုအသာ ငုံ့ထားလိုက်သည်။

''ရော့...ယူလေ၊ ကိုယ်ကမ်းပေးနေရတာ ကြာပြီ''





''သြော်...ဟုတ်ကဲ့''

အိမ့် ကမ်းပေးလာသော ကတ္တီပါဘူးလေးကို မဝံ့မရဲ ဘရိုတသေ လှမ်းယူလိုက်သည်။

နေဝန်းသစ် အိမ့်၏ ရှိုးတိုးရှန့်တန့်အမူအရာကို ပြုံးကြည့်

''ဒီနေ့ မင်းပြန်ရင် မင်းရဲ့အိမ်ကို ကိုယ်လိုက်ခဲ့မယ်''

''ရှင်''

''တခြားအကြောင်းတော့ မရှိပါဘူး၊ ကိုယ်တို့ကြောင့် ခြပျက်ခဲ့ရတဲ့ မင်းတို့ရဲ့နေထိုင်မှုကိုသိပြီး ကူညီသင့်တာ ကူညီ အောင်လို့ပေါ့''

''ရပါတယ်၊ အိမ့်တို့ညီအစ်မနှစ်ယောက် ခုဘဝနဲ့ နေ တတကျ ရှိသွားပါပြီ''

''ဒါပေမဲ့ ကိုယ့်မှာ တာဝန်တွေရှိနေသေးတယ်၊ လောက လယ်မှာ မျက်စိသူငယ် နားသူငယ်နဲ့ ဒုက္ခတွေ ပင်လယ်ဝေ ခဲ့တာ ကိုယ့်အစ်မကြောင့်ပဲ မဟုတ်လား၊ အဲဒီအတွက် မင်း ကို တစ်ခုခုပေးဆပ်နိုင်မှ ကိုယ့်စိတ်တွေ ဖြေသာနိုင်မှာမို့လို့ပါ''

အိမ့်တို့ညီအစ်မနှစ်ယောက်၏ ကံကြမ္မာကို သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အမှားရေးခဲ့၍ နောင်တရနေသော ပုံစံမျိုးလို ပေးဆပ်မယ်ဆို ကြီးပဲ ဖွတ်အတင်းပြောနေသော နေဝန်းသွင်အား နားလည်ရခ သောအကြည့်ဖြင့် ကြည့်လိုက်သည်။

သူက ဘာတွေပြန်ပေးဆပ်မှာလဲ။ အိမ့်တို့ ကျောနိုင် ဆုံးရှုံးခဲ့ရတဲ့ ဒီအိမ်ကြီးကို ပြန်ပေးဆပ်နိုင်မှာမို့လား။

အိမ့်...မဲ့ပြုံးတစ်ခုကို ခေါင်းငုံ့ပြီး ပြုံးလိုက်သည်။

ဒါဟာ မိန်းမတစ်ယောက်ရဲ့ဘဝကို ပိုင်ဆိုင်ဖို့အတွေ ပထမအဆင့် ခြေလှမ်းနဲ့ ချဉ်းကပ်နေပြီဆိုတာ အိမ့် ကောင်းကော သိနေတာပဲ။

◆ ◆ ◆



## အခန်း (၂၆)

နေဝန်းသစ် အိမ်ရှေ့ကို ကားထိုးရပ်လိုက်သည်နှင့် တစ်အိမ်လုံး မှောင်မည်းနေသော အိမ်၏ တိတ်ဆိတ်ခြင်းက ဆီးကြိုနေ၏။

တစ်အိမ်လုံး အစောကြီးအိပ်နေကြလားဆိုသည့် ထင်ကြေးနှင့် ကားပေါ်မှဆင်းရန် ဟန်ပြင်လိုက်သည်။

"အိမ့်သဲဖြူ...ဒီအိမ်လား"

"ဟုတ်ပါတယ်"

"တစ်အိမ်လုံး မှောင်မည်းနေတာပဲ၊ အစောကြီးပဲရှိသေး တယ်၊ အိပ်ကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ ဒီနေ့မှ တစ်အိမ်လုံးမှောင်ချပြီး အိပ်ကုန်ကြတာလား၊ ဒါမှမဟုတ် အပြင်များ သွားကြလားမသိပါဘူး"

အိမ့် ခပ်ညည်းညည်းလေးပြောပြီး ကားတံခါးဖွင့်ဆင်းလိုက်သည်။ နေဝန်းသစ်ပါ ကားပေါ်မှဆင်းလိုက်သည်။

"နေဦး…မှောင်နေတယ်၊ ကိုယ်ပါ အဖော်လိုက်ပေးမယ်"

ခြံထဲသို့ စမ်းတဝါးဝါးဝင်သွားသော အိမ့်အနောက်မှ လိုက်လာပြီး ဖုန်းအလင်းရောင်ဖြင့် ခြံထဲသို့ ဝင်ခဲ့ကြ၏။

ဖုန်းအလင်းရောင်လေးဖြင့် အိမ့် စမ်းတဝါးဝါးဖြင့် အိမ်တံခါးကို တွန်းဖွင့်ကြည့်သည်။

တံခါးက စေ့ရုံစေ့ထား၍ အိမ့် တွန်းလိုက်တာနှင့် ပွင့်သွားသည်။

"ဩော်…တံခါးက စေ့ထားရုံပဲ စေ့ထားတာ"

ဖုန်းအလင်းရောင်ဖြင့် နောက်မှလိုက်တက်လာသော နေဝန်းသွင်ကို ခပ်တိုးတိုးပြောလိုက်သည်။

ရုတ်တရက် မီးများ ဖျတ်ခနဲပြန်လင်းလာသည်။

"ယေး…ဟက်ပီးဘတ်ဒေး"





"ဟင်"

ဧည့်ခန်းတွင် လူစုံတက်စုံ ရောက်နှင့်နေကာ အလယ်မှ ဘတ်ဒေးကိတ်အကြီးကြီးချကာ ဟက်ပီးဘတ်ဒေးဟု ဝိုင်းအော်ကြသော အသံနှင့် မြင်ကွင်းက အိမ့်အား မယုံနိုင်လောက်အောင် အံ့အားသင့်စေခဲ့၏။ အလင်းနှင့် မောင်နိုင်ပါ လူစုံရောက်နေကြသည်။

"ဒါ…ဒါက ဘယ်လိုဖြစ်ပြီး…"

အိမ့် လက်ညှိုးလေးတထိုးထိုးဖြင့် တအံ့တသြအမေးပင်ဆုံးလိုက်။

"ဒီနေ့ မမရဲ့မွေးနေ့လေ၊ ဒါကြောင့် အန်တီခိုင်နဲ့ ခြိမ့်က အသေးစားမွေးနေ့ပွဲလေးကို စီစဉ်ထားတာ"

အန်တီခိုင်နှင့်အတူ [illegible]တိုးတို့ အန်တီစိုးတို့ပါ အိမ့်ကို လက်မလေးတွေ ထောင်ပြကာ အိမ့်မွေးနေ့ဟု အသိအမှတ်ပြုကြသည်။ အန်တီခိုင့်ဘေးမှာ ထိုင်နေသော အလင်းရောင်··နေဝန်းသစ်တို့မြင်တော့ ဝမ်းသာအားရဖြင့် ထိုင်ရာမှထလိုက်၏။

"ကိုနေ…မင်းလည်းပါလာတာကို၊ ဒါဆို အတော်ပဲကွာ၊ မအိမ့်ရဲ့ မွေးနေ့ကိတ်ကို လူစုံတက်စုံ စားသွားကြရတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



လာ…လာ”

အလင်းရောင် အိမ့်အနောက်မှာ ကြောင်တက်တက်ရပ်နေသော နေဝန်းသစ်ကို ထခေါ်ပြီး ဧည့်ခန်းထဲ ဆွဲသွင်းလာသည်။

“အန့်တီခိုင်တို့ အန့်တီစိုးတို့ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ Dream ရဲ့ ဒါရိုက်တာ ကိုနေဝန်းသစ်ပါ၊ အန့်တီခိုင်…သူက ဦးသစ်ထူးရဲ့သားလေ၊ ခုလည်း အိမ့်တို့ ဘယ်လိုအခြေအနေမျိုး နေနေရလဲဆိုတာသိချင်လို့ အိမ့်ကို တကူးတကလိုက်ပို့တာ”

“ဪ…ဦးသစ်ထူးရဲ့သားလား၊ ကံကြမ္မာက ဆုံလည်း ဆုံပေးတတ်ပါရဲ့ကွယ်၊ ကဲပါ…ရောက်တုန်းရောက်ခိုက် အန့်တီခိုင်တို့မိသားစုနဲ့ ပျော်ပျော်ပါးပါး စားကြသောက်ကြတာပေါ့”

“ဟုတ်ကဲ့ပါခင်ဗျ”

အန့်တီခိုင် နေဝန်းသစ်ကို ဖော်ရွေပျူငှာစွာ ဖိတ်ခေါ်လိုက်သဖြင့် နေဝန်းသွင် ကိတ်မုန့်စားပွဲဝိုင်းကြီး၏ ဘေးနေရာလွတ်တွင် ဝင်ထိုင်လိုက်သည်။

ခြိမ့် နေဝန်းသွင်ကို မသိမသာအကဲခတ်ပြီး မမအိမ့်ထို တော်တယ်ဟူသော အရိပ်အကဲဖြင့် ခေါင်းညိတ်ပြလိုက်သည်။

“မမအိမ့်…ကိတ်မုန့်ကို မီးမြန်မြန်ထွန်းပြီး မြန်မြန်မှုတ်





တော့၊ ပုံ့ပုံ့တို့ စားချင်နေပြီ”

တုံတုံလေးက ကိတ်မုန့်ဗန်းပေါ်မှ ခရင်မ်အစအနလေးကို လက်ညှိုးနှင့် တို့၍စားနေသည်။

“ကဲ…ကဲ…လူစုံပြီပဲ၊ မီးထွန်းတော့၊ နို့မို့ဆို ဒီအငတ်မလေးနှစ်ကောင် ဂနာငြိမ်မှာမဟုတ်ဘူး၊ ရော့…မီးခြစ်”

ကြီးမေ ကမ်းပေးသော မီးခြစ်ကို လှမ်းယူပြီး ကိတ်မုန့်ပေါ်မှာ အဆင်သင့် ထိုးဆိုက်ထားသော ရောင်စုံဖယောင်းတိုင်လေးတွေကို မီးညှိလိုက်သည်။ ဟက်ပီးဘတ်ဒေးသီချင်းကို သံပြိုင်သီဆိုလိုက်ကြသည်။ အိမ့်မွေးနေ့ကို အားလုံးက အရေးတယူနှင့် အသိအမှတ်ပြုပေးကြသည့်အတွက် အိမ့် ပျော်နေသည်။

ကိတ်မုန့်တွေကိုလှီးပြီး တစ်ယောက်စီ လိုက်ခွဲ့လိုက်သည်။

“မမအိမ့်…မီးမီးကို အကြီးကြီးခွဲ့”

“တုံတုံကိုရော ခွဲ့”

အားလုံး တစ်ယောက်တစ်ပေါက်နှင့် ဆူညံနေကြ၏။

နေဝန်းသစ်ကို ခွဲ့ရမည့်အလှည့်ရောက်တော့ အိမ့် ရင်တွေခုန်နေသည်။ မျက်ဝန်းမှ အရောင်တွေလက်ဖြာကာ တုန့်ရင်သော



www.burmeseclassic.com

www.burmeseclassic.com



လက်အစုံဖြင့် နေဝန်းသစ်ကို ကိုတ်မုန့်ခွဲ့လိုက်သည်။

"ဝေး...ဟေး...ဟေး"

"ဖြောင်း...ဖြောင်း...ဖြောင်း...ဖြောင်း"

"ဝမ်းစမိုး...ဝမ်းစမိုး"

အားလုံး လက်ခုပ်တွေတီးကြသဖြင့် နေဝန်းသစ်ကို ကိ

မုန့်ခွဲ့နေသော အိမ့် ရှက်ဝဲဝဲလေးဖြင့် အကြည့်ချင်းဆုံသွားကြသည်

ထိုတဒင်္ဂသည် အိမ့်၏နှလုံးသားကို စတင်ပြီး ရင်

လှုပ်ရှားစေသော အချိန်ပင်ဖြစ်သည်။

ထိုညလေးကို အိမ့် ဘယ်တော့မှမမေ့တော့မည်မဟုတ်

"ကဲ...ဒီည ထမင်းစားဝိုင်းမှာ လူစုံတက်စုံနဲ့ ပျော်

ကောင်းမှာပဲ၊ အားလုံးပဲ ထမင်းစားကြမယ်"

"ကြီးမေ...ကျွန်တော်တို့အိမ်မှာ ဘာမှမစီစဉ်ထားဘူး

အဟဲ...ဒီနေ့ မအိမ့်အတွက် အလင်းနဲ့ကျွန်တော် မွေး

လက်ဆောင် စုပြီးဝယ်လိုက်လို့ ချက်စရာ ပိုက်ဆံတစ်ပြားမှမရှိ

မချက်ရဘူး"

မောင်နိုင့်စကားကြောင့် အားလုံးဝိုင်းရယ်ကြသည်။

"အမလေးတော်...ဒီနေ့ အိမ့်လေးမွေးနေ့မို့ ထမင်း

ဟင်းတွေ အများကြီးပိုချက်ထားတယ်"

"အို...မမကြီးကလည်း အိမ့်လေးမွေးနေ့ မဟုတ်တဲ့နေ့

ကျတော့ ထမင်းနဲ့ဟင်း နည်းနည်းပဲချက်ထားတာ ကျနေတာပဲ"

ကြီးကြီးမေ၏စကားကို အန်တီတိုးက ဝင်၍ထောက်

လိုက်သည်။

"သြော်...ဒီလိုလည်း မဟုတ်ဘူးလေအေ၊ အပြင်က

ဧည့်သည်ဘာတွေလာရင် စားရအောင် လောက်လောက်ငှ ပိုချက်

ထားတယ်လို့ပြောတာပါအေ"

ကြီးမေက နေဝန်းသစ်ကို လှမ်းကြည့်ပြီးပြောသဖြင့်

နေဝန်းသစ် ပြုံးလိုက်သည်။ ရင်းနှီးခင်မင်ချင်စရာကောင်းသော

ထိုမိသားစုလေးကို အချိန်ပိုင်းအတွင်း ခင်မင်သွားမိ၏။

"ဒါဆို ကျွန်တော်လည်း ဝင်စားလို့ရတာပေါ့နော်

ကြီးမေ"

နေဝန်းသစ် ရယ်ကျဲကျဲပြောလိုက်သဖြင့် အိမ့် မျက်ဝန်း

အဝိုင်းသားလေးဖြင့် နေဝန်းသစ်ကို လှမ်းကြည့်လိုက်ပြီး

"ကိုနေဝန်းသစ် ကျွန်မတို့အိမ်က ထမင်းဟင်းကို စား

နိုင်ပါ့မလားဟင်"





www.burmeseclassic.com

www.burmeseclassic.com



"ထမင်းဟင်း ကောင်းတာ မကောင်းတာထက် ယောအိမ်သားစုတွေအများကြီးပါဝင်တဲ့ ထမင်းဝိုင်းထဲ ဝင်စားရတာ ထမင်းစားမြိန်မှာပါ"

ခြိမ့် အိမ့်ကိုကြည့်ပြီး မဲ့ပြုံးလေးတစ်ချက်ပြုံးကာ ပန်းလေး မသိမသာ တွန့်လိုက်သည်။

ယောက်ျားတွေများ ကြိုက်မရှက် ငိုက်မရှက် ဆိုတာ ဒါမျိုးကိုပြောတာနေမှာ။ သူ့ကိုယ်သူ Dream ရဲ့ပိုင်ရှင်ဆိုတာကို မေ့များမေ့နေလေရော့သလား။

"အန်တီခိုင်…ဒီကောင်က သူ့အိမ်မှာ မိသားစုမရှိဘူး သူ့အစ်မနဲ့ သူနဲ့ နှစ်ယောက်တည်းနေတာ၊ ဒီလို မိသားစုထမင်းဝိုင်းဆိုတာ အိမ်မက်ထဲတောင် မစားဖူးခဲ့ဘူး"

အလင်းရောင်ကပါ ဝင်၍ပင့်ပေးသည်။

"ဟုတ်လား၊ ဒါဆိုရင် ဒီအိမ်ကို ကိုယ့်စားအိမ်သောက်အိမ်လို သဘောထားပြီး အချိန်မရွေး ဝင်ထွက်စားသောက်ပါကွယ်။ အန်တီခိုင်တို့က မငြူစူတတ်ပါဘူး၊ ကိုယ့်အိမ်ကို ဧည့်သည်လာရင်ပဲ တစ်အိမ်လုံးပျော်နေကြတာ"

"ဟုတ်တယ် ဦးငယ်ရဲ့၊ ပုံပုံတို့က ဧည့်သည်များများလာပါစေ ဆုတောင်းတယ်"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"ဧည့်သည်လာရင် ဟင်းကောင်းကောင်းတွေစားရတယ်၊ မုန့်တွေလည်း အများကြီးစားရတယ်"

"ဟယ်…ဒီကလေးလေး၊ လူကြီးတွေစကားဝိုင်းထဲ ဝင်ပါပြန်ပြီ၊ သွား…သွား…ကာတွန်းကား သွားကြည့်"

အန်တီတိုး ပုံပုံလေးကို ခေါက်လိုက်သဖြင့် ပုံပုံ အနားမှ ဇက်ကလေးပုကာ ထွက်သွားသည်။ ပြီးနောက် ဟင်းအမျိုးစုံလင်လှပေမယ့် ဟင်းချက်ကောင်းပြီး စေတနာကောင်း၍လားမသိ၊ နေဝန်းသစ် မြိန်ယှက်စွာဖြင့် အားလုံးနှင့် ထမင်းဝိုင်းဖွဲ့၍ စားဖြစ်ခဲ့သည်။ ထိုသို့ နွေးထွေးသည့် ထမင်းဝိုင်းလေးကို နေဝန်းသွင် ဘယ်တော့မှ မမေ့ပါ။ အားလုံးက နေဝန်းသစ်ကို မကြာမကြာ လာလည်ဖို့ ဖိတ်ကြ၏။ နေဝန်းသစ် အလင်းရောင်အိမ်ဘက်သို့ ခဏဝင်၍ အားလုံးကို နှုတ်ဆက်ကာ ပြန်ခဲ့သည်။

ထိုနေ့လေးသည် နေဝန်းသစ်အတွက် အမှတ်တရဖြစ်စေခဲ့သည်။

အိမ့်သည်လည်း အပျော်စိတ်တွေကို ဝှက်ထားလို့မရ





www.burmeseclassic.com

www.burmeseclassic.com

အောင်ကို အပြုံးမျက်နှာလေးက ညမီးရောင်အောက်မှာ ကြည့်

ရှုနေသည်။

အနာဂတ်တွေက တဖြည်းဖြည်း အရောင်တောက်

မည် ထင်ပါရဲ့။

◆ ◆ ◆



## အခန်း (၂၇)

ဒီနေ့ အိမ်မှာ ဘယ်သူမှမရှိတာနှင့် ခြိမ့် သီချင်းဖွင့်ပြီး အပို့စိတ်ကူးရသွားသည်။ မာမီ ဆုံးပြီးကတည်းက ဒန်ဆာကဖို့ အာရုံမလာလောက်အောင် လူက တက်ကြွမှုသိပ်မရှိတော့ မဲကဖြစ်ခဲ့။

ဒီနေ့တော့ ကြီးမေနဲ့ အန်တီတိုးက တရားစခန်းဝင်သွားကြသည်။ အန်တီစိုးနှင့် အန်တီခိုင်က ဈေးထဲမှာ ဆိုင်သွားထွက်သည်။ ကလေးနှစ်ယောက်က ကျောင်းသွားကြသည်။

မမအိမ့်က ထုံးစံအတိုင်း မနက်ကတည်းက သတင်းယူဖို့ ရှစ်နာရီချိန်းထားတယ်ဆိုပြီး အစောကြီးထွက်သွား၏။ ထမင်း


www.burmeseclassic.com

www.burmeseclassic.com

ချိုင့်ပင် ယူမသွား။

အိမ်မှာ အားနေတဲ့သူဆိုလို့ ခြိမ့်တစ်ယောက်တည်း
တာ။ ခြိမ့်ကလည်း အားချင်လို့ အားတာမဟုတ်။ အလုပ်လု
ချင်ပေမယ့် ကိုယ်ဝါသနာပါသည့်အလုပ်နှင့် မအပ်စပ်သော အလု
တွေသာ ရသောကြောင့် အလုပ်ရွေးနေခြင်းဖြစ်သည်။

ယခုလည်း Dancer Club မှာ အကနည်းပြအဖြ
လျှောက်ထားတာ တစ်လလောက်ရှိပြီ။ ထိုအလုပ်ခေါ်စာကို စော
ရင်း Dancer ပြန်လေ့ကျင့်ဖို့ စိတ်ကူးလိုက်ခြင်းဖြစ်သည်။

တေးသွားတို့သည် တဖြည်းဖြည်းပျံ့လွင့်လာသည်။ ခြိ
မျက်ဝန်းလေးကိုမှေးစင်းကာ သီချင်းသံစဉ်ထဲမှာ နစ်မြုပ်မှဲ့သွ
လိုက်သည်။

အချိုးကျလှပသော ကကွက်တွေကို တစ်ကွက်ချင်
စရွေ့ပြီး လူက ကမ္ဘာသစ်တစ်ခုထဲ ရောက်နေသလို တေးသွ
နှင့် ကကွက်တွေက သေသပ်၍ နတ်မိမယ်လေးတစ်ပါး၏ ညှ
ပျောင်းသော ခန္ဓာကိုယ်လေးသဖွယ် ယိမ်းနွဲ့လှုပ်ရှား၍နေသည်

နှုတ်မှ ထိုအနောက်တိုင်းတေးသွား၏ သီချင်းစာသား
ခပ်တိုးတိုး လိုက်၍ရွတ်နေလိုက်၏။ ခြိမ့်၏ခန္ဓာကိုယ်လေး





ဒီမ်တိုက်တွေထဲ ပေါ့ပါးစွာ မျောလွင့်နေသလို ခံစားနေရ၏။

အိမ်ပေါက်ဝတွင် အလင်းရောက်နေတာကို ခြိမ့် နည်း
နည်းလေးမှ သတိမပြုမိ။ တေးသွားလည်းဆုံး ကကွက်လည်း
ဆုံးမှ အလင်းထံမှ လက်ခုပ်သံ ကျယ်လောင်စွာထွက်ပေါ်လာ
သည်။

“ဖြောင်း…ဖြောင်း…ဖြောင်း”

“ဟား…မိုက်တယ်ကွာ၊ ငါက ဘယ်က ဘဲလေးအက
ယ်များ ရောက်နေသလဲလို့”

“ဟင်…ရှင်…ရှင်…သူများကနေတာကို လာချောင်း
ကြည့်နေတယ်ပေါ့ ဟုတ်လား”

“ချောင်းမကြည့်ပါဘူး၊ ပေါ်တင်ကြည့်တာလေ၊ လူ
တစ်ယောက်မှာ ဘာမှအရည်အချင်းမရှိဘူးလို့ ထင်ရပေမယ့်
တစ်ခါတစ်ရံ အဲဒီလူဆီမှာ မထင်မှတ်ထားတဲ့ ကောင်းကွက်လေး
တွေ ရှိနေတတ်တာပဲ”

အလင်း အိမ်ပေါက်ဝတွင် ကျောမှီရပ်နေရာမှ ခြိမ့်အနား
သို့ လျှောက်လာ၏။ အသားကပ်ဝတ်စုံဖြင့် သဘာဝအတိုင်းလေး
လှနေသောခြိမ့် အနီးရှိ ချွေးသုတ် မွေးပွတဘက်ကို ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူပြီး ခါးမှာပတ်လိုက်သည်။

"မင်းက အကတော်သားပဲ၊ တကယ့်ပရော်ဖက်ရှင်နယ် တစ်ယောက်လိုပဲ၊ ဒီလိုတန်ဖိုးရှိတဲ့ ပညာရပ်ကို လူမသိ သူမသိ ရွက်ပုန်းသီးလို မြုံထားမယ့်အတူတူ အကဝါသနာပါတဲ့ လူငယ် မောင်မယ်လေးတွေကို မျှဝေပေးကြည့်ပါလား၊ မင်းအတွက် အရမ်း အကျိုးရှိပြီး အနာဂတ်မှာ မင်းဟာ ကြယ်တစ်ပွင့်ဖြစ်လောက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ ရုပ်ခံရှိတယ်၊ အကမော်ဒယ် တစ်ယောက်ဖြစ်နိုင်တယ်"

"ဒီမှာ…သူများကတာကို ချောင်းကြည့်ပြီး လူမိသွား တော့မှ အရှက်ပြေ ဟိုဟာတွေပြော ဒီဟာတွေပြောနဲ့ အရှုးကွင်း နင်းပြီး လာဝင်ရောမနေနဲ့၊ ရှင့်ပုံစံက ကျွန်မနဲ့ ဘယ်တော့မှ မိတ်ဆွေ ဖြစ်လာမှာမဟုတ်ဘူး"

သန့်ရှင်းသော မျက်နှာကလေးသည် ဘာမှလိမ်းခြယ်ထား ခြင်းမရှိဘဲ သဘာဝအတိုင်းလှနေကာ ပန်းနုရောင်မျက်နှာကလေး ပေါ် အလင်းရောင်အား အထင်သေးစိတ်၊ အရောမဝင် အပေါင်း မလုပ်ချင်သော သွေးနားထင်ရောက်သည့် မာနလေးတွေ ရှိနေ သေးသည်ကို တွေ့လိုက်ရ၍ အလင်း သက်ပြင်းမောကို ဖူးခနဲ





မှုတ်ထုတ်လိုက်သည်။

ဒီကလေးမ စေတနာကို စေတနာမှန်း နားမလည်ပါလား။ ထိုယ်ဘက်က စစ်ပြေငြိမ်းချင်၍ စကားလေပြည်ထိုးပေးတာကို အောင့်နှင့် ပေါက်လွှတ်တာတော့ တဆိတ်လွန်လွန်းနေပြီ။

"ဒီမှာ…မင်း ငါ့ကို စကားအကောင်းပြော"

"မပြောတော့ ဘာဖြစ်လဲ"

"ဖက်နမ်းချင်တယ်"

"ဘာ"

အလင်းက ခြိမ့် ဒေါသဖြစ်နေချိန်မှာ နေရာက ချာခနဲ လှည့်ထွက်သွား၍ ခြိမ့်တစ်ယောက်တည်း ဆွေ့ဆွေ့ခုန်ဖြစ်ကျန် ခဲ့သည်။

မုန်းစရာကောင်းတဲ့လူ၊ ရုပ်ဆိုးဆိုးမိန်းမနဲ့ ညားပါစေဟု ကျိတ်ဆုတောင်းပေးလိုက်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ဘယ်သူနဲ့ တွေ့ချင်လို့လဲကွယ်"

ဆိုင်သိမ်းပြီး အိမ်ပြန်လာသော အန်တီနိုင်၊ အိမ်ရှေ့တွ ကားရပ်၍ အိမ်ထဲကို လှမ်းကြည့်နေသော ကျော်ဇောမြတ်ကို မေ လိုက်သည်။

ကျော်ဇောမြတ် အိမ်ထဲကို သေချာကြည့်နေရင်း အနောက်ဘက်မှ ပခုံးလှမ်းတို့ပြီး မေးလိုက်သောအမေးကြော ဆတ်ခနဲဖြစ်သွားကာ အနောက်ကို လှမ်းကြည့်၏။

အန်တီနိုင့်ကိုမြင်တော့ သူခိုးလူမိသလို ရှက်အမ်းအမ်းဖြ ပြုံးရင်း‥

"ဟို‥ကျွန်တော် ခြိမ့်သဲဖြူရဲ့သူငယ်ချင်းပါ၊ သူနဲ့ မတွေ့တာကြာလို့ လာလည်တာပါ"

မွန်ရည်သန့်ပြန့်သော လူငယ်လေးမို့ အန်တီနိုင် ရည်ရည်မွန်မွန်ပင် ပြန်ပြုံးပြလိုက်ပြီး

"သြော်‥ဒါဆိုရင် အထဲဝင်လေကွယ်၊ ခြိမ့်သဲက အိမ်ထဲမှာရှိပါတယ်‥လာ လာ"

အန်တီနိုင် ရှေ့မှဦးဆောင်၍ ဝင်သွားသည်။ ကျော်ဇောမြတ် အန်တီနိုင့်နောက်မှာ လိုက်ဝင်လိုက်သည်။

"သမီး ခြိမ့်ရေ၊ ဧည့်သည်"

ဧည့်သည်ဆို၍ ခြိမ့် အခန်းထဲမှ ထွက်လာသည်။ ကျော်ဇောမြတ်ကိုမြင်တော့ မျက်ဝန်းအရောင်လေး လက်ခနဲဖြစ်သွားကာ‥

"ဟယ်‥ကျော်ဇောမြတ်၊ နင်‥ငါ့ဆီလာလည်တယ်"

"ဒါပေါ့၊ နင် ဒီမှာ နေလား မနေလား ပိုသိရအောင် လာလည်ကြည့်တာ"

"အမယ်‥ငါက နင့်ကို လိမ်စရာလားလို့ ကောင်စုတ်"

မျက်စောင်းလေးထိုးပြီး ရန်ထောင်လိုက်သော ခြိမ့်





www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးမှာ အပျော်ရိပ်တွေဖြင့် လင်းနေသည်။

"သမီး ညွှန့်သည်ကို အိမ်ထဲခေါ်လေ"

"ဩော်..ဟုတ်ပါရဲ့၊ လာ ထိုင်၊ အန်တီနိုင် ဒါ ခြိမ့်ရဲ့ စတိတ်ကျောင်းတုန်းက သူငယ်ချင်း၊ ဟိုတစ်လောက ခြိမ့်လက်ရှုံး သွားရောင်းတုန်း အမှတ်မထင် လမ်းမှာပြန်တွေ့တာ၊ ကျော်ဇော ဒါ ငါပြောပြောနေတဲ့ ငါ့အဒေါ်လိုချစ်ရတဲ့ အန်တီနိုင်၊ အဲ.. ဒေါ်နိုင်မြမြပေါ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် သားရယ်၊ သမီး တို့နှစ်ယောက်ကို သူမှာမီးဆုံးပြီးကတည်းက အန်တီနိုင်ရဲ့ တူမအရင်း သမီးအရင်းလေးတွေလို သဘောထားပြီး ချစ်နေ စောင့်ရှောက်နေ ရတာကွယ်၊ ဒါဟာလည်း အတိတ်က ရေစက်ပါလာလို့ပါကွယ်။ ကဲ..ကဲ သားတို့သမီးတို့ အေးအေးဆေးဆေး စကားပြောကြ၊ အန်တီနိုင် ကော်ဖီဝင်ဖျော်ပြီး လာပို့မယ်"

အန်တီနိုင် စကားစဖြတ်ပြီး အိမ်အတွင်းခန်းဘက်ထဲသို့ ဝင်သွားသည်။ ဒီတော့မှ ကျော်ဇောမြတ် ခြိမ့်အနားတွင် ကပ်၍ ဝင်ထိုင်လိုက်သည်။ အသားချင်းထိလုမတတ် ထိုင်လိုက်သဖြင့် ခြိမ့်ကိုယ်လေးရှိသွားကာ..





"ဟော့..ဟိုဘက်နည်းနည်း ခွာထိုင်ပါဦး၊ ဒါ ပန်းခြံ မဟုတ်ဘူး"

"မတွေ့ရတာ ကြာလို့ လွမ်းနေတာ"

"ဘယ်ကို ကြွချီနေလို့လဲ၊ လာလည်မယ်လို့ ပြောထား တာကြာပြီ၊ ဘာလို့ခုမှ လာလည်ရတာလဲ"

"ငါ အလုပ်ကိစ္စနဲ့ ယိုးဒယားဘက် ခဏသွားရတယ်၊ ဒါကြောင့် လာလည်မယ်ဆိုပြီး မလာဖြစ်တာပေါ့"

ပြောရင်းဖြင့် ကျော်ဇောမြတ် ခြိမ့်နှင့် ပူးကပ်ထိုင်နေရာမှ တစ်ဖက်ကို ခွာ၍ ထိုင်လိုက်သည်။ ဒီနေ့ တနင်္ဂနွေနေ့မို့လို့ မမအိမ့် တစ်ယောက်ကလွဲပြီး အိမ်မှာအကုန်လူစုံနေသည်။

ထို့ကြောင့် အိမ်အတွင်းခန်းကို ကာရံထားသော လိုက်ကာ နောက်မှ အန်တီစိုးနှင့် အန်တီတို့[illegible]အရိပ်ကို ကျော်ဇော ဖျတ်ခနဲ တွေ့လိုက်ရ၍ ခြိမ့်နှင့် ခွာထိုင်လိုက်ခြင်းဖြစ်သည်။ ခြိမ့် ပြုံးလိုက် သည်။

"ဘယ်လိုလဲ၊ ငါ့ကိုချစ်တယ်လို့ အဖြေပေးတော့လေ"

"ဟယ်..ဘယ်လိုဖြစ်တာလဲ၊ ဣန္ဒြေလေးဘာလေး ထိန်း ပါဦးဟယ်၊ ရောက်တာနဲ့ အရူးအမဲသားတောင်းသလို တောင်းရ



www.burmeseclassic.com

www.burmeseclassic.com



လားလို့၊ တကယ်ပဲ စိတ်ပျက်တယ်"

"ဟာ..ငါ အကြာကြီးမစောင့်နိုင်ဘူး၊ နောက်ပြီး နင်ခုလို သူများအိမ်မှာ နေနေရတာကိုလည်း ငါမကြည့်ရက်ဘူး။ ငါ နင့်ကိုချစ်တယ်၊ နင်လည်း ငါ့ကို ပြန်ချစ်ဟာ၊ ဒါပဲ၊ ငါ အချိန်တွေကို မဖြုန်းချင်ဘူး"

"အဟင်း..ခစ် ခစ် ခစ်"

"ဟာ..ဘာရယ်တာလဲ၊ ဒီက တကယ်ပြောနေတာ ဘာလို့ ဟာသလုပ်ပစ်ရတာလဲ"

"မလုပ်ပါဘူး၊ နင့်ပုံစံက ကိုယ်ချစ်တဲ့ကောင်မလေးဆီက ချစ်အဖြေတောင်းနေတာနဲ့ မတူဘဲ အိမ်ထဲဝင်ပြီး အနုကြမ်းစီးဓားပြတိုက်နေသလို ဖြစ်နေပြီ"

"ဒါပေမဲ့ နင့်အချစ်ကိုမရရင် ငါ အနေဖြောင့်မှာမဟုတ်ဘူး"

"အနေမဖြောင့်လို့ အနေတောက်နေလို့လား"

"ဟာ..ခြိမ့် ရန်စနေတယ် ဟုတ်လား၊ ငါ ဖက်နမ်းပစ်လိုက်မှာနော်"

"အဟမ်း..အဟမ်း"





ခြိမ့်လက်ကိုဆွဲပြီး အားမလိုအားမရဖြစ်နေသော ကျော်ဇောမြတ်မှာ အိမ်ပေါက်ဝမှ ချောင်းဟန့်သံကြောင့် ခြိမ့်လက်ကိုလွှတ်၍ လှမ်းကြည့်သည်။ ခြိမ့်၏ အရယ်မျက်နှာလေးသည်လည်း အလင်း၏ ရှုတည်တည်မျက်နှာနှင့် ချောင်းဟန့်သံကြောင့် တည်တင်းတင်းလေးဖြစ်သွားကာ အလင်းကို ရွဲချင်သောစိတ်က ဖျတ်ခနဲအာရုံထဲသို့ တိုးဝင်လာပြီး..

"ငါကလေ နင့်ကို အရမ်းလွမ်းနေရတာ သိလား၊ နင်ငါ့ဆီ ဘယ်တော့များ ရောက်လာမလဲလို့ မျှော်လိုက်ရတာလည်း ငါ့လည်ပင်းက ဗျိုင်းတောင်ဖြစ်တော့မယ်"

"ငါ့ဘဝမှာ အလေးအနက်ထား မျှော်ရမယ့်သူက နင်ပဲရှိတာလေ"

ရုတ်ချည်းပြောင်းလဲသွားသော ခြိမ့်၏စကားလုံးတွေကြောင့် ကျော်ဇောမြတ် သဘောတွေစွတ်ကျကာ..

"ငါကလည်း အလုပ်ကိစ္စနဲ့ ခရီးသာထွက်နေရတာ စိတ်က နင့်ဆီကို ရောက်နေတာပါ ခြိမ့်ရယ်"

"ဟော..အလင်း လာလေ၊ အိမ်ပေါက်ဝကြီးမှာ ဘာရပ်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

အန့်တီခိုင် အလင်း၏ မကျေနပ်သော အရိပ်အယောင်တို့ သတိပြုမိဟန်ဖြင့်ကြည့်ပြီး ခြိမ့်နှင့် ကျော်ဇောမြတ်ကိုလည်း အသဲ ခတ်လိုက်သည်။

"ကျွန်တော် အိမ်ခဏပြန်မလို့ အိမ်သော့လာအပ်တာပါ"

"ဟော..အပြီးပြန်တော့မလို့လား၊ သားအဖနှစ်ယောက် ပြန်အဆင်ပြေသွားကြပြီလား"

"ပြေတယ်လည်း မဟုတ်ပါဘူး၊ နေမကောင်းဘူးဆိုတော့ လည်း သွားကြည့်ရမှာက သားသမီးဝတ္တရားမဟုတ်လား၊ ဒါကြောင့် ခဏသွားလိုက်ဦးမယ်၊ မောင်နိုင်လာရင် အိမ်သော့ပေးလိုက်ပါ"

"အေး..အေး၊ အန့်တီခိုင် ပေးလိုက်ပါမယ်"

အလင်း ဧည့်ခန်းနံရံရှိ သံချိတ်တစ်ခုတွင် သော့တွဲကို ချိတ်လိုက်ပြီး အိမ်ရှေ့သို့ ချာခနဲပြန်လှည့်ထွက်၍ သွားသည်။ အန့်တီခိုင် ကျော်ဇောမြတ်ရှေ့ ကော်ဖီခွက်ချပြီး ပြန်ဝင်သွားသည်။

ခြိမ့် အလင်းကို ကလိလိုက်ရ၍ စိတ်ထဲမှာ တော်တော် လေး ကျေနပ်သွားမိသည်။ သူ ခြိမ့်ကို ကြိုက်နေတာ ခြိမ့် သိတာ ပေါ့။ ဒါပေမဲ့ ခြိမ့်ရဲ့ရည်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ့်သူက အလင်း ဘယ်လိုမှဖြစ်လာနိုင်မှာမဟုတ်





ဘူးဆိုတာ ခြိမ့် သိသည်။

သာမန်ကာတွန်းရေးဆရာလေးက ခြိမ့်ဘဝကို ဘယ်လို လုပ်ပြီး ရွှေပုံပေါ်ပင့်တင်ပေးနိုင်မှာလဲ။ သူကာတွန်းရေးတဲ့ ငွေ လေးက သူ့တစ်ဝမ်းတစ်ခါးတောင် လောက်ငအောင် ဖြည့်တင်း ပေးနိုင်လို့လား။

ခြိမ့်က ချမ်းသာတဲ့ဘဝက ဆင်းသက်လာပေမယ့် ဆင်းရဲ ခြင်းဆိုတဲ့ ယခုပစ္စုပ္ပန်ဘဝကို ခဏတည်းခိုသော တည်းခိုအိမ်လို သဘောထားခြင်းဖြစ်သည်။ ယခင်ဘဝမျိုးကို ပြန်ရအောင် ခြိမ့် ကြိုးစားမည်။ ဘယ်လိုနည်းလမ်းကိုပဲ သုံးရသုံးရ ခြိမ့် ငယ်စဉ် ကတည်းက ပျော်ရွှင်ခဲ့ရတဲ့အိမ်ကြီးကို ခြိမ့် ပြန်ပြီး ပိုင်ဆိုင်ရမှကို ဖြစ်မှာ။

"ခြိမ့်...သူက ဘယ်သူလဲ"

ကျော်ဇောမြတ်အမေးကြောင့် ခြိမ့် အတွေးစတို့ ပျက်သွား ကာ..

"သြော်...ဟိုဘက်အိမ်က ကာတွန်းဆရာလေးတွေပါ၊ ခြိမ့်နဲ့ ဘယ်လိုမှ မျက်နှာကြောမတည့်ပါဘူး"

"ဒါဆိုရင်တော့ တော်သေးတာပေါ့"



www.burmeseclassic.com

"ဟင်…ဒါက ဘာစကားလဲ၊ ဘာကို တော်သေးတာပေါ့လဲ"

"သူ့ပုံစံက အပေါ်ဝင်နေသလိုပဲ၊ သူ့အကြည့်တွေ နှင့်ကို စိတ်ဝင်စားနေတဲ့ပုံ"

ကျော်ဇော လှုကဲခတ်မည့်ပွာဖြင့် ထင်တာကို ပြောလိုက်သည်။ ခြိမ့် နှုတ်ခမ်းကို တွန့်ကွေးကာ ခပ်မဲ့မဲ့လေးရယ်ကာ--

"ငါ့ကတော့ သူ့ကို ဘယ်တော့မှ စိတ်ဝင်စားမှာ မဟုတ်ဘူး"

ခြိမ့်ထံမှစကားကြောင့် ကျော်ဇောမြတ် ကျေနပ်သွားကာ သူ့ကိုယ်သူလည်း အထင်ကြီးသွားသည်။

ခြိမ့် သူ့ကို ရွေးချယ်မှာ သေချာနေပြီပဲ။

◆ ◆ ◆



## အခန်း (၂၉)

"မင်း အိမ့်သဲဖြူပါနော်"

အယ်ဒီတာရုံးခန်းထဲမှ ထွက်လာသော အိမ့်ခြေလှမ်းတွေ တန့်သွားသည်။ နှင်းပွင့်သစ်ကို သိမ်ငယ်စိုးရွံ့သော အကြည့်ကြည့်လိုက်ပြီး…

"ဟုတ်ပါတယ်"

"သြော်…ခက်ရချည်ရဲ့၊ ဆုံမှ ဆုံတတ်ပါလေတယ်၊ အဟင်း Dream ဟာ တို့တွေပိုင်တယ်ဆိုတာကို မင်းမသိလား၊ သိသိကြီးနဲ့ တမင်လာလုပ်နေတာလား"

အထက်စီးနင်းဆန်သော အမေးကို အိမ့် ဖြေချင်စိတ်မရှိ။

www.burmeseclassic.com

ဖြစ်နိုင်လျှင် ဒီမိန်းမနှင့် မျက်နှာချင်းမဆိုင်ဘဲ ဒီနေရာကနေ ချ
လှည့်ထွက်လိုက်ချင်တာပါ။

အရှုံးပေးပါတယ်ဟု ခေါင်းငုံ့ခါးကိုင်း အရှိအသေပြ
ရတဲ့ ကိုယ့်ဘဝကို ဘာဖြစ်လို့များ အနိုင်ယူချင်နေရပါလိမ့်။

"ကျွန်မ မသိပါဘူး"

"သြော်..မင်း တကယ်မသိဘူးပဲ၊ ဒါနဲ့ မင်းတာဝန်
ထားရတဲ့ အပိုင်းကရော"

"ဂျာနယ်လစ်ပိုင်းပါ"

"ကောင်းပြီလေ၊ အလုပ်ကိုတော့ ကြိုးကြိုးစား
လုပ်ပေါ့၊ မင်းနဲ့တို့တွေ မသိပေမယ့် ဒယ်ဒီသိပ်မြတ်နိုးခဲ့တဲ့မိန်း
သမီးမို့ ဒယ်ဒီ့မျက်နှာကိုထောက်ပြီး မင်းကို ဒီမှာဆက်လုပ်
ပြုပါမယ်၊ အဲ...အများအယွင်းတော့ မရှိစေနဲ့နော်"

ပိုင်စိုးပိုင်နှင်းပြောပြီး ကိုယ့်ရှေ့မှ ခပ်မော့မော့ထွက်
သော နှင်းပွင့်သစ်၏ ဟန်နှင့်အပြုံးက ထာဝရအောင်နိုင်သူ
အပြုံးမျိုး။

ဒေါက်ဖိနပ်သံ တဒေါက်ဒေါက်က နှင်းပွင့်သစ်နှင့်
သွားပေမယ့် အိမ့် ကြားနေရတုန်း။ ထိုအသံသည် အိမ့်ကို လှော





ပြောင်ရယ်မောသံလည်း ဖြစ်နိုင်၏။

အိမ့် နေရာမှာတင် ခြေစုံရပ်ပြီး ငြိမ်သက်စွာ ခေါင်းငုံ့
ဆွေးဆေးနေခဲ့၏။ ကျလုလု မျက်ရည်စတွေကို မျက်တောင်ရှည်တွေနှင့်
ပွတ်ခတ်သိမ်းလိုက်ပြီး နာကျင်ခြင်းဝေဒနာတွေကို ဖြေသိမ့်လိုက်
သည်။

"အိမ့်"

ညင်သာတိုးသက်သော ခေါ်သံကြောင့် ရင်ထဲမှာ လှိုက်
ခနဲ နွေးမြသွားပြီး ကိုယ့်ရှေ့မှာရပ်နေသော နေဝန်းသစ်ကို မော့
ကြည့်လိုက်သည်။

ကရုဏာမျက်လုံးအစုံဖြင့် ရှုးနင့်စွာ စိုက်ငေးကြည့်နေသော
နေဝန်းသစ်၏ အကြည့်တွေကိုပင် သိမ်ငယ်စိုးရွံ့စိတ်ကြောင့် အကြာ
ကြီး မကြည့်ဝံ့။

"မမ..ဘာတွေ ပြောသွားတာလဲ"

"ဟင့်အင်း..ဘာမှ ပြောမသွားပါဘူး"

အိမ့် တမင်ညာလိုက်ခြင်းဖြစ်သည်။

"မင်းကိုယ့်ကို မလိမ်ပါနဲ့၊ မင်းပုံစံက တစ်ခုခုကို ခံစား
နေရတဲ့ပုံ ပေါက်နေတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်တောင်းပန်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မမက လူတစ်ဖက်သားအပေါ် သိပ်ပြီးနားလည်မှုမပေးတတ်ဘူး နည်းနည်း အတ္တကြီးတယ်"

"တောင်းပန်ဖို့မလိုပါဘူး ကိုနေဝန်းသစ်၊ မနှင်းပွင့်သစ်ကလည်း အိမ့်ကို ဘာမှနစ်နစ်နာနာ မပြောသွားပါဘူး၊ အိမ့်ဘာသာ အိမ့် အလိုလိုနေရင်း ဝမ်းနည်းသွားမိတာပါ"

ဒီတော့မှပင် နေဝန်းသစ် ပင့်သက်ရှိုက်နိုင်တော့၏။

"အိမ့် ထမင်းစားပြီးပြီလား"

"မစားရသေးဘူး"

"လာ··ဒါဆို ကိုယ်တို့ ထမင်းအတူစားကြမယ်"

"အို··မဟုတ်တာ၊ အိမ့် ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း စားပါ့မယ်"

"မင်းနဲ့ကိုယ့်ကြားမှာ ခင်မင်မှုတွေ သက်တမ်းရင့်သွားပြီလေ၊ ဘာကိုအားနာနေရဦးမှာလဲ၊ မင်းအိမ်မှာတောင် ကိုယ် ထမင်းလိုက်စားပြီးနေမှ မင်းလည်း ကိုယ့်ရုံးခန်းထဲမှာ ထမင်းလာစားတာ ဘာဆန်းလဲ"

နေဝန်းသစ် အိမ့်လက်ကလေးကို ဆတ်ခနဲလှမ်းဆွဲပြီး သူ့ရုံးခန်းရှိရာသို့ လျှောက်လာသည်။ အိမ့် နောက်မှ ရုန်း၍မရသဖြင့် လိုက်ပါလာရသည်။

ငြင်းချင်ပေမယ့် ဘယ်လိုမှရုန်း၍မရသလို ငြင်း၍လည်း ရမည်မထင်။ ထို့ကြောင့် စိတ်ထဲမဝံ့မရဲ မလုံမခြုံဖြင့် လိုက်ခဲ့ရသည်။

တခြားဝန်ထမ်းမိန်းကလေးအချို့ အိမ့်အား နေဝန်းသစ် ဆွဲခေါ်သွားသောမြင်ကွင်းကို ကွက်ကြည့်ကွက်ကြည့်ဖြင့် မသိမသာ အကဲခတ်နေကြသည်။

သူ့ရုံးခန်းရှေ့ရောက်တော့ လုံခြုံရေးဝန်ထမ်းက တံခါးကို အဆင်သင့်ဖွင့်ပေးသဖြင့် သူနှင့် အိမ့် ရုံးခန်းထဲဝင်ခဲ့ကြသည်။

ရုံးခန်းထောင့်တွင်ရှိနေသော စားပွဲခုံပေါ်တွင် အမျိုးစုံလင်လှသော ထမင်းဝိုင်းလေးက အဆင်သင့်။

"ကဲ···လာ ထိုင်"

အိမ်လက်ကိုဆွဲ၍ ထမင်းစားစားပွဲရှိ ထိုင်ခုံမှာ ဝင်ထိုင်နိုင်းနေသဖြင့် အိမ့်ဝင်ထိုင်လိုက်သည်။ စိတ်ထဲမှာတော့ အတော်လေးကို စိတ်ကျဉ်းကြပ်လွန်းနေသည်။

အိမ့်နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်သော နေဝန်းသစ်ကို အိမ့် မဝံ့မရဲကြည့်လိုက်ပြီး···

"အိမ့် မစားပါရစေနဲ့၊ မနှင်းပွင့်သစ် ရုံးခန်းထဲဝင်လာရင်







www.burmeseclassic.com

www.burmeseclassic.com



အိမ့် ခုလို ရှင်နဲ့ ထမင်းအတူစားနေတာကို သူ နှစ်မြို့မှာမဟုတ်ဘူး"

"သူ ပြန်မလာတော့ပါဘူး၊ သူက ကိုယ်တို့ Dream ကို လာခဲ့ပါတယ်၊ ခုတောင် ကိစ္စရှိလို့ဝင်လာတာ၊ ကဲပါ စား ရှိတာစားပါ၊ ဘာမှတွေးပူမနေနဲ့၊ ကိုယ်က ဒီနေ့ အိမ့်နဲ့အတူ ထမင်း လက်စုံစားမယ်ဆိုပြီး မနက်ကတည်းက ကြိုပြီးစီစဉ်နိုင်းထား နောက်နေ့တွေလဲ အိမ်ကနေ ထမင်းချိုင့် ဆွဲမလာနဲ့တော့၊ ကိုယ် ဒီမှာပဲ အတူစားကြမယ်"

"မဖြစ်နိုင်ပါဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"တစ်ရုံးလုံးက လူတွေက အိမ့်ကို ဝိုင်းပြီးကဲ့ရဲ့ကြမှာ နောက်ပြီး အိမ့်က တစ်ခါတလေဆို အပြင်မှာပဲ စားဖြစ်တာ တယ်၊ ရှင်နဲ့ ထမင်းစားချိန်တိုင်း ဆုံဖြစ်မှာမဟုတ်ဘူး"

"အိမ့်ရယ် ဝိုင်းကဲ့ရဲ့တော့ရော ဂရုစိုက်စရာလား၊ ကဲ အိမ့်ကို ဖွင့်ပြောဖို့ အချိန်ယူနေရတဲ့ အကြောင်းအရာတစ်ခုကို ကိုယ် ခုပဲ တစ်ခါတည်းဖွင့်ပြောလိုက်တော့မယ်"

"ကိုယ် အိမ့်ကို ဟောဒီရင်ဘတ်ထဲက နှစ်နှစ်ကာကာ ချစ်မိသွားပြီ၊ ဒါကြောင့် ကိုယ့်အချစ်ကို အလေးအနက်ယုံကြည်





ပါ"

ထင်မှတ်မထားသော အချိန်ကာလတစ်ခုမှာ ချစ်သည်ဟု ဖွင့်ခြင်းခံလိုက်ရသည့်အခါ ရင်အစုံသည် နိမ့်မြင့်လှိုက်ဖိုလာ ည်။ မျက်ဝန်းချင်းခဏဆုံကြသည့်အခိုက် နှစ်ဦးစလုံး၏ ဝင်သက် တ်သက်နှင့် ရင်ခုန်သံတို့သည် သွေးသားဖြင့် မြတ်နိုးစွာတောင်းခံ င်းဟု သက်သေတည်ပေသည်။

နှုတ်ခမ်းများတဖြည်းဖြည်း လှုပ်ကာ ပြုံးယောင်သမ်း တ်ပြီး...

"စိတ်ကူးယဉ် မဆန်ချင်ပါနဲ့ ကိုနေဝန်းသစ်၊ အိမ့်က ချစ်သူ မဖြစ်သင့်ပါဘူး၊ ရှင် အရမ်းမှားသွားလိမ့်မယ်၊ အမှန်ဆို မ့်မာမီကြောင့် ရှင့်ဒယ်ဒီပါ သေခဲ့ရတာမဟုတ်လား"

"ဒယ်ဒီသေတာ အိမ့်အမေကြောင့်လို့ ကိုယ့်ဘက်က ဖက်သက်စွပ်စွဲရင် ကိုယ်ဟာ စိတ်ဓာတ်သေးသိမ်တဲ့လူ ဖြစ်သွား ပေါ့ သိမ့်ရယ်၊ တကယ်တော့ ကိုယ့်ဒယ်ဒီရော အိမ့်မာမီရော လို အဖြစ်ဆိုးမျိုးနဲ့ ကြုံရတာ အတိတ်က ဆိုးဝါးလှတဲ့ ကံကြွေး ကြောင့်ပါ"

"ဒီအဖြစ်ဆိုးကြီးကို ယိုးမယ်ဖွဲ့ပြီး ကိုယ်တို့က အမှန်း



www.burmeseclassic.com

www.burmeseclassic.com



တွေပွားနေကြရမှာလား၊ ဒါ လုံးဝ အဓိပ္ပာယ်မရှိဘူး''

''ဒါပေမဲ့ အိမ့်အချစ်ကို ရှင်ရသွားလို့ ရှင်မျှော်လင့်ခဲ့သ

ချစ်ခရီးလမ်း ဖြောင့်ဖြူးမယ်လို့ ထင်လား''

''ဖြစ်မလာသေးတာကို တွေးပြီး ပူတတ်တဲ့အ

ကိုယ့်မှာမရှိဘူး၊ အခိကက ကိုယ်ချစ်တဲ့မိန်းကလေးနဲ့အတူ ကျ

ဘဝတစ်စိတ်တစ်ပိုင်းကို အတူဖြတ်သန်းဖို့ပဲ၊ ကိုယ်အလေးအ

ထားတယ်၊ ဒါကြောင့် ဘာကိုမှ စိုးရိမ်တွန့်ဆုတ်မနေဘဲ ကို

ကမ်းပေးတဲ့လက်ကို ရဲရဲဆုပ်ကိုင်လိုက်ပါ၊ အိမ့်ဘဝကို ပျော်စရာ

နဲ့ပဲ အတိပြီးစေရပါမယ်''

ဖွန်းခက်ရင်းကိုင်ထားရင်း မသိမသာ တုန်ရင်နေသော

လက်အစုံကို နေဝန်းသစ် ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။ သူ

အင်အားတို့သည် သွေးကြောထဲမှတစ်ဆင့် နှလုံးသားဆီသို့

ဖောက်ဝင်ရောက်ကုန်၏။

အိမ့် ရှန်းဖယ်ဖို့ပင် မကြိုးစားတော့။ နေဝန်းသစ်

တင်းကြပ်စွာ ဆုပ်ကိုင်လိုက်ပြီး...

''ကိုယ့်အချစ်ကို လက်ခံမယ်မဟုတ်လားဟင်၊ ကျေ

ပြုပြီး ခေါင်းလေးညိတ်လိုက်ပါ၊ ကိုယ် စိတ်လွှတ်ပြီး ပျော်လို





ချင်လို့ပါ''

''ဟင့်အင်း...အိမ့် မဖြေတတ်ဘူး''

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

“မမ…ခြိမ့် ဒီနေ့ ချစ်သူရသွားပြီ”

“ဟော်တော်…တိုက်ဆိုင်လိုက်တာ”

အိမ့် မျက်ဝန်းအဝိုင်းသားလေးဖြင့် တအံ့တသြဆိုတော့ ခြိမ့်ပါ ပါးစပ်အဟောင်းသားလေးဖြင့် အိမ့်ကို လက်ညှိုးလေးထိုးကာ…

“ဟယ်…မမနဲ့ ကိုနေဝန်းသစ်ကြီးနဲ့လည်း ခြိမ့်နဲ့ ကျော်ဇောမြတ်လိုပဲပေါ့”

“အင်း…ဒါပေါ့၊ ငါက ကြွားမလို့ဟာကို သူက လက်ဦးသွားတယ်”





“အဟင်း…သိတယ်မဟုတ်လား၊ ခြိမ့်တို့က အမြဲတမ်း သူများထက် ကြောနေရမယ်လေ၊ အဟင်း…ခစ်…ခစ်…ခစ်”

“သိပ်လည်း အူမြူးမနေနဲ့ဦး၊ သူ့အချစ်ကို လက်ခံတာ ရင်ထဲက တကယ်ရောချစ်လို့လား”

“အင်း…ချစ်သလိုလိုတော့ ရှိပါတယ်၊ သူကတော့ ခြိမ့်ကို တော်တော်လေးချစ်တယ်၊ ခြိမ့်လိုချင်တာမှန်သမျှကို အကုန် ဖြည့်ဆည်းပေးမယ့် အရည်အချင်းတွေ အခြေအနေတွေနဲ့ဆိုတော့ ခြိမ့် လူရွေးမမှားပါဘူး၊ စိတ်ချပါ မမရာ၊ သူနဲ့လက်ထပ်ပြီးရင် ခြိမ့်တို့ရဲ့အကြွေးနဲ့ အသိမ်းခံရတဲ့အိမ်ကို ပြန်ဝယ်နိုင်းရမယ်၊ ပြီးရင် ခြိမ့်နဲ့သူနဲ့ အဲဒီအိမ်မှာ နေကြမယ်”

“ဟိုကရောင်းဦးမှကိုး ခြိမ့်ရယ်၊ အများကြီးမျှော်လင့် မထားပါနဲ့၊ စိတ်ပင်ပန်းပါတယ်၊ ကိုယ်နဲ့ ထိုက်ရင် ရမှာပဲ”

“မျှော်လင့်ချက်ဟာ ရည်ရွယ်ချက်ရဲ့ ဖွားဖက်တော်ပဲလေ မမအိမ့်ရာ၊ အရာရာကို စိတ်ပျက်လက်လျှော့တဲ့လေသံကြီးနဲ့ သူ့ဟာသူနေနေတဲ့ ကံတရားကြီးကို ဆွဲမထည့်စမ်းပါနဲ့၊ အဲဒီကံကို လုကပဲလုပ်တာပါ မမရယ်”

“မျှော်လင့်ချက်အတိုင်းဖြစ်မလာရင် ခြိမ့်ရင်မောရမှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ပါဟယ်''

''ဟယ်..ဒီညီအစ်မနှစ်ယောက် ထမင်းစားဖို့ကို ခုထိ အခန်းထဲက ထွက်မလာကြသေးပါလား၊ ဘာတွေများ သဖန်းပိုးလို ထွက်ထိုးနေကြတာလဲ''

အန်တီခိုင်အခန်းဝမှာ ဘွားခနဲပေါ်လာ၍ အိမ့် ပြောလက်စ စကားကို ရပ်ပစ်လိုက်သည်။ ခြိမ့် စပ်ဖြဲဖြဲအမူအရာလေးဖြင့် အိမ့်ထံသို့ မျက်စလှမ်းပစ်ကာ…

''ဒီမှာ မမအိမ့်ရယ်၊ ရည်းစားရနေပြီလို့ ကြွားတာကို နားထောင်ပြီး အားကျနေတာပါ''

''ဟယ်..ဟုတ်လား၊ ဘယ်သူနဲ့လဲ အိမ့်၊ ဟို…မဟုတ်မှ လွဲရော ဟိုကောင်လေးနဲ့လား''

''ဘယ်ကောင်လေးလဲ…အန်တီခိုင်ရဲ့''

အိမ့် ရှက်ပြုံးလေးဖြင့်မေးတော့ အန်တီခိုင် ပြောမယ့်အရေး နာမည်ကို မေ့နေသည်။

''ဟိုလေ…ဘယ်သူ…Dream ရဲ့ ပိုင်ရှင်ကောင်လေး လေ၊ နာမည်က အဆန်းပဲ၊ ပါးစပ်ဖျားလေးတင် မေ့နေတယ်ကွယ်၊ အင်း…''





''နေဝန်းသစ်ပါ အန်တီခိုင်ရဲ့၊ အန်တီခိုင်ပဲ အိုင်ကျူတွေ မှိတက်ကုန်ပြီနဲ့တူတယ်''

''အေး…အေး ဟုတ်တယ်၊ သူနဲ့လား''

အန်တီခိုင် ဝမ်းသာအားရမေးတော့ အိမ့် လက်ညှိုးထိပ်လေးကို မနာအောင် ခပ်ဖွဖွကိုက်ကာ ခစ်ခနဲရယ်လိုက်ပြီး ရှက်မျက်နှာဖြင့်…

''အင်း…ဟုတ်တယ် ဒီနေ့ပဲ၊ သူ အိမ့်ကို ပရိုပို့စ်လုပ်တယ်၊ အိမ့်လည်း ငြင်းပါသေးတယ်၊ ဒါပေမဲ့ သူက အိမ့်ကြွေလောက်အောင် ရင်တွေဖွင့်ပြီး ကဗျာတွေရွတ်နေတော့ ရုပ်ရှင်တွေထဲက မင်းသမီးတွေလို မူလို့ကိုမရတော့ဘူး''

''အို…ဘာပဲဖြစ်ဖြစ် အမိကက ချစ်သူဖြစ်သွားဖို့ပဲမဟုတ်လား၊ တစ်ရက်စောအဖြေပေးရင် ချစ်သူသက်တမ်း တစ်ရက်တိုးတာပေါ့၊ မူနေရင်တောင်မှ ကြည်နူးရမယ့်အချိန်တွေ အလဟဿပုပ်ကုန်မယ်''

''အလဲ့…အန်တီခိုင်က အလာကြီးပဲ၊ ဒါမျိုးကျတော့ ဆရာကျသားပဲ''

ခြိမ့် အန်တီခိုင့်ပါးကို ချစ်စနိုးလှမ်းဆွဲရင်း ရွှတ်နောက်



www.burmeseclassic.com

www.burmeseclassic.com


အာဘတ် ဆိုလိုက်၏။

"အင်း…ငါတို့မလေးတွေရဲ့ အလှနဲ့ဂုဏ်က ဒီလိုအထင်တန်းကျတဲ့ ယောကျ်ားမျိုးတွေနဲ့ပဲ အပ်စပ်ပါတယ်ကွယ်၊ အန်တီနိုင်အဖို့တော့ ဒီညဟာ မင်္ဂလာရှိတဲ့ညပါပဲ"

"မင်္ဂလာက ဒီလောက်နဲ့ မလုံလောက်သေးဘူး ဒေါ်နိုင်ရေ၊ ဆက်ရန် ရှိသေးတယ်"

အိမ့် ရယ်သံနှောသောအသံလေးဖြင့် ခြိမ့်ပခုံးကို ခပ်ဆတ်ဆတ်ပုတ်ကာ…

"ကဲ ခြိမ့်၊ ငါကိစ္စကို ဖောက်သည်ချပြီးပြီ၊ ကိုယ့်ကိစ္စကိုယ်တိုင်ဖွင့်ချပြလိုက်လေ၊ ခုမှ ဇွတ်လည်ကြောင်ပတ်နဲ့ ရှက်မနေနဲ့"

"ဟော့…ခြိမ့်ကရော အိမ့်လိုပဲ ဇာတ်လမ်းနဲ့လား"

"ဒါပေါ့၊ ခြိမ့်ပဲ…ခေသူမှ မဟုတ်တာ"

"အောင်မယ်လေး…ငါတို့မလေးတွေက စွံမယ့်စွံတော့လည်း နှစ်ယောက်ပူးကြီးကို စွံတော့တာပါပဲလား၊ ကဲ…ပြောစမ်းပါဦး၊ ခြိမ့်လေးကရော အိုကေသွားပြီလား၊ အဟင်း…ကောင်းပါတယ်၊ အလင်းက လူတော်လူကောင်းလေးပါ"

"အာ…အန်တီနိုင် မနောက်နဲ့နော်၊ ခြိမ့် ငိုလိုက်မှာ…"

ခြိမ့် အလင်းနှင့်ထင်တာကို နည်းနည်းလေးမှ ဘဝင်မကျမိ၍ နှုတ်ခမ်းစူကာ ခြေဆောင့်လိုက်သည်။

"ဟယ်…ဒါဆို ဘယ်သူနဲ့တုန်း"

"ဟိုတစ်ခါ အိမ်ကို လာလည်တဲ့ ခြိမ့်ရဲ့သူငယ်ချင်း ကျော်ဇောမြတ်နဲ့လေ"

"ဩော်…ဟုတ်လား"

အန်တီခိုင့်လေသံက မျော့တော့သွားသည်။ အလင်းအတွက် စိတ်မကောင်းဖြစ်သွားဟန်လည်း ပေါ်၏။ အလင်းက ခြိမ့်ကို စိတ်ဝင်စားနေတာ သူကိုယ်တိုင် လာမပြောပေမယ့် မောင်နိုင်ဆီမှတစ်ဆင့် သိခဲ့ရ၍ စိတ်ထဲမှာ ခြိမ့်နှင့် အလင်းကို နီးစပ်စေချင်သည့်ဆန္ဒက ရင်ထဲမှာအပြည့်။

အလင်းသာသိရင် ဘယ်လောက်တောင် ခံစားလိုက်ရမလဲ အန်တီခိုင် သက်ပြင်းခပ်မျော့မျော့ကို မသိမသာနဲ့ ချလိုက်သည်။

"အဲဒီကျော်ဇောမြတ်ဆိုတဲ့ သူငယ်ကရော၊ သမီးခြိမ့်ကို မေတ္တာစစ် မေတ္တာမှန်နဲ့ချစ်တာ ကျိန်းသေရဲ့လား"

"စစ်တာပေါ့၊ စစ်လွန်းလို့ တစစ်စစ်နဲ့တောင် သူ့ရင်ဘတ်ထဲက မြည်နေတဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com

ခြိမ့် ချစ်သူကို ခပ်ကဲကဲလေးပင် အမွှန်းတင်လိုက်လေသည်။

"အင်းလေ…ချစ်တယ်ဆိုရင်တော့ ပြီးတာပါပဲ၊ ကဲ‥ကဲ အဲဒီအကြောင်း နောက်မှ ဆက်ဆွေးနွေးကြမယ်၊ ခုလောလောဆယ် ထမင်းအမြန်သွားစားမှဖြစ်မယ်၊ ကြီးမေတို့ အန်တီစိုးတို့ စောင့်နေတာကြာလှရောပေါ့"

အန်တီနိုင် ခြိမ့်နှင့် အိမ့် လက်ကလေးကိုဆွဲပြီး ထမင်းစားခန်းဆီသို့ ထွက်လာခဲ့လိုက်သည်။

ညီအစ်မနှစ်ယောက် ရင်ထဲမှာတော့ အပျော်တွေက အရောင်စုံ LED မီးဆိုင်းတွေလို တလက်လက်တောက်ပလို့။

ရင်ထဲမှာ အချစ်ကိုယ်စီ မွေးဖွားကုန်ကြပြီလေ။

◆ ◆ ◆



## အခန်း (၃၁)

"အလင်း…ထမင်းစားမယ် ထ"

"မဆာသေးပါဘူးကွာ၊ လူက ညစ်နေရတဲ့အထဲ၊ ကိုယ့်ဘာသာကိုယ် စား"

"ဒီမှာ ခုမှညစ်မနေနဲ့ စတွေ့တုန်းကတည်းက မင်းဘက်က ဖောင်းအဖြစ်မခံဘဲ သူ့နဲ့ အလိုက်အထိုက်နေလိုက်ရင် သူများနောက်တောင် ပါသွားစရာမလိုဘူး၊ ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ့်အပြစ်နဲ့ကိုယ်ခံ"

အပြစ်တင်စကားဆိုရင်း အနားမှာဝင်ထိုင်လိုက်သော မောင်နိုင့်စကားက အလင်းမာနကို ထိခိုက်စေ၏။ အလင်းဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်က ချစ်မိသွားတာက တစ်ကဏ္ဍ၊ မာနနဲ့ လူကို တင်စီးတာ မခံနိုင်တာက သပ်သပ်။ ဒီမိန်းကလေး မာနကြီးမှန်း လူတွေ မတူသလို မတန်သလို ဆက်ဆံတတ်မှန်းသိလို့ အလင်း တမင် သူမနှင့် ဘုကန့်လန့် လိုက်လုပ်နေခြင်းဖြစ်သည်။ အစပိုင်းကတော့ ကိုယ့်မခံချင်စိတ်ကြောင့် ဆေးတိုက်လိုက်လုပ်နေပေမယ့် နောက်ပိုင်း သူမနှင့် ဘုဆောက်ကျနေတာကိုပဲ အလင်း ကြည်နူးလာသည်။ ဒေါသတွေဖြင့် ဆတ်ဆတ်ခါနေသော သူမမျက်နှာကို ရသတစ်မျိုး ဖြင့် ခံစားတတ်လာသည်။

မာနစိတ်တွေ ဖောင်းပွနေတဲ့ မိန်းမတစ်ယောက်ကို မထေ့ မှတ်ဘဲ ရယူပိုင်ဆိုင်ချင်စိတ်တွေ ကြီးထွားလာသည်။

ယခု သူမမှာ ချစ်သူရှိနေပြီဆိုတာ သိလိုက်ရတော့ ရင်ဘတ်ထဲမှ နှလုံးသားတစ်စုံကို အရှင်လတ်လတ် နှုတ်ယူခြင်း ခံလိုက်ရသလို ရင်ထဲမှာ ဟာဆင်းသွားပြီး မခံစားနိုင်လောက်အောင် နာကျင်လှသည်။ ဒါ့အပြင် မာနနှင့် မခံချင်စိတ်တွေကို မလိုအပ် ထုတ်သုံးမိ၍ အလင်းရောင် ရရှိလိုက်တာက ခြိမ့်ထံမှ အထင်သေး စိတ်၊ မတူမတန်သော ဆက်ဆံမှုနှင့် အမုန်းတရားတွေပင်ဖြစ်သည်။

"ဟော…ဟိုမှာ ပြောရင်းဆိုရင်း ပြန်လာပါပြီ၊ ဒီမိန်း





ဆသခဲ ဦးမယ်၊ ဟင်း…နောက်ဆုံး မင်းရဲ့သွားတစ်ချောင်းအလဟာသ ဆုံးရှုံးတာပဲ အဖတ်တင်သွားတာပဲမဟုတ်လား"

မောင်နိုင့်စကားကြောင့် အိမ်အပြင်ဘက်ကို လှမ်းကြည့် လိုက်သည်။ အနက်ရောင် မှန်လုံကားကြီးပေါ်မှ စတိုင်လ်ကျကျ ဆင်းလာသော ခြိမ့်။

သူမနှင့်အတူ သူ့ချစ်သူ ကျော်ဇောမြတ်ပါ ဆင်းလာ သည်။ နှစ်ယောက်သား လက်ချင်းချိတ်ပြီး အိမ်ထဲဝင်သွားကြသည်။ ခြိမ့်မျက်နှာပေါ်မှာ ချစ်သူနှင့်အတူရှိနေ၍ ပျော်မဆုံးမော်မဆုံးမျက်နှာ နှင့် လိုတာထက်ပို၍ပင် ချိုသာနေသလို။

အလင်း ထိုမြင်ကွင်းကို ဆက်မကြည့်လိုတော့၍ အိမ်ထဲ ဝင်ခဲ့လိုက်သည်။

အချစ်ဆိုတဲ့အရာက သူ့ဆီမှမရဘဲ ကိုယ်ကပေးရရင်လည်း အချစ်မည်တာပဲလေ။ ရင်၌တည်သော ချစ်ခြင်းတရားသည် မှသား ထင်းမဲ့ပါ၏။ ဤသစ္စာမှန်ပါက ဒီကောင်မလေး ကျွန်တော့်ချစ်သူ ဖြစ်ပါစေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ရင်ဘတ်ချင်း ပူးကပ်လိုက်သောအခါ ထွက်ပေါ်လာသော တုန်ခါမှုဒီဂရီသည် အိမ့်နှင့် နေဝန်းသစ်၏ စိတ်ခံစားမှုတွေကို ကြည်နူးတိမ်းမူးခြင်းများဖြင့် အခါခပ်သိမ်း မေ့မေ့လျော့လျော့ ဖြစ်စေ၏။

"ကို..လူကို အဲလောက်ထိ မဖက်ထားပါနဲ့၊ လွှတ်ပါဦး အိမ့် အသက်ရှူတောင်ကျပ်လာပြီ၊ ရုံးခန်းထဲ တစ်ယောက်ယောက် ဝင်လာရင်လည်း မြင်လို့ မသင့်ပါဘူး"

နေဝန်းသစ်ရင်ခွင်ထဲမှ အတင်းရုန်းထွက်ဖို့ကြိုးစားရင်း အိမ့် အရှက်ပြေပြောဆို၏။ တကယ်ဆို ချစ်သူရင်ခွင်နဲ့ တစ်ရာရီ





တစ်စက္ကန့်လေးတောင်မှ မဝေးချင်ပါဘူး။

"အိမ့်က ကိုယ့်ချစ်သူလို့ တစ်ရုံးလုံးသိအောင် ကြော်ငြာ လို့ရတဲ့အခြေအနေမှာ ဘယ်သူ့ကို စိုးရိမ်နေသေးတာလဲကွာ"

"ကို့ ဂုဏ်သိက္ခာအတွက်၊ အဲလိုလုပ်လို့ မဖြစ်သေးဘူး လေ၊ စိတ်တွေ တအားမလောပါနဲ့ဦး"

"ကိုယ်ကတော့ အိမ့်နဲ့ အမြန်ဆုံးလက်ထပ်ချင်ပြီ၊ ခုလို ချစ်သူဘဝကြီးနဲ့ အချိန်တွေကို ဆွဲမဆန့်ချင်ဘူး"

"အိမ့်ဘက်က ကို့ကို လက်ထပ်ဖို့ သတ္တိမမွေးရသေးဘူး၊ ဒါကြောင့် အချိန်ကာလတစ်ခုထိတော့ စောင့်ပေးပါ ကိုရယ်"

"အမယ်လေး...ဒါက ဘယ်လိုဖြစ်နေကြတာလဲ၊ လူ တစ်ယောက်လုံး ဝင်လာတာတောင် မိုးမမြင်လေမမြင်နဲ့"

အခန်းထဲမှာ ဟိန်းသွားသော နှင်းပွင့်သစ်၏အသံကြောင့် တစ်ယောက်ခါး တစ်ယောက်ဖက်ကာ ကိုယ်ချင်းပူးကပ်နေရာမှ ရုတ်တရက်အလန့်တကြား ကိုယ်ချင်းခွာလိုက်ကြသည်။

"ဟင်...မမ"

"ဟုတ်တယ်၊ ငါ ဒီလိုအချိန်ကြီးရောက်လာလိမ့်မယ်လို့ မင်း မထင်ထားဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းသစ် မထူးတော့ပြီမို့ တစ်ခါတည်းဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

"ကျွန်တော်နဲ့ အိမ့်က ချစ်သူတွေဖြစ်နေကြပါပြီ"

"မင်းမပြောလဲ ငါသိပြီးသားပဲ နေဝန်းရဲ့၊ ဒါပေမဲ့ မင်းတို့ နှစ်ယောက်အခြေအနေက အရမ်းမမြန်လွန်းဘူးလား၊ ဒယ်ဒီဆုံးတာ တစ်နှစ်တောင် မပြည့်သေးဘူး၊ မင်းကပါ ဒယ်ဒီလျှောက်တဲ့လမ်း အတိုင်း တစ်သွေမတိမ်း လိုက်လျှောက်တော့မယ်ပေါ့ ဟုတ်လား"

"အရာရာကို ပုံသေနည်းကြီးအတိုင်း မတွေးပါနဲ့ မမရာ ဒယ်ဒီ ဒီလိုအဖြစ်ဆိုးနဲ့ ကြုံခဲ့တာ အိမ့်အမေကြောင့်မှမဟုတ်တာ ဒယ်ဒီ့ရဲ့ကံကြမ္မာကြောင့်ပဲ၊ ဒယ်ဒီ့ကံကြမ္မာက ကျွန်တော်နဲ့ဘာမှ မဆိုင်သလို ဒယ်ဒီကြမ္မာဆိုးဝင်သလို ကျွန်တော် မဝင်ပါဘူး မမရဲ့စိုးရိမ်မှုတွေက တစ်ဖက်စွန်းကိုရောက်နေပြီ၊ အိမ့်ကို အားနာ ကောင်းပါတယ် မမရာ"

"ကို အိမ့်ကြောင့်တော့ ကိုတို့မောင်နှမနှစ်ယောက် သာ ပြဿနာမှ မဖြစ်စေချင်ဘူး၊ အိမ့် တောင်းပန်ပါတယ်"

ချစ်သူကို တောင်းပန်တိုးလျှိုးနေသော အိမ့်ကိုကြည့်ပြီး နှင်းပွင့်သစ် အထင်မကြီးဟန်ဖြင့် မျက်နှာကို မဲ့လိုက်သည်။

"အိမ့်သဲဖြူကတောင် အလိုက်တသိ တောင်းပန်နေတာ မင်းက အစ်မကို ဘာပြန်ခံပြောနေတာလဲ...နေဝန်း၊ မမကို ဘယ်နှခါ ပြန်ပြောဖူးလို့လဲ"

"အိမ့်နဲ့မင်းကို မမ အဆင့်အတန်းမခွဲခြားဘူး၊ သဘော မတူဘူးလို့လဲ အတိအလင်းမပြောဘူး၊ ဒါပေမဲ့ မင်းတို့နှစ်ယောက် ဒီအခြေအနေရောက်ဖို့အတွက် အရမ်းစောလွန်းပါသေးတယ်၊ အိမ့်သဲဖြူလည်း အနေအထိုင်ဆင်ခြင်ဖို့ မမ သတိပေးချင်တယ်၊ မင်း အခုရောက်နေတဲ့အခန်း မင်းချစ်နေတဲ့သူဟာ နိုင်ငံကျော် Dream ရဲ့အရှင်သခင်နော်၊ ဒါကို သတိပြုမိရင် စောစောကလို အပြုအမူမျိုးတွေကို မင်းဘက်ကသိက္ခာရှိရှိ ရှောင်ရှားသင့်တယ်"

အိမ့် ရှက်လွန်း၍ မျက်ဝန်းမှ မျက်ရည်တွေပင် ပါးပြင်ပေါ် ကျလုမတတ်။ ဘဝမှာ ယခုကြုံတွေ့နေရသော အချိန်သည် အသိမ်ငယ်ဆုံးနှင့် အနာကျင်ရဆုံးအချိန်ပင် ဖြစ်လိမ့်မည်ထင်သည်။ ရပ်နေသောခြေအစုံပင် ဆက်လက်မရပ်တည်နိုင်လောက်အောင် လူက အရုပ်ကြိုးပြတ် ဒူးညွတ်ကျချင်နေသည်။

"ကို...အိမ့် သွားတော့မယ်"

ချစ်သူကို နှုတ်ဆက်ပြီး နှင်းပွင့်သစ်ကို ဖျတ်ခနဲတစ်ချက်





www.burmeseclassic.com

www.burmeseclassic.com

ကြည့်ကာ အခန်းထဲမှ ထွက်ခဲ့လိုက်သည်။

လှုကာ ရှက်လွန်းလို့ ခန္ဓာကိုယ်တစ်ခုလုံး မြေထဲမှာ လျှော့လျှောက်နေရသလို ပေါ့ရှုပ်နေသည်။

ချစ်သူကို အလိုလိုက်ခဲ့မိတာ ကိုယ့်အပြစ်ပဲလေ။

◆ ◆ ◆



## အခန်း (၃၃)

"ဒီအိမ်က ဘယ်သူ့အိမ်မို့လို့ ကိုယ့်ကို ဒီကိုပို့ခိုင်းတာလဲ၊ အသိမိတ်ဆွေအိမ်ဆိုရင် အထဲကိုဝင်လေ"

ကားထဲမှာထိုင်ပြီး ကိုယ်တွေကြီးပြင်းခဲ့ရသည့် အိမ်ကြီးကို တစ်မေ့တစ်မော ငေးမောနေသော ခြိမ့်ကိုကြည့်ပြီး ကျော်ဇောမြတ် နားမလည်နိုင်။ ဘာကြောင့် ဒီအိမ်ကို သတိလက်လွတ် ငေးမောနေရသလဲ။ ကြည့်စမ်းပါဦး၊ အရင်အတိုင်းပဲ။ ဘာကိုမှ မပြောင်းလဲသေးဘူး။

"အဲဒီအိမ်ကြီးက ဘယ်သူ့အိမ်ကြီးလို့ထင်လဲ"

"ဘယ်သိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ခြိမ့်တို့အိမ်လေ၊ အကြွေးနဲ့ အသိမ်းခံလိုက်ရတာ"

"သြော်..."

ကျော်ဇောမြတ်ထံမှ သြော် ဟူသော အသံတစ်သံသာ ထွက်လာသည်။

"ခြိမ့်လေ ဒီအိမ်ကြီးကို တစ်နေ့နေ့တစ်ချိန်ချိန်မှာ ပြန်ဝယ်ရမယ်လို့ သံန္နိဋ္ဌာန်ချထားတယ်၊ ဒါဟာ ခြိမ့်ရဲ့ အိပ်မက်၊ ခြိမ့်ရဲ့ အကြီးမားဆုံး မျှော်လင့်ချက်ပဲ ကျော်"

ခြိမ့် ပြောရင်းဖြင့် ကျော်ဇောမြတ်ကို မသိမသာအကဲခတ်လိုက်သည်။

ပြီးနောက် ကျော်ဇောမြတ် ပခုံးထက်မှာ ခပ်နွဲ့နွဲ့ခေါင်းမှီတင်ကာ...

"ခြိမ့်လေ ကျော်နဲ့လက်ထပ်ပြီးရင် ဒီအိမ်ကြီးမှာ နေချင်တယ်၊ ခြိမ့်ရဲ့ မျှော်လင့်ချက်ဆန္ဒတွေပြည့်အောင် ကျော် ဖြည့်ဆည်းပေးနိုင်မလားဟင်"

"ဒါပေါ့ ဖြည့်ဆည်းပေးရမှာပေါ့၊ ဒီအိမ်ကို လက်ရှိပိုင်နေတဲ့လူကသာ ရောင်း မရောင်း သိရအောင် အရင်စုံစမ်းရမှာလေ"





ခြိမ့်မျက်နှာမှ အလိုဆန္ဒပြည့်ဝမည်ဟူသော လပြည့်ဝန်းကြီးလို ဝိုင်းစက်လင်းမြသွားကာ...

"ဟယ်...တကယ်ပြောတာလား၊ ခြိမ့်တို့နှစ်ယောက် လက်ထပ်ပြီးရင် ဒီအိမ်ကြီးမှာ တကယ်နေရမှာလားဟင်"

"ကိုယ်က နောက်နေရမှာလား ခြိမ့်ရယ်၊ ဘယ်လို ခက်ခဲတဲ့အရာပဲဖြစ်နေဖြစ်နေ ကိုယ်ရအောင် ဖြည့်ဆည်းပေးမယ်၊ အဲဒါကို ယုံပါ၊ အခုကက ကိုယ်ပျော်နေဖို့ပဲမဟုတ်လား"

"ခြိမ့် ဝမ်းသာလိုက်တာ ကျော်ရယ်၊ ကျော် ခြိမ့်ကို ချစ်တယ်ဆိုတာ ခြိမ့် တကယ်ယုံသွားပါပြီ"

"အရင်ကတော့ မယုံဘူးပေါ့ ဟုတ်လား"

"အရင်ကလည်း ယုံပါတယ်၊ ဒါပေမဲ့ ဒီလောက်လေးနက်လိမ့်မယ်လို့ ထင်မထားဘူးလေ၊ ခြိမ့်လေ ကျော့်ကို အရမ်းချစ်သွားပြီ သိလား"

ခြိမ့် ပျော်လွန်း၍ ဘယ်လို စာဖွဲ့ပြရမှန်းတောင်မသိ။ ထို့ကြောင့် အလိုက်သိလွန်းသော ချစ်သူ၏ရင်ခွင်ထဲ အသာင်းတိုးဝင်ပြီး ခြွေချလာမည့်အနမ်းတွေကို ကြည်ဖြူစွာဖြင့် မျက်ဝန်းလေးမှေးစင်းကာ လက်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမှန်ပြတင်းမှ မဒိုတရိုတိုက်ခတ်လာသော လေချွေ တွေဝင် တိုးမပေါက်လောက်အောင် အနမ်းတွေက ကြယ်ရောင် အောက်မှာ သိမ်မွေ့နူးညံ့၍နေ၏။

◆ ◆ ◆



## အခန်း (၃၄)

"ဟယ်…ဒါ ဒါတကယ်ပြောနေတာလား ခြိမ့်ရယ်၊ အန်တီနိုင် အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်"

မျက်လုံးလေးပေကလပ် ပေကလပ်ဖြင့် မယုံကြည်နိုင်စွာ ဖြင့် အပြန်ပြန်အလှန်လှန်မေးနေသော အန်တီနိုင့်ကိုကြည့်ပြီး ခြိမ့် ခပ်လွှင်လွှင်လေး ရယ်လိုက်ပြီး…

"တကယ်ပြောတာပါ အန်တီနိုင်ရဲ့၊ အန်တီနိုင် အိပ်မက် ဟုတ် မဟုတ်သိရအောင် ကိုယ့်ပါးကိုယ် ပြန်ဆိတ်ဆွဲကြည့်လိုက် ပါလား"

အန်တီနိုင် ခြိမ့်ပြောသလို ပါးကိုခပ်ဖွဖွ ဆွဲလိမ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အေး..ဟုတ်တယ်၊ ဒါ တကယ်ပဲ၊ အိပ်မက်မှ မဟုတ်တာ"

"ဟယ်...ခြိမ့်ရယ်၊ လူကြီးကို မရှိမသေ အဲလိုလုပ်နိုင်စရာလားလို့ တကယ်ပါပဲ"

ခြိမ့်၏ ရွတ်နောက်နောက်နိုင်မှုကို အိမ့် ဝင်ဟန့်လိုက်သည်။ ခြိမ့် ရယ်ကျဲကျဲလေးဖြင့် အိမ့်ပြောတာကို ဘာမှပြန်မပြောဘဲ ပြုံးနေသည်။

"သြော်..မမ၊ ဒါနဲ့ မမရဲ့လူကြီးကို မေးကြည့်ပါလား အဲဒီအိမ် ရောင်းမလားလို့၊ တကယ်လို့ ရောင်းမယ်ဆိုရင် ဘယ်ဈေးလောက်နဲ့ရမလဲ သိချင်တယ်၊ ဒါမှ ကျော်အောကို ပြန်ပြောပြရမှာလေ၊ သူ့ဘက်က အဲဒီအိမ်ဝယ်ဖို့အတွက် ငွေတွေဘာတွေ အဆင်သင့်ထုတ်ထားရအောင်လို့ပေါ့"

"ဟာ...ငါ မမေးချင်ပါဘူး ခြိမ့်ရယ်၊ ကိုယ့်ကိစ္စ ကိုယ့်ဟာကိုယ် လုပ်ပါလား၊ ကိုနဲ့ ငါနဲ့ တွေ့တဲ့အချိန်မှာ ငါတို့ တခြားအကြောင်းပြောဖို့ကို အချိန်မရဘူး၊ နောက်ပြီး ငါမေးလိုက်ပါပြီတဲ့ အိမ်ဝယ်မလို့လားလို့မေးရင် ငါက ဘယ်လိုဖြေရမလဲ၊ ကျွန်မ





ညီမရဲ့ ကောင်လေးက ဝယ်မလို့ပါဆိုရင် ဘာမဟုတ်တာနဲ့ တို့ညီအစ်မနှစ်ယောက်ကို အထင်သေးသွားမှာပေါ့"

"ဒါတော့ ဟုတ်တယ် ခြိမ့်လေးရဲ့၊ ဝယ်ကာမှပဲ ဝယ်တဲ့အလျောက် ချက်လက်မှတ်ကိုင်ပြီး မာမာတင်းတင်း သွားပြန့်ဝယ်၊ မဝယ်ရသေးဘဲနဲ့ လေလေးနဲ့တော့ ဘာမှသွားမမေးနဲ့ဦး၊ ကိုယ်မေးလိုက်တဲ့အခါမှ အရင်က သိန်း နှစ်ထောင်သုံးထောင်လောက်ပဲ တန်တဲ့အိမ်က စတော့ဈေးကွက်လို သိန်းလေးငါးထောင် ထိုးတက်သွားဦးမယ်၊ လူတွေရဲ့ လောဘကိုလည်း သိရဲ့သားနဲ့"

"အင်းလေ ဒါဆိုလည်း မမေးနေပါနဲ့တော့"

"သမီးခြိမ့်ရေ..သမီးဧည့်သည် လာနေတယ်"

ကြီးမေ အခန်းဝမှာလာရပ်ပြီး ပြောသည့်အသံကြောင့် ခြိမ့်မျက်နှာလေး လက်ခနဲဖြစ်သွားကာ...

"ဟော...ပြောရင်းဆိုရင်း လာနေပြီ"

ခြိမ့် ရင်ခွင်မှာပိုက်ထားသော အရုပ်ကြီးကို ဘုန်းခနဲပစ်ချပြီး ကုတင်ပေါ်မှ ခပ်မြန်မြန်ဆင်းလိုက်သည်။

"ဟဲ့..ဟဲ့...ဖြည်းဖြည်းဆင်းပါ၊ မှောက်လျက်လဲလို့ ရှဲတွေထွက်သွားဦးမယ်"

အိမ့် သတိပေးတာကိုပင် အရေးမစိုက်နိုင်၊ မှန်တင်ခုံရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ ခရင်ပတ်စ်ကလေးကို မျက်နှာပေါ်ခပ်ပုံပုံလေးဖြစ်အောင် တစ်ချက်နှစ်ချက် တင်ဖို့လိုက်သည်။ ပွယောင်းယောင်းဖြစ်နေသော ဆံပင်တွေကို ဘီးကျဲဖြင့် တစ်ချက်နှစ်ချက် သပ်လိုက်သည်။

နှုတ်ခမ်းဆိုးဆေး ပန်းရောင်ဖျော့ဖျော့လေးကို နှုတ်ခမ်းပေါ် ခပ်ပြေပြေလေး တင်လိုက်သည်။

"ကဲ…လှပြီးသားကို ထပ်ပြီး မှုန်နံ့သာတင်နေပြန်ပါပြီ။ အိမ်ရှေ့မှာ မော်ဖူးချင်တဲ့သူက မော်ဖူးချင်လှပြီ"

အန့်ကီခိုင် စိတ်လောကြီးနေပုံက ခြိမ့်မှ အချိန်ဆွဲပြီး အလှပြင်နေတာကိုပင် အပြစ်ဖို့ချင်နေသည်။

"အင်းပါ အန့်တီခိုင်ရဲ့၊ ကိုယ့်ချစ်သူကို တစ်ရေးနိုးတဲ့ ပုံစံကြီးနဲ့ ထွက်မတွေ့ချင်လို့ပါ၊ ကဲ ပြီးပြီ၊ ဒါပဲနော် ခြိမ့်တို့ အိမ်ကြီးကို ဝယ်ပြီး ဟိုကိုပြန်ပြောင်းတဲ့နေ့ကျရင် အန့်တီခိုင်ပါ ခြိမ့်တို့နဲ့ လိုက်နေရမယ်"

ချစ်သူကို ထွက်တွေ့ခါနီးတောင် စိတ်ကူးလေးဖြင့် ပျော်နေသော ခြိမ့်၏ ကလေးဆန်သည့် အမူအရာကိုကြည့်ပြီး အိမ့်ဝင် ညီမလေးအတွက် စိတ်အေးသွားရသည်။

ခြိမ့်ဘဝလေး သာယာပျော်ရွှင်ရမည်ဆိုလျှင် အိမ့်လည်း ထပ်တူထပ်မျှ ဝမ်းသာပျော်ရွှင်ပေးနိုင်ပါသည်။





"မမ အိမ်ရှေ့ကို ထွက်ခဲ့ပါဦး၊ ကျော်ဇောနဲ့ မိတ်ဆက်ပေးချင်လို့"

ခြိမ့် တစ်ခေါက်ပြန်ဝင်ပြီး ခေါ်သဖြင့် အိမ့်ကိုယ်ပေါ်မှာ ဝတ်ထားသော ဘလောက်စ်အင်္ကျီကို သပ်သပ်ရပ်ရပ် ဆွဲဆန့်ရင်း အိမ်ရှေ့ကို ထွက်လာလိုက်သည်။

အိမ်ရှေ့ဆက်တီခုံတွင် ထိုင်နေသော ကျော်ဇောမြတ် အိမ့် ထွက်လာတာမြင်တော့ ထိုင်နေရာမှ အရိုအသေပေးသည့်အနေဖြင့် ထလိုက်သည်။

"ကျော်…ဒါ ခြိမ့်ရဲ့ မမလေ၊ မှတ်မိတယ်မဟုတ်လား"

ခြိမ့်အစ်မဖြစ်သူ၏ ခါးလေးကို ခပ်ဖွဖွဖက်ကာ ချစ်သူနှင့် မိတ်ဆက်ပေး၏။ အိမ့် ကိုယ့်ညီမ၏ချစ်သူဆိုတာနှင့် အစ်မနေရာမှာ ခန့်ခန့်ကြီး မာန်တက်ပြမနေဘဲ သိမ်မွေ့ရိုကျိုးစွာဖြင့် ပြုံးပြလိုက်သည်။

"မမအိမ့်က ကျွန်တော်တို့ စတိတ်ကျောင်းတက်စဉ်တုန်းကလည်း ဒီအရွယ်ပဲ၊ ခုလည်း ဒီအရွယ်သာသာပဲနော်၊ ရုပ်မပြောင်းဘူး"

"မြှောက်မနေပါနဲ့ ငါ့မောင်ရယ်၊ ရုပ်သာမပြောင်းတာ အသက်ကတော့ စတိတ်ကျောင်းတုန်းကလို မငယ်တော့ဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com

မင်းကတော့ လူကောင်ကြီးအရမ်းထွားပြီး လူကြီးဆန်သွားတာ
နော်''

''အဟင်း…ကျွန်တော် ကျင်လည်နေရတဲ့ စီးပွား
လောကမှာက ခုလိုလူကြီးဆန်ဆန် နေမှပြောမှ အဆင်ပြေ
ကိုယ့်ကိုယ်ကို လူရိုန်အောင် မနည်း လူကြီးဝိုက်ဖမ်းနေရတယ်''

အိမ့်နှင့် ကျော်ဇောမြတ် ရှေးဟောင်းနှောင်းဖြစ်တွေ
ခဏထိုင်ပြောဖြစ်ကြသည်။

''ကျော်…မမက ခြိမ့်ကို မေးနေတာသိလား၊ ခြိမ့်
ဘယ်တော့လောက် လက်ထပ်ကြမလဲတဲ့''

အိမ့်လည်းမမေးဘဲနှင့် ခြိမ့် တမင်ပင် သူ့ရင်ထဲက
အိမ့်နာမည်သုံးပြီး မေးလိုက်သည်။ ကျော်ဇောမြတ် အိမ့်ကို အား
သောအကြည့်ဖြင့် ပြုံးပြီး…

''ကျွန်တော် အဲဒီအတွက် စီစဉ်စရာရှိတာ စီစဉ်နေပါတယ်
မမအိမ့်၊ ကျွန်တော့်ဘဝထဲကို ခြိမ့်ဝင်တော့မယ်ဆိုတော့ ကျွန်တော့်
ဘက်က လိုအပ်ချက်မရှိအောင် ပြင်ဆင်နေရလို့ပါ၊ နောက်ပြီး
မိုးကုတ်က ကျွန်တော့်မိဘတွေကိုလည်း မင်္ဂလာပွဲအတွက်
ခြိမ့်နဲ့အတူနေဖို့ နေရာထိုင်ခင်းကအစ ခြိမ့်လေးစိတ်တိုင်းကျ စီမံပြီး





လက်ထပ်ပွဲကို လုပ်ရင်ကောင်းမလားလို့ပါ''

''ဒါပေါ့၊ ကြိုတင်ပြင်ဆင်ပြီးမှလုပ်တော့ အများအယွင်း
မဖြစ်တော့ဘူးပေါ့ကွယ်၊ မမကလည်း ညီမလေးတစ်ယောက်တည်း
ရှိတာဆိုတော့ သူ့ကို အစစအရာရာ စိတ်ချမ်းသာစေချင်တယ်''

''စိတ်ချပါ၊ ကျွန်တော်နဲ့ လက်ထပ်ပြီးရင် ခြိမ့်ဘဝမှာ
စိတ်ဆင်းရဲစရာ သောကအပူတွေ မြူတစ်မှုန်စာတောင် မရှိစေရပါ
ဘူးလို့ ကတိပေးပါတယ် မမ''

ကတိတွေ အထပ်ထပ်ပေးနေသော ကျော်ဇောမြတ်ကို
ယုံကြည်စွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ…

''ခုလို ကတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်''

အိမ့်ကပင် ပြန်၍ ကျော်ဇောမြတ်ကို ကျေးဇူးတင်စကား
ဆိုနေမိသေးသည်။

ခြိမ့်မျက်နှာလေးမှာ လိုတာထက်ပင်ပို၍ ချိုမြိန်နေသည်။
သူတို့ လက်ကလေးတွေ ခိုင်မြဲစွာဆုပ်ကိုင်ထားကြလိုက်
ပုံများ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

မာနတရားတို့သည် အမောက်ထောင်ထိုးတက်လိုက်ပြီး
ဝုန်းခနဲခါးကျိုးကျသွားသော လှိုင်းပမာ အရှုံးတို့သည် လွင့်
ကြေကွဲစွာ ရောက်လာ၏။

ကမ်းပေးနေသော ဧစ္စပ်ပွဲဖိတ်စာကို လှမ်းယူရန်အင်
မရှိပေမယ့် သွေးကြောင်လွန်းသည်ဟု ထင်မည်ဆိုး၍ ခံစားချ
တို့ကို ကြိတ်မှိတ်မျိုသိပ်ရင်း လှမ်းယူလိုက်သည်။

နှင်းပွင့်သစ် အနိုင်ရသောအပြုံးကို ဝင့်ထည်စွာပြုံးလိုက်
ပြီး…

"ဘယ်လိုလဲ…မင်းမှာ နေဝန်းရဲ့ဧစ္စပ်ပွဲကို လာရဲ





သတ္တိ ရှိပါ့မလား၊ ငါကတော့ လာစေချင်တယ်၊ ဘာဖြစ်လို့လဲ
ဆိုတော့ ဒီပွဲရဲ့မြင်ကွင်းတွေကိုမြင်ပြီး နေဝန်းကို မေ့နိုင်မယ့်ခွန်အား
တွေ ရလာမှာမို့လေ၊ နောက်ပြီး မင်းတို့ ပိုင်ခဲ့ဖူးတဲ့အိမ်လေးကိုလည်း
အလွမ်းပြေ လာကြည့်ရင်းပေါ့"

နှင်းပွင့်သစ် တမင်ပင် အိမ့်ကို စိတ်သောကပွေစေလို၍
နေဝန်းသစ်၏ဧစ္စပ်ပွဲကို အိမ့်တို့အိမ်မှာ တမင်ရွေးလုပ်ပြီး အိမ့်ကို
ဖိတ်ခြင်းဖြစ်သည်။

"ရှင်က လာစေချင်မှတော့ အိမ့်တို့ ညီအစ်မနှစ်ယောက်
လုံး နေဝန်းသစ်ရဲ့ ဧစ္စပ်ပွဲကို တက်ပေးရမှာပေါ့"

ထိုသို့ မခံချင်စိတ်ဖြင့် ပြောလိုက်ရသောတဒင်္ဂသည်
ကိုယ့်ကိုယ်ကို အသက်ရှုရပ်သွားသလို ခံစားလိုက်ရပေမယ့် အိမ့်
စိတ်ကိုတင်းထားသည်။

အရှုံးတွေကို ရက်ရက်ရောရော လာပေးနေတဲ့သူ့ရဲ့ လက်ထဲ
က အရှုံးတွေကို ညင်သာစွာပုတ်ထုတ်ပစ်နိုင်နေမှာပေါ့။ အိမ့်ဆိုတဲ့
မိန်းမက နှင်းပွင့်သစ်ရဲ့ ကကြိုးရုပ်မှမဟုတ်ခဲ့တာပဲ။

နေဝန်းနှင့် သူ့မကြားမှာ ပြီးဆုံးသွားပြီဟု စာတမ်းထိုးပြ
နေသော နှင်းပွင့်သစ်ရှေ့မှာ အိမ့်မျက်နှာပေါ်တွင် ဘယ်လိုအရှုံးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ မတွေ့စေရ။

နှလုံးသားမှာ တိတ်တဆိတ် အက်ကွဲကြေမွနေတာကိုတော့ သူသိနိုင်တာမှမဟုတ်တာ။

"မင်းက ထင်ထားတာထက်တောင်ပိုပြီး သတ္တိတွေ ရှိနေပါလား အိမ့်သဲဖြူ၊ ဘာပဲဖြစ်ဖြစ် ငါ့မောင်နဲ့ ပတ်သက်ပြီး မင်းဘက်က ခံစားချက်တစ်စုံတစ်ရာလေးတောင် ထုတ်မပြခဲ့တဲ့ အတွက် ငါ့မောင်ကလည်း မင်းကို တမြေ့မြေ့နဲ့ လွမ်းလောက်မှာ မဟုတ်ပါဘူး"

"အချစ်ဆိုတာ ကျွန်မဘဝမှာ ဘာမှအသုံးမဝင်လောက်တဲ့ အစိတ်အပိုင်းလေးတစ်ခုပါ၊ အဲဒီအတွက် ကျွန်မက ဘာကိုကြေကွဲ ပြနေရမှာလဲ မနှင်းပွင့်သစ်ရယ်၊ ဘာလဲ ရှင့်ရှေ့မှာ ဒူးထောက်ပြီး ရှင့်မောင်နဲ့ကျွန်မကို သဘောတူပေးပါလို့ ခြေသလုံးဖက်ပြီး တောင်းပန်တိုးလျှိုးပြနေရမှာလား"

"မင်းပဲ ငါ့မောင်ကို ချစ်တယ်ဆို"

"ရှင့်မောင်ကိုချစ်တာနဲ့ပဲ ကျွန်မရဲ့မာနတွေကို ရှင့်ခြေဖဝါး အောက် ထိုးသွင်းလိုက်ရမှာလား၊ ဆောရီးပဲ၊ အဲလို ဘယ်တော့မှ ဖြစ်မလာနိုင်ပါဘူး၊ အဲဒီအတွက် ရှင်က အလေးအနက်လာဖိတ်တဲ့





စေ့စပ်ပွဲကို ကျွန်မ တက်ဖြစ်အောင်တက်မယ်၊ ဒါပေမဲ့ အရှုံးတွေ တော့ မဟုတ်ဘူး"

အိမ့် ထိုသို့ပြောပြီး နှင်းပွင့်သစ်ရှေ့မှ ချာခနဲလှည့်ထွက် ခဲ၏။

ဝေ့ခနဲကြွေကျခဲ့သော မျက်ရည်စကိုတော့ နှင်းပွင့်သစ် မြင်လောက်မှာ ကျိန်းသေပါ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"မမ ဒါ သက်သက်မဲ့ မမကို ချီးတာ...တောက်"

ချီးပွဲချင်နေသော အစ်မဖြစ်သူကိုကြည့်ပြီး မြနိ် နည်းနည်းလေးမှ စိတ်မကောင်း။ နှင်းပွင့်သစ်ဆီသို့ ချက်ချင်းပင် ထသွားပြီး သူမ၏ မာနမျက်နှာပေါ်ကို လက်သည်းချွန်ချွန်တွေဖြင့် ကုတ်ခြစ်ဖွဲ့ချပစ်လိုက်ချင်သည်။

ကြီးမေတို့ အန်တီနိုင်တို့ ဘေးမှာ မျက်နှာမကောင်းစွာဖြင့် ထိုင်နေကြသည်။ ဒီခေတ်ကာလ သားသမီးတွေရဲ့စိတ်ကို ခန့်မှန်းရခက်ကာ အိမ့်ကလေး စိတ်ဖြေနိုင်မည့် နှစ်သိမ့်မှုမျိုး ဘယ်လိုပေးရမှန်းပင်မသိလောက်အောင်ကို ခံပြင်းဒေါသထွက်နေကြသည်။





"ဒါနဲ့ ဟိုကောင်လေးကရော ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လို အကြောင်းပြချက်ပေးလဲ၊ မဟုတ်ပါဘူးလို့ မငြင်းဘူးလား"

"အိမ့် သူ့ဆီဖုန်းဆက်ပြီး မေးပြီးပါပြီ ကြီးမေ"

"ဟင်...ဒါ ဒါဆို သူက ဘာပြောလဲ၊ အန်တီနိုင် စိတ်ပူလာပြီ၊ မြန်မြန်ပြောစမ်း၊ အခြေအနေမကောင်းရင် အန်တီနိုင် ကိုယ်တိုင် ဒီကောင်လေးကို သွားရှင်းမယ်"

"မလိုတော့ပါဘူး အန်တီနိုင်ရယ်၊ သူကိုယ်တိုင်က ဒီစေ့စပ်ပွဲကို လာခဲ့ပေးဖို့တောင် အိမ့်ကို ပြောတယ်"

စကားအဆုံး အိမ့် အင့်ခနဲ ငိုချလိုက်ပြန်သည်။ နာကျည်းထုံထိုင်းသော ခံစားချက်တွေက နှလုံးသားမှာ သွေးအလိမ်းလိမ်းဖြင့် ခန္ဓာကိုယ်တစ်ခုလုံး၏ ဝမ်းနည်းကြေကွဲခြင်းအောက်တွင် လောင်မြိုက်နေရပြီ။

မငိုတော့ဘူးဟု စိတ်မှာတင်းထားပေမယ့် နာကျင်မှုကြောင့် မျက်ရည်က မဆည်နိုင်။ ချစ်ပါတယ်ဟု အကြိမ်ကြိမ်ပြောပြီး ချစ်သက်သေတွေ စိုက်ထူပြီးကြကာမှ တခြားမိန်းကလေးရင်ခွင်ထဲ ခိုဝင်သွားသော နေဝန်းသစ်၏ အတွင်းစိတ်သန္တာန်ကို မှန်းဆ၍ပင်



www.burmeseclassic.com

www.burmeseclassic.com



မရနိုင်။

သူ့စေ့စပ်ပွဲကို လာဖြစ်အောင်လာပေးပါလို့ အကြိမ်ကြိမ် တောင်းဆိုနေပေမယ့် အိမ့်၏မျှော်လင့်ချက်တွေကတော့ ဖုန်မှုန့်ဖြစ်သွားပြီ။

"မမ ဒီစေ့စပ်ပွဲကို တက်ဖြစ်အောင် တက်ရမယ် မမ"

"ဩော်...ဘယ်ဖြစ်မလဲ၊ ဒီလောက်ခံစားနေရတာကို စေ့စပ်ပွဲသွားတက်ရင် ပိုပြီးခံစားရမှာပေါ့ကွယ်၊ မသွားပါနဲ့လား၊ ကြီးမေတော့ စိတ်မချဘူး ခြိမ့်ရယ်၊ မသွားနိုင်းပါနဲ့"

"ကာယကံရှင်ကိုလည်း မေးကြည့်ပါဦးလေ"

အန့်တီနိုင် အိမ့်ခံစားနေရတာကို မကြည့်ရက်။ အပြစ်ကင်းစင်ပြီး နုနယ်တဲ့ ဒီမိန်းကလေးကျမှ အချစ်ကံခေရတယ်လို့ နေဝန်းသစ်ကိုလည်း ထိုသို့သစ္စာမဲ့သည့် ယောကျ်ားတစ်ယောက်ဖြစ်နေမှန်း လုံးဝကို အကဲမခတ်မိခဲ့။

"အိမ့် အဲဒီစေ့စပ်ပွဲကို သွားမယ် အန့်တီနိုင်"

"အိမ့် ခံနိုင်ရည်ရှိပါ့မလား"

"ရှိပါတယ်၊ သူ့ရဲ့သစ္စာမဲ့တဲ့ မျက်နှာနဲ့ အိမ့်ကို ဘယ်လိုမျက်နှာချင်းဆိုင်မလဲလို့ သိချင်တယ်"





"ခြိမ့်လည်း မမအိမ့်နဲ့ အဖော်လိုက်သွားမှာပါ၊ ဘာမှ မပူပါနဲ့ အန့်တီနိုင်၊ မသွားရင်သာ ခြိမ့်အစ်မကို ပိုင်းပြီးလှောင်ကြမှာ"

"အင်းလေ၊ အိမ့်က ဆန္ဒရှိနေမှတော့ အန့်တီနိုင်မတားတော့ပါဘူး"

"အဲဒီပွဲမှာ နှင်းပွင့်သစ်ဆိုတဲ့ မိန်းမကို နည်းနည်းတော့ ညာပေးရတော့မှာပေါ့"

ခြိမ့် ခပ်တိုးတိုး ကျိန်းဝါးလိုက်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

အများတကာ ငေးမောရလောက်အောင် အလှဆုံးပြင်ဆင်လာသော အိမ့်တို့ညီအစ်မ အိမ်ကြီးထဲ လှမ်းဝင်လိုက်သည်နှင့် ယခင်က ရင်းနှီးခဲ့သော အငွေ့အသက်တွေက ရင်းနှီးဖော်ရွေစွာ ဆီးကြိုကြသည်။

"ဟော့…မလာဘူးလို့ထင်နေတာ၊ လာသားပဲ"

ကျယ်ဝန်းလှသော ဧည့်ခန်းဆောင်ထဲတွင် ဧည့်ပရိသတ်အချို့နှင့်အတူ ဖိတ်ဖိတ်တောက်အောင် ဝတ်စားထားသော နှင်းပွင့်သစ်ကို အထင်းသား။

"လာရမှာပေါ့ မနှင်းပွင့်သစ်ရယ်၊ ဒီအိမ်ကြီးရဲ့ အငွေ့





အသက်တွေက ခြိမ့်တို့နဲ့ ဘယ်လိုလုပ်စိမ်းနိုင်မှာလဲ၊ ဒီအိမ်ကြီးမှာ မွေးကျခဲ့ရတဲ့ ဘိုးဘွားတွေကို လာဂါရဝပြုရာလည်းရောက်အောင်၊ နောက်ပြီး မတရားအသိမ်းခံလိုက်ရတဲ့ ကိုယ့်အိမ်ကို ကိုယ် လာပြန်ကြည့်တာလေ"

ခြိမ့်စကားကြောင့် နှင်းပွင့်သစ် မိတ်ကပ်အဖွေးသားလိမ်းထားသော မျက်နှာမှာ ညိုမှောင်သွားသည်။ ဟိုတစ်စု သည်တစ်စုဖြင့် မတ်တတ်ရပ်ကာ စကားကောင်းနေကြသော ဧည့်သည်အချို့၏ အကြည့်တွေက ခြိမ့်တို့ညီအစ်မဆီသို့ ရောက်လာကြသည်။

"မင်း…မင်းတို့…ဒီနေရာဟာ လူကုံထံတွေပဲ ရှိနေကြတဲ့နေရာမှာ ဘာလို့ အဓိပ္ပာယ်မရှိတဲ့စကားတွေ လာပြောနေရတာလဲ"

ခြိမ့် ဘာကိုမှမမှုဘဲ ဧည့်သည်တွေကြားမှ ဖြတ်လျှောက်ကာ စားပွဲခုံတန်းရှည်တွေပေါ်တင်ထားသည့် အဖျော်ယမကာခွက်တွေနှင့် အစားအသောက်မျိုးစုံတင်ထားသည့် ဘူဖေးတွေကိုကြည့်ပြီး နှာခေါင်းရှုံ့လိုက်သည်။

"ဟွန်း…လူကုံထံတွေကို ဖိတ်ပြီးကျွေးတာ ဒီလိုအစား



www.burmeseclassic.com

www.burmeseclassic.com



အစားမျိုးတွေတဲ့လား၊ ညှံ့လိုက်တာ”

ခြိမ့် အထင်သေးစွာဖြင့် ပြောနေပုံကိုကြည့်ပြီး အိမ့်ဝင် နားမလည်တော့။ အနောက်တိုင်းဆန်ဆန် ပြုလုပ်သည့် စေ့စပ်ပွဲ မှာ နေဝန်းသစ်ကို ခုချိန်ထိမတွေ့ရသေး၍ ဟိုဒီငေးငဲ့ရှာနေမိ၏။

နှင်းပွင့်သစ် ဒေါသမျက်နှာနှင့် အိမ့်တို့ ညီအစ်မများဆီ ရောက်လာပြီး

“ဒီလိုအစားအစာမျိုးတွေ မင်းတို့ တောင့်တနေတာကြာ ပြီမဟုတ်လား၊ အားရပါးရ ယူစားကြလေ၊ မဝသေးရင် မီးဖိုချောင် ထဲမှာ ညှော်သည်တွေစားပြီးသား အကျန်တွေ ရှိသေးတယ်၊ ပါဆယ် ထုပ်ပြီး ထည့်ပေးလိုက်ဦးမယ်”

“စေတနာထားတာ ကျေးဇူးတင်ပါတယ် မနှင်းပွင့်သစ် ဒါပေမဲ့ ခြိမ့်တို့က ဒီလိုအဆင့်အတန်းနိမ့်တဲ့ ဘူဖေးမျိုးကို စားနိုင် ခံတွင်းတွေ့မှာမဟုတ်ဘူး၊ ဩော်…ဒါနဲ့ သတို့သားလောင်းရော မမြင်ပါလား”

“ဩော်…ရှိပါတယ်၊ ဟိုဘက်က ဧည့်သည်တွေကို ဧည့်ခံနေရလို့ပါ”

နှင်းပွင့်သစ် အမုန်းတွေ အငြိုးတွေကို သကာရည်နှင့်





ထားသလို ဟန်လုပ်ပြီး ချိုနေမှန်းသိသာ၏။ အိမ့်ကတော့ ဘာမျှ ဝင်မပြောဘဲ ခပ်ငြိမ်ငြိမ်ပင်နေနေသည်။ ရင်ထဲက အသည်းကွဲ ဒဏ်ရာကြောင့် နှင်းပွင့်သစ်နှင့် အတိုက်အခံမပြောလို။

“ဩော်…ဒါနဲ့ ရှင်တို့ ဒီအိမ်ကြီးကိုပြန်ရောင်းဖို့ အစီ အစဉ်ရှိလား၊ အကယ်၍ ရှိမယ်ဆိုရင် ခြိမ့်တို့ကို အသိပေးနော်”

ခြိမ့်စကားကြောင့် နှင်းပွင့်သစ် အထင်သေးစွာဖြင့် မဲ့ လိုက်ပြီး

“မင်းတို့က ဝယ်နိုင်လို့လား”

“ဝယ်နိုင်ရမှာပေါ့၊ လူဆိုတာ အမြဲတမ်းလည်း မွဲမနေ နိုင်သလို အမြဲတမ်းလည်း ချမ်းသာမနေနိုင်ဘူးလေ၊ ခြိမ့်က လက်ထပ်ပြီးရင် ဒီမှာပြန်နေမလို့ စိတ်ကူးထားပြီးသား၊ ရှင်တို့ ပြန်မရောင်းရင်တော့ နောင်တတွေ အကြီးအကျယ်ရလိမ့်မယ်”

နှင်းပွင့်သစ်အား မခံချိမခံသာဖြစ်အောင် သွေးတိုးစမ်း နေသော ခြိမ့်မှာ စကားလုံးကြီးကြီးတွေနှင့်မို့ ဘေးဘီဝဲယာကို သတိမထားမိ။ သတိထားမိသော အိမ့်မှာသာ ခြိမ့်ကို အသာလက် တို့ရင်း

“ခြိမ့်…ဟိုဘက်မှာ ကျော်ဇောမြတ် ရောက်နေတယ်”



www.burmeseclassic.com

www.burmeseclassic.com

ခပ်တိုးတိုး သတိပေးလိုက်သော အိမ့်စကားကြောင့် ခြိမ့် ဟန်မပျက်ပင် အိမ့်ညွှန်ပြရာသို့ မသိမသာ ဝေ့ကြည့်လိုက်သည်။

"ကဲပါ…ရှင်လည်း တခြားဧည့်သည်တွေကို ဧည့်ခံလိုက်ပါဦး၊ ခြိမ့်တို့ညီအစ်မက ရှင်ရဲ့အထူးဧည့်သည်မဟုတ်ပါဘူး ခြိမ့်တို့ကလည်း ဧစပ်ပွဲကိုလာရာယ်ဆိုတာထက် ကိုယ့်အိမ်ကြီး ဘယ်လိုအခြေအနေအထိ ပြောင်းလဲသွားပြီလဲ လာကြည့်တာပါ"

ခြိမ့် စကားလမ်းကြောင်းလွှဲခဲ့ပြီး ဟိုလိုလို ဒီလိုလိုနှင့် နှင်းပွင့်သစ်အနားမှ ထွက်လာခဲ့လိုက်သည်။ နှင်းပွင့်သစ် လက်ထဲမှာ ကိုင်ထားသော ဖျော်ရည်ခွက်ကို ကြိတ်မနိုင်ခဲမရဖြစ်စွာ ခပ်တင်းတင်း ဆုပ်ကိုင်ပြီး အံကိုကြိတ်လိုက်သည်။ အိမ့်သဲဖြူကို ဖိတ်မိ တာ မှားပြီဟု ကိုယ့်ကိုယ်ကို နောင်တရမိသည်။ ခုတော့ ဘိုးဘွား ပိုင်အိမ်ပါဟု ကြွားထားသော ကိုယ့်ကြွားလုံးတွေ ဧည့်ပရိသတ် ရှေ့မှာ အကြွေးနဲ့သိမ်းထားမှန်း ဘွင်းဘွင်းကြီးကိုပေါ်ခဲ့ပြီ။

"ကျော်"

ကျော်ဇောမြတ် ယမကာခွက်ကိုင်ကာ ဧည့်သည်တွေနှင့် စကားပြောနေတုန်း ခြိမ့် ခပ်တိုးတိုးခေါ်လိုက်သော အသံကြောင့် အရယ်မျက်နှာ တစ်ပိုင်းတစ်စဖြင့် လှည့်ကြည့်၏။





ခြိမ့်တို့ ညီအစ်မကိုမြင်တော့ မျက်နှာကွက်ခနဲပျက်သွား တာ

"ဟင်…ခြိမ့်..ဘာ..ဘာလာလုပ်တာလဲ"

"ဩော်…ကျော်ရယ်၊ ဒီပွဲက နေဝန်းသစ် ဧစပ်ပွဲလေ၊ ဒီတော့ ဖိတ်တဲ့သူကဖိတ် လာတဲ့သူက လာရမှာပေါ့၊ ကျော်ကို ပါ သူတို့ဖိတ်မှန်းသိရင် အတူတူလာပါတယ် ကျော်ရယ်၊ သူတို့ နဲ့ ကျော်နဲ့ မသိလောက်ဘူးထင်လို့"

"သိ…သိတယ်လေ၊ ကိုယ်တို့က လုပ်ငန်းတူပါတနာ တွေပဲ၊ မသိဘဲနေမလား"

"မောင်…သူတို့နဲ့မောင်က ဘယ်တုန်းကသိသွားကြ တာလဲ"

မောင် ဟူသော အသုံးအနှုန်းနှင့် အနားရောက်လာပြီး ကျော်ဇောမြတ် လက်မောင်းကို ဖမ်းချိတ်ပြီးမေးလိုက်သော နှင်းပွင့် သစ်ကိုကြည့်ပြီး ခြိမ့် အသက်ရှူရပ်သွားသလို ခံစားလိုက်ရသည်။

"ကျော်…သူ..သူနဲ့ကျော်က"

ခြိမ့်အမေးကြောင့် ကျော်ဇောမြတ် ပျက်ယွင်းနေသော မျက်နှာကို နှင်းပွင့်သစ်ရှေ့မှာ ဟန်ဆောင်ထိန်းရင်း ခြိမ့်ကို မလုံ



www.burmeseclassic.com

www.burmeseclassic.com

မလဲ အားနာသောအရိပ်ဖြင့် မဝံ့မရဲကြည့်ကာ

"ကိုယ်တို့က လွှန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက လက်ထပ်ထားပြီးသား ဇနီးမောင်နှံပါ"

"ရှင်"

ခြိမ့်ကိုယ်လေး ဆတ်ခနဲ တုန်သွားကာ နောက်သို့ ခြေတစ်လှမ်းဆုတ်သွားရလောက်အောင် သတိလက်လွှတ်ဖြစ်သွားသည်။ အိမ့်ပါ မယုံနိုင်လောက်သော အကြည့်တွေဖြင့် ကျော်ဇောမြတ်ကို တအံ့တသြ ကြည့်လိုက်သည်။

"မောင်...ဘာတွေရှုပ်ထားပြန်ပြီလဲ"

နှင်းပွင့်သစ် နားမလည်နိုင်အောင်ဖြစ်သွားကာ ကျော်ဇောမြတ်ကိုတစ်လှည့် ခြိမ့်ကိုတစ်လှည့်ကြည့်ပြီး မေးလိုက်သည်။

"ရှင်...တော်တော်ယုတ်မာရက်စက်ပါလား ကျော်ဇောမြတ်၊ ရှင့်မှာ ခုလို အသက်ကြီးကြီး မိန်းမတစ်ယောက်ရှိနေရဲ့သားနဲ့ ကျွန်မကို ချစ်သူအဖြစ် လာပတ်သက်သေးလား..ဟမ်"

"ဖြန်း...ဖြန်း"

ခြိမ့် စိတ်မထိန်းနိုင်စွာဖြင့် ကျော်ဇောမြတ်ပါးပေါ်ကို လက်ဝါးနှစ်ချက် ဖြတ်တင်လိုက်သည်။ လှပုံအလယ်မှာ နှင်းပွင့်သစ်



အရှက်ခွဲခံလိုက်ရသဖြင့် သွေးရူးသွေးတန်းဖြစ်နေသည်။

"ဟင်...မင်း...မင်း ငါ့ယောကျ်ားကို ရိုက်တယ်"

"ရိုက်တယ်လေ၊ ရှင့်ယောကျ်ားက နွားသူခိုးကောင်၊ ကြာကူလီကောင်၊ ကျွန်မအချစ်ကို ရအောင်တောင်းခံပြီး အကြံပက်စက်ခဲ့သူ"

"ထွီ"

ခြိမ့် ကျော်ဇောမြတ်မျက်နှာကို ထွီခနဲ တံတွေးထွေးလိုက်ပြီး အိမ့်လက်ကိုဆွဲကာ ချာခနဲလှည့်ထွက်ခဲ့သည်။

"အိမ့်"

"ဖြန်း"

ခြိမ့်နှင့်အိမ့် လှည့်ထွက်ပြီး ဧည့်ခန်းဝနားအရောက် နေဝန်းသစ်က ရှေ့မှပိတ်ပြီး ခေါ်လိုက်သဖြင့် ညီအစ်မနှစ်ယောက်စလုံးဒေါသမျက်နှာတွေဖြင့် စူးတောက်စွာကြည့်လိုက်ပြီး အိမ့်၏လက်ဖွားက ခြိမ့်လိုပင် နေဝန်းသစ်၏ပါးကို ဖြန်းခနဲ ရိုက်ချလိုက်သည်။

နေဝန်းသစ်ဆီးမှ မိန်းကလေးသည် မထင်မှတ်ထားသောပြုအမူရင့်ရင့်တွေကြောင့် မင်တက်သွားကာ ခြိမ့်နှင့်အိမ့်ကို သွေးဆိုတ်စွာ ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ့်...အိမ့်...ကိုယ်ရှင်းပြမယ်၊ အိမ့်.."

အိမ့်..နေဝန်းသစ်၏ နောက်ဆက်တွဲစကားသံတွေကို နားမထောင်လိုတော့ဘဲ အိမ်ကြီးထဲမှ ဒေါသခြေလှမ်းတွေဖြင့် လှည့်ထွက်ခဲ့ကြသည်။

ခုတော့ ညီအစ်မနှစ်ယောက်စလုံး သောကအပူတွေ ထပ်တူထပ်မျှဖြင့် အပြောင်းအလဲမြန်သော ကံကြမ္မာကြီးကို ဘယ်လိုမှနားမလည်နိုင်တော့။

ယောကျ်ားတွေ ထိုသို့ပင် သစ္စာမဲ့တတ်ကြသလား။ တကယ်တမ်း ရိုးသားခဲ့တဲ့ မိန်းကလေးနှစ်ယောက်နှင့်ကျမှ။

◆ ◆ ◆



## အခန်း (၃၈)

"မင်းပြောသလိုဆို မင်းက အိမ့်အပေါ် တကယ်သစ္စာမဲ့ခဲ့တာ မဟုတ်ဘူးပေါ့"

အလင်း ကျိန်းသေရန် ထပ်မေးလိုက်ခြင်းဖြစ်သည်။ နေဝန်းသစ် ထပ်ခါထပ်ခါမေးနေသော အမေးကြောင့် ကျွတ်ခနဲ စုတ်သပ်ကာ

"ဟုတ်ပါတယ်ဆိုကွာ၊ ငါ့အသက်နဲ့တောင် ကျိန်ပြီး လောင်းကြေးထပ်ရဲပါတယ်၊ ဒီစေ့စပ်ပွဲကို ငါ မဖြစ်မနေလက်ခံလိုက်ရတာ အိမ့်ကြောင့်ပါ၊ ငါသာ ဒီစေ့စပ်ပွဲကို လက်မခံဘူးဆိုရင် ငါ့အစ်မက အိမ့်ကို Dream မှာလာပြီး အရှက်ခွဲမှာ၊ အိမ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိက္ခာတွေကို မှိုချိုးမှျစ်ချိုးပြောဆိုပြီး အလုပ်ကထုတ်

ဒါကြောင့် ဒီစေ့စပ်ပွဲကို ပြီးပြီးရော လက်ခံလိုက်တာ၊ ဘာဖြစ်

လဲဆိုတော့ စေ့စပ်ပွဲပြီးတာနဲ့ ငါတို့မောင်နှမနှစ်ယောက် ပိုင်

ထားကြတဲ့ အမွေတွေကို တစ်ယောက်တစ်ဝက်စီ ခွဲယူကြ

မှာလေ၊ အမွေမခွဲခင်မှာ စေ့စပ်ပွဲအတွက် ငါက ငြင်းခဲ့မယ်ဆို

ငါ့ရပိုင်ခွင့်တွေကို သူဆက်ပြီး လက်ဝါးကြီးအုပ်သွားမှာစိုး

ဒီစေ့စပ်ပွဲကို ငါဟန်ဆောင်သဘောတူခဲ့တာ၊ ဒါကြောင့်

အိမ့်ကိုဖိတ်ခဲ့တာတောင် ငါကိုယ်တိုင် လာဖြစ်အောင်လာ

ဖိတ်ခဲ့တာပေါ့ကွာ၊ ငါ့ဘက်က ရိုးသားခဲ့လို့ပေါ့"

"ဟူး…မင်းနဲ့အိမ့်ကိစ္စကို ငါ ခုမှပဲ ဇာတ်ရည်လည်

တော့တယ်ကွာ၊ အခု ဒီကိစ္စကို အိမ့် သိပြီးပြီလား"

"ငါရှင်းပြမလို့ သွားတာပဲ၊ ဒါပေမဲ့ ငါ့ကိုအတွေ့

ဘူး တစ်အိမ်သားလုံးပဲ၊ ဒါကြောင့် မင်းကို အကူအညီတောင်း

ရတာပေါ့"

"အေးပါကွာ…ငါကူညီပါ့မယ်၊ ဒါနဲ့နေဦး၊ အဲဒီပွဲ

ခြိမ့်ကလည်း ပြဿနာရှာခဲ့သေးတယ်ဆို"

"ဟုတ်တယ်…သူချစ်သူဆိုတာကို မင်းသိလား"





"အင်း…ဒီကို မကြာမကြာလာနေလို့ ငါတွေ့ဖူးတယ်"

"အဲဒီလူက ဘယ်သူလဲ သိလား၊ တကယ်တမ်း ချစ်သူရဲ့ သစ္စာဖောက်တာခံရတာက အိမ့် မဟုတ်ဘူး၊ ခြိမ့်ကွ"

နေဝန်းသစ် စကားကြောင့် အလင်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဟင်…ဘယ်လို‥သစ္စာဖောက်ခံရတယ် ဟုတ်လား"

"ဟုတ်တယ်…ခြိမ့်တင်မဟုတ်ဘူး၊ ငါ့အစ်မရောပဲ"

"ဟာကွာ…ငါ ခြိမ့်အတွက် စိတ်ပူလှပြီ၊ ဘယ့်နှယ် မင်းအစ်မက ပါလာတာလဲ၊ မင်း ငါ့ကိုရှင်းအောင်ပြောစမ်းပါ"

အလင်း အားမလိုအားမရဖြင့် သိချင်စိတ်တွေက ပို၍ပြင်းပြလာသည်။ ကိုယ်ချစ်တဲ့မိန်းကလေးကို ကိုယ်မပိုင်ဆိုင်ရပေမယ့် သူမ ခုလိုအသည်းကွဲပြီး တမှိုင်မှိုင်တတွေတွေ ဖြစ်နေတာကိုတော့ ဘေးကနေကြည့်ပြီး ဘယ်လိုမှ စိတ်မချမ်းမြေ့နိုင်။

သူ့ရဲ့မျှော်လင့်ချက်တွေ ရည်မှန်းချက်တွေကို အပျက်မခံစေချင်။ ကိုယ့်ဘက်က ဖြည့်ဆည်းနိုင်ဖို့ အခွင့်အရေးမရမှတော့ ဘေးကနေပဲ ထိုင်ပြီး အလှကြည့်ငေးမောနေရုံပေါ့။

"တကယ်တော့ ခြိမ့်ရဲ့ချစ်သူ ကျော်ဇောမြတ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့အစ်မနဲ့ လက်ထပ်ထားတဲ့လူ၊ ငါ့ယောက်ဖပေါ့ကွာ''

''ဟင်…ဘယ်လို…မင်းအစ်မရဲ့ယောကျ်ား ဟုတ်လား''

''ဟုတ်တယ်၊ ဒါကို ခြိမ့်က မသိဘဲနဲ့ ဒီကောင့်အချစ်ကို လက်ခံခဲ့တာ၊ ဒီကောင်နဲ့ ခြိမ့်နဲ့က ကျောင်းနေဖက်သူငယ်ချင်းတွေ၊ မထင်မှတ်ဘဲ ပြန်တွေ့ကြရင်းက ခြိမ့်ရဲ့အိပ်မက်ကို အကောင်အထည် ဖော်ပေးမယ်ဆိုပြီး ခြိမ့်ကို မက်လုံးတွေပေးခဲ့တာဖြစ်မယ်''

''ဟာကွာ…ဒီကောင် ယုတ်မာလိုက်တာ၊ ဒါဆို ခြိမ့်တို့အိမ်ကြီးကို ဒီကောင်ပြန်ဝယ်မယ်ဆိုတာလည်း တကယ် ဘယ်ဟုတ်တော့မလဲ''

''စောစောက ငါပြောသလို အိပ်မက်တွေပေးတာနေမှာပါကွာ၊ ငါ့အစ်မလည်း ငါ့နေ့စပ်ပွဲမှာ သူ့အထုပ်ဖြည်ချသလိုဖြစ်သွားတဲ့အတွက် သူ့အသိုင်းအဝိုင်းမှာ မျက်နှာမပြရဲဘူးဖြစ်နေတယ်''

ခြိမ့်သတင်းကြားရတာ အလင်း ဘယ်လိုမှစိတ်မကောင်းဖြစ်နိုင်လျှင် သူကိုယ်တိုင် ခြိမ့်ရဲ့ ကြေကွဲဝမ်းနည်းခြင်းတွေကို အစားထိုး ဖြေသိမ့်ပေးချင်ပါ၏။ သို့သော် သူ့ကို ပွဲလန့်တုန်းဖျာခင်းချင်တဲ့ယောကျ်ားဟူ၍ ထင်မှာကိုလည်းကြောက်သည်။

''ဒါနဲ့ မင်းတို့ အကြွေးနဲ့သိမ်းထားတဲ့ ခြိမ့်တို့ရဲ့အိမ်ကြီးက အမွေခွဲရင် ဘယ်သူပိုင်ရမှာလဲ''

''ငါပိုင်ရမှာလေ၊ မမက အခု ငါ့အဖေနေခဲ့တဲ့အိမ်နဲ့ ရွှေတောင်ကြားထဲက အိမ်ရယ်၊ ပြီးတော့ အတွင်းပစ္စည်းအားလုံး၊ ငါက ရှစ်မိုင်က အိမ်ရယ်၊ အခု ခြိမ့်တို့ဆီက သိမ်းထားတဲ့အိမ်ရယ်၊ စက်ရုံသုံးရုံရယ်၊ Dream ရယ် ပိုင်တယ်၊ ဘဏ်မှာရှိတဲ့ ငွေသားကတော့ တစ်ယောက်တစ်ဝက် အညီအမျှ၊ ကျန်တဲ့လုပ်ငန်းတွေကိုလည်း ငါမယူဘဲ သူ့ကိုပဲ ပေးလိုက်တယ်၊ အခု သူ့ယောကျ်ား ဦးစီးနေတဲ့ လုပ်ငန်းတွေကိုပေါ့''

အလင်း အကြံတစ်ခု လှစ်ခနဲ ဝင်လာပြီး

''ငါ့ကို ခြိမ့်တို့အိမ်ကို ပြန်ရောင်းပါလား''

''ဘာလုပ်ဖို့လဲ၊ မင်းအတိုးကြီးမှာလည်း အိမ်တွေ ဒီလောက်ပေါနေတာကို၊ မင်းလည်း ခုလို အပေအတေမနေဘဲ မင်းအဖေဆီမှာ ပြန်နေသင့်ပြီနော်''

''ငါ အဲဒီမိထွေးမ မျက်နှာကို မကြည့်ချင်လို့ပေါ့ကွာ၊ သူ့မျက်နှာကိုမြင်ရင် ငါ့အမေကို ငါသတိရတယ်၊ ဒါကြောင့် ငါ့အမေကို အရွဲ့တိုက်ပြီး ခုလိုဘဝမျိုးနဲ့ လာနေနေတာ၊ ဒီလို အပေအတေနေပြမှ ငါ့အဖေလည်း မှတ်မှာ''







www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မိဘဟာ မိဘပဲလေကွာ၊ ငါ့မှာဆိုရင် မင်းလို အဖေလို့ခေါ်စရာ မိဘနှစ်ပါးစလုံး မရှိတော့ဘူး၊ ကိုယ့်မှာ ကျန်သေးတဲ့ ကုသိုလ်ကံကောင်းလေးကို တန်ဖိုးမဲ့ မလုပ်ဝံ့ချင် စမ်းပါနဲ့ သူငယ်ချင်းရာ၊ ဆင်းရဲတဲ့အရသာကို မသိသေးလို့ မင်း ဆင်းရဲချင်နေတာပါ၊ တကယ်တမ်း ဆင်းရဲခြင်းဆိုတာ လူဖြစ်ရှုံး တယ်ကွ၊ သေရင်တောင် မျက်နှာပန်းမလှဘူး"

"အေးပါ…မင်း တရားချမနေပါနဲ့၊ ငါအမြင်မှန်ရနေပါ ပြီ၊ အဲဒါ ဘယ်သူ့ကြောင့်လဲ သိလား"

"ငါ့ကြောင့်လေ၊ ငါ အခုပဲ မင်းရဲ့စိတ်ရိုင်းတွေကို ထိန်း သတ်ပေးနေတာပဲမဟုတ်လား"

"ဟာ…နားစမ်းပါကွာ၊ မင်းကြောင့်မဟုတ်ဘူး၊ ခြိမ့် ကြောင့်ကွ၊ ငါ မချမ်းသာလို့ ခြိမ့်က ငါ့ကို ချစ်သူအဖြစ်မထော် ချင်တာ၊ ငါသာ ချမ်းသာကြည့်၊ ခြိမ့်ကို ငါ့ကို မျက်နှာသာပေး ပြီး တူတူတန်တန် ဆက်ဆံမှာ၊ ဒါကြောင့် ငါ့ဘဝအမှန်ကို ငါ ပြန်သွားပြီး ခြိမ့်အချစ်ကိုရအောင် ကြိုးစားမယ်၊ ခြိမ့်ရဲ့အိပ်မက် တွေကို ငါအကောင်အထည်ဖော်ပေးချင်တယ်၊ ဒါကြောင့် မင်းကို အဲဒီအိမ်ကြီး ငါပြန်ဝယ်မယ်လို့ ပြောတာပေါ့"





"မင်းလုပ်ပုံအရဆို ခြိမ့်က ငွေမက်တဲ့မိန်းကလေး ဖြစ်နေပြီနော်"

"ငါကတော့ သူ့ကို အဲဒီလိုမယူဆဘူး၊ ငါ့ဘက်က ဖြည့်ဆည်းပေးသင့်တဲ့ အပိုင်းကိုပဲတွေးတယ်၊ ခြိမ့် ယုံကြည်အားကိုး လာဖို့ ငါ့မှာဝှက်ထားတဲ့ ပိုင်ဆိုင်မှုတွေကို ခြိမ့်ရှေ့မှာ သွန်ချပြ ရတော့မှာပဲ၊ ဒီနည်းက မရိုးသားပေမယ့် ခြိမ့်ကိုချစ်နေတဲ့ ငါ့ရဲ့ ရင်ဘတ်ထဲက အချစ်တွေကတော့ ရိုးသားတယ်"

"ငါက မရောင်းဘူးဆိုရင်ရော"

"မင်းကို သတ်ပစ်မှာပေါ့၊ နောက်ပြီး အိမ်နဲ့မင်းကို အဆင်ပြေအောင် မကူညီဘူး"

"ဟား…ကြောက်စရာကြီးပါလား"

"အချစ်ကို ငါက ခုမ…ထားဖူးတောကွ၊ အရိုင်းဆန်လို့ သရဲဘီလူးစီးသလို ဖြစ်ချင်လည်း ဖြစ်နေလိမ့်မယ်၊ အဓိကက ခြိမ့် ငါ့ကို ပြန်ချစ်လာဖို့ပဲ"

"အေးပါ…ငါ အိမ်နဲ့အဆင်ပြေမယ်ဆိုရင် မင်းဆန္ဒကို ငါ လိုက်လျောမယ်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက် အပေးအယူမျှစွာဖြင့် လက်ဝါးချင်း ရိုက်လိုက်ကြသည်။

အချစ်တွေက သူတို့နှင့် လက်တစ်ကမ်းအလိုမှာ။

◆ ◆ ◆



## အခန်း (၃၉)

"ဒါက ဘာလုပ်တာလဲ"

အလင်း ကမ်းပေးလာသော ပန်းစည်းကိုကြည့်ပြီး ခြိမ့် မျက်နှာလေးရှုံ့ကာ ခပ်ဆတ်ဆတ်မေးလိုက်သည်။

"မင်းနဲ့ ကိုယ့်ကြားက ရန်ငြိုးတွေ ကြေစေဖို့ပါ၊ ကိုယ့်ဘက်ကစပြီး မင်းကို အရှုံးပေးတဲ့အနေနဲ့ ပန်းပေးတယ်"

"မလိုချင်ပါဘူး"

အလင်းလက်ထဲမှာ ကိုင်ထားသော ပန်းစည်းကို လက်ဖြင့် ခပ်ဆတ်ဆတ်တွန်းဖယ်ပြီး ခြိမ့် နှုတ်ခမ်းစူကာ မျက်နှာလွှဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းက စိတ်ဆိုးနေရင်လည်း ချစ်ဖို့ကောင်းတာပဲနော်"

"ဒီမှာ…ရှင်နော် လူကို ပန်းစည်းပေးပြီး ပေါက်ပန်းလေးဆယ်စကားတွေ လာပြောမနေနဲ့၊ ရှင့်ကို စိတ်မဝင်စားဘူး"

"မင်းစိတ်မဝင်စားပေမယ့် ကိုယ်က စိတ်ဝင်စားတယ်"

"လဲသေလိုက်"

"မသေပါရစေနဲ့ဦး၊ မင်းအချစ်ကို ရအောင်ကြိုးစားပါရစေဦး"

"ဒီမှာ…ဒါ နောက်စရာမဟုတ်ဘူး၊ လူကို ဘယ်လိုအတန်းအစားများမှတ်နေလဲ"

ခြိမ့် ဒေါသသံဖြင့် ခပ်ငေါက်ငေါက်မေးလိုက်သည်။

"ရည်းစားနဲ့ကွဲပြီး နောက်ထပ်ချစ်သူမရှိသေးတဲ့ လွတ်လပ်တဲ့ အပျိုမလေးတစ်ယောက်လို့မြင်တယ်"

ထိုစကားကြောင့် ခြိမ့် အနားပေါ်တုတ်ကျသလို ဆတ်ဆတ်ခါ နာသွားသည်။ ဒါဟာ လူကို သက်သက်မဲ့ရွဲ့ပြီး အရှက်လာခွဲတာဟုပဲမြင်၏။

"ရှင်…ရှင် ဘာစကားပြောတာလဲ၊ လူကို စော်ကားတာလား"





"စော်ကားတာမဟုတ်ဘူး၊ ချစ်တာ"

"ကဲ…ချစ်ဦးဟာ…ချစ်ဦး"

"အား…အမလေးဗျ၊ ကျိုးပါပြီ"

ခြိမ့် ဒေါသဖြစ်လွန်း၍ ကိုယ့်ရှေ့မှာရပ်နေသော အလင်းကို ဆောင့်တွန်းလိုက်သည်။ အလင်း အရှိန်မထိန်းနိုင်ဘဲ နောက်ပြန်လဲကျသွားသည်။ အလင်း မျက်နှာကြီးရှုံ့မဲ့ကာ လက်တခါခါဖြင့် ညည်းညူနေသည်ကို လုံးဝမကြည့်တော့ဘဲ ဆောက်တည်ရာမရသော ဒေါသတွေဖြင့် အိမ်ထဲကို ပြေးဝင်လာလိုက်သည်။

ပန်းစည်းလေးက မြေကြီးပေါ်မှာ ငုတ်တုတ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

“အန်တီနိုင်…ဒီသတင်းတွေကို ဘယ်ကကြားလာတာလဲ၊ အိမ့်ကို တမင်ဖြေသိမ့်ပေးနေတာတော့ မဟုတ်ပါဘူးနော်”

အိမ့် မဝံ့မရဲအမေးကြောင့် အန်တီနိုင် ပြုံး၍ခေါင်းခါပြသည်။ အန်တီနိုင် ပြောပြနေသော နေဝန်းသစ်၏ သဘောထားအမှန်ကို သိရပေမယ့် စိတ်လွှတ်ပြီးမပျော်ရဲသေး။ ကံကြမ္မာက အိမ့်တို့ရဲ့ဘဝတွေကို အရုပ်ကလေးတစ်ရုပ်လို လှည့်ပတ်ကစားနေသေးတာ။

ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းလဲခဲ့ရသော ပြောင်းလဲခြင်းတွေအောက်မှာ ဘဝနှင့်အတူ နှလုံးသားပါ ဖွတ်ဖွတ်ညက်ညက် နေခဲ့ရပြီးပြီ။ ဒီထက်သာ ထပ်ကြေရရင် အိမ့်ဘဝတစ်ခုလုံး ဖုန်မှုန့်လောက်တောင် တန်ကြေးရှိမှာမဟုတ်တော့။

“အန်တီနိုင် ပြောတာကို စိတ်လွှတ်ပြီး ယုံလိုက်စမ်းပါ သမီးရယ်၊ အန်တီနိုင်က ကိုယ့်တူမလေး ဒီလောက်ခံစားနေရတာကို သိရဲ့သားနဲ့ လိမ်ပြောမလားကွယ်”

“ဒါဆို အန်တီနိုင် ဒီကိစ္စဘယ်ကသိတာလဲ”

“အလင်းလေ…အလင်းပေါ့၊ အလင်းနဲ့ နေဝန်းသစ်က သူငယ်ချင်းတွေဆိုတာ မေ့သွားပြီလား၊ နေဝန်းသစ်က အန်တီနိုင်တို့ တစ်မိသားစုလုံးက သူ့ကိုအထွေ့မခံကြလို့ အလင်းကတစ်ဆင့် ရှင်းပြပေးဖို့ အကူအညီတောင်းလိုက်တာ၊ ခုဆို သူတို့ရဲ့စေ့စပ်ပွဲကိုလည်း သူ့ဘက်က ဖျက်သိမ်းလိုက်ပြီဆိုလားပဲ၊ သူတို့မောင်နှမနှစ်ယောက်ရဲ့ ခွဲသင့်ခွဲထိုက်တဲ့ ရပိုင်ခွင့်တွေကို ခွဲဝေပြီးပြီတဲ့”

“အဲဒါ အိမ့်နဲ့မှမဆိုင်တာ”

“ဩော်…သမီးကတော့ မဆိုင်ဘူးပဲထား၊ သူကတော့ ဒီကိစ္စတွေ ဒီလိုရှင်းမှ သူ့အစ်မလောင်းရိပ်အောက်က လွတ်မှာလေ၊ အခုသူက သမီးကို မိသားဖသားပီပီ လာတောင်းရမ်းမယ်တဲ့၊ ဒါကြောင့် အန်တီနိုင်တို့ဘက်က သတို့သမီးအတောင်းခံဖို့





www.burmeseclassic.com

www.burmeseclassic.com

အဆင်သင့်ပြင်ဆင်ထားရတော့မှာပေါ့"

အန်တီနိုင့်ဆီမှ ထွက်ပေါ်လာသော အကြောင်းအရာ အားလုံးသည် အိမ့်အဖို့ မယုံကြည်နိုင်လောက်အောင်ကို စိတ်လှုပ်ရှားခြင်းတွေအဖြစ် အုပ်စုဖွဲ့ပျံသန်းကုန်ကာ ရင်ထဲမှ အပျော်ဌေး ဆီသို့ ကူးလူးယှက်ဖြာသွားသည်။

ကြည်နူးလှိုက်ဖိုခြင်းတို့သည် ပုံဆောင်ခဲသဏ္ဌာန်ဖြစ်၍ သွားသလို ကောင်းကင်ကြီးသည်လည်း ယခင်ရက်များထက် ပို၍ ရှင်းသန့်ကြည်လင်လို့နေ၏။ အိမ့် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း ရင်ထဲမှာ ပြောမပြတတ်အောင်ပါပဲ။

"အိမ့် ဝမ်းသာလိုက်တာ အန်တီနိုင်ရယ်"

အိမ့် မျက်ရည်လေး ဝေ့ဝဲတက်ကာ အန်တီနိုင့်လက်မောင်း ကို ခပ်သာသာလေး လှုပ်ရမ်းပြီးဝမ်းသာကြောင်းဆို၏။

ထို့နောက် အခန်းထောင့်တစ်နေရာတွင် မဂ္ဂဇင်းတစ်စောင် ကို လုံးဝစိတ်မပါဘဲ ဟန်ဆောင်ဖတ်နေသော ခြိမ့်ကို လှမ်းကြည့် လိုက်သည်။

ကိုယ့်ချစ်သူနှင့် အဆင်ပြေသွားပေမယ့် ညီမလေးအတွက် တော့ စိတ်မကောင်း။ ယောကျ်ားမပီသသော ယောကျ်ား





တစ်ယောက်ကို ချစ်ခဲ့မိ၍ အိမ့်တို့လို ပြန်လည်ပေါင်းစည်းဖို့ အခွင့် အရေးမရတော့။ ရခဲ့လျှင်လည်း မိန်းမတစ်ယောက်၏ ဂုဏ်သိက္ခာ အတွက် ဘယ်လိုမှ ပြန်၍လက်မခံသင့်တော့။

အန်တီနိုင် အိမ့် စိတ်မကောင်းဖြစ်နေသော အမူအရာဖြင့် လှမ်းကြည့်နေသော ခြိမ့်ရှိရာသို့ သဘောပေါက်စွာ လိုက်ကြည့် လိုက်သည်။ ထို့နောက် ပင့်သက်ကို မသိမသာရှိုက်ကာ

"အလင်းလည်း သနားပါတယ် အိမ့်ရယ်၊ တစ်နေ့က ခြိမ့်ကို သူနဲ့ခြိမ့်ကြားမှာရှိနေတဲ့ အထုံးလေး ဖြေပါစေတော့ဆို ပြီး ပန်းစည်းလာပေးတာ ခြိမ့်က မယူဘူးဆိုပြီး တွန်းလွှတ်လိုက် တာ နောက်ပြန်လဲကျပြီး အုတ်ခုံစောင်းနဲ့ လက်ထောက်မိပြီး လက်ဖျံ ရိုးတစ်ချောင်း ကျိုးသွားတယ်"

"ဟင်…ဟုတ်လား"

ခြိမ့်ပါ ဒီတစ်ခါ မနေသာတော့။ ကိုယ်လေး ဆတ်ခနဲ လှုပ်ရှားသွားကာ အန်တီနိုင့်ဆီသို့ လှည့်ကြည့်ပြီး

"လက်ဖျံရိုး ကျိုးသွားတယ် ဟုတ်လား အန်တီနိုင်"

ခြိမ့်အသံက စိုးရိမ်ဟာရော အားနာတာရော စိတ်မကောင်း တာရော ရောထွေးနေ၍ ယခင်ကလောက် လေသံမတင်းမာတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ခြိမ့်"

"ဟင်"

"ခြိမ့်ရယ်…ဘာဖြစ်လို့ အလင်းကို တစ်ခုပြီးတစ်ခု ထိခိုက်အောင်လုပ်နေရတာလဲ၊ ဟိုတစ်ခါတုန်းက သွားကျူးတယ် ဒီတစ်ခါ လက်ဖျံရိုးကျိုးတယ်၊ ဒီကြားထဲ ပါးရိုက်လိုက်တာ မပေါ် သေးဘူး"

ချေးတွက် တွက်သလို တွက်ပြနေသော အိမ့်၏အပြုံး တင်သံကြောင့် ခြိမ့် အနေခက်စွာဖြင့် ငြိမ်နေလိုက်သည်။

"ခြိမ့် သူ့ကို သွားတောင်းပန်ရမယ်"

အိမ့် တောင်းပန်ဖို့ပြောတော့ ခြိမ့် မျက်နှာလေး ဆတ်ခနဲ မော့လာပြီး

"ဟာ…ဒါ‥ဒါတော့ မလုပ်နိုင်ပါဘူး မမရာ၊ ခြိမ့်ကိုယ် ခြိမ့် မှားမှန်းသိပေမယ့် ခြိမ့်ဘဝမှာ ဘယ်သူ့ကိုမှ မတောင်းပန် ဖူးဘူး၊ ဒါကြောင့် ခြိမ့် သူ့ကိုသွားမတောင်းပန်ချင်ဘူး၊ နောက်ပြီး သူက ခြိမ့်ကိုကြိုက်နေတာ မမ သိရဲ့လား"

"သိတာပေါ့၊ အရှင်းဆုံးပြောရရင် ငါရော အန်တီနိုင်ရော ကြီးမေတို့ရော နှင့်ကို အလင်းနဲ့ နီးစပ်သွားစေချင်တာ





ဒီကြားထဲ ကျော်ဇေမြတ်ဆိုတဲ့ လူယုတ်မာကောင်ကို နင်က အထင် တွေ စွတ်ကြီးပြီး ချစ်သူတော်လိုက်တော့ ဟိုခမျာ ဘယ်လောက် ခံစားသွားရလဲ သိလား"

"အို…ခြိမ့်မှ သူ့ကိုကြည့်မရတာ၊ လူကိုတွေ့လိုက်တိုင်း စကားနဲ့တင်တင်စီးစီး ပြောဖို့ပဲ၊ အကြောကိုတင်းတယ်"

ပြောရင်းဖြင့် ဒေါသလေးက လှစ်ခနဲ ထွက်လာပြန်သည်။

"ဟိုက စကားနဲ့တင်စီးရုံပဲ တင်စီးတာ၊ ညည်းလေးက သူ့ကို အကျိုးအကာန်းဖြစ်အောင်ကို ခေါ်တာလေ၊ ကိုယ့်ကို တော် တော်ချစ်တဲ့ ယောက်ျားမို့လို့ပေါ့၊ တော်ရုံစိတ်ဆတ်ပြီး ပေါ့ပေါ့ တန်တန် သဘောထားတဲ့ယောက်ျားမျိုးဆို ငြိုးပြီး တစ်ခုခုလုပ် သွားပြီ"

အားလုံးက အလင်းရောင်ဆိုသည့်လူဘက်က ပါနေ သဖြင့် ခြိမ့် အတိုက်အခံပြောလည်း ခြိမ့် အလွန်ပဲဖြစ်ပေဦးမည်။

ဒီတော့ ခြိမ့် ဘာမှုဆက်မပြောဘဲ ခြံထဲသို့ဆင်းလာခဲ့ လိုက်သည်။ ခြံထဲတွင် ကြီးမေ ရေလောင်းနေသဖြင့် အလုပ်မရှိ အလုပ်ရှာကာ ကြီးမေနား လျှောက်သွားပြီး

"ကြီးမေ…ရေပိုက်ပေး၊ ခြိမ့် လောင်းပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…အေး…ဒါဆို ခြိမ့်လေး ဆက်ဖြန်းထားလိုက်၊ ကြီးမေ မစိုးနဲ့မတိုးကို ဈေးထဲ ထမင်းချိုင့်ပို့ဖို့ စီစဉ်လိုက်ဦးမယ်"

ကြီးမေ ရေပိုက်လှမ်းပေးပြီး အိမ်ထဲပြန်ဝင်သွား၏။

ခြိမ့် အပင်ရေလောင်းတာ ဝါသနာမပါပေမယ့် နားမှုသက်သာဖို့အတွက် စိတ်မပါလည်း လုပ်ရမှာပင်။ ခုတောင် အခန်းထဲမှာ ခြိမ့်ကို ဘယ်လောက်တောင် အပြစ်ဖို့ပြီး ကျန်နေခဲ့လိမ့်မလဲ။

ခြိမ့် မကျေမနပ်ဖြင့် အပင်တွေကို ရေပိုက်ဖြင့် ဟိုဟိုဒီဒီ ဝေ့ဝဲပြီး ဖြန်းလိုက်သည်။

"ဟာ…ဟော့…ဟော့…ရေတွေ…ရေတွေ၊ ဟာ…သွားပါပြီကွာ"

အလင်းတို့ခြံဘက်မှ အသံကြားလိုက်၍ ခြိမ့် ရေပိုက်ကို အသာချပြီး ဓိဇဝါရုံဆောင်းကနေ ဟိုဘက်ခြံကို အသာချောင်းကြည့်လိုက်သည်။

ဟိုဘက်မှ အလင်းကလည်း ပြန်အချောင်းနှင့် ပန်းခုံကြားမှ နှစ်ယောက်စလုံး မျက်နှာချင်းဆိုင် ဝင်တိုင်းမိကြ၏။ ခြိမ့် အလန့်တကြား ထအော်လိုက်သည်။





"အမလေး…လန့်လိုက်တာ"

"လူကို အဲဒီလောက်တောင် မုန်းနေလား ဟင်၊ ကိုယ့်ဘာသာကိုယ် ပုံထိုင်ဆွဲနေတာတောင် မကြည့်ချင်လို့ ရေနဲ့လှမ်းပြီး ဖြန်းရတယ်လို့၊ ဒီမှာ…သူများဆွဲနေတဲ့ ပုံတူ ပျက်စီးသွားပြီ၊ ပြန်လျော်ပေး"

"အောင်မယ်…ကြီးကြီးကျယ်ကျယ်၊ ရှင့်ပုံက ဘယ်လောက်တောင် တန်နေလို့လဲ"

"ဟာ…တန်တာပေါ့လို့၊ နှလုံးသားနဲ့ရင်းပြီး ရေးထားရတာ၊ ဘယ်လိုမှတောင် အဖိုးမဖြတ်နိုင်ဘူး"

"ဒီမှာ…ပန်းချီလေး မတောက်တခေါက်ဆွဲတတ်တာနဲ့ လေကြီးလေကျယ် လာမပြောနဲ့၊ ရှင့်ထက် အဆပေါင်း ထောင်သောင်းမက တော်တဲ့ ပန်းချီဆရာကြီး ဦးလွန်းကြွယ်တို့၊ ဦးသုခတို့၊ ဦးဝင်းဖေမြင့်တို့ရဲ့ ပန်းချီကားတွေတောင် ဘယ်လောက်ကောင်းတဲ့ လက်ရာဖြစ်ပါစေ၊ တန်ဖိုးသတ်မှတ်ထားတယ်၊ ရှင့်ပန်းချီကားက တန်ဖိုးမဖြတ်နိုင်ဘူးဆိုတော့ နည်းနည်းကြွားလွန်းနေပြီ၊ လေတွေ နည်းနည်းလျှော့"

အလင်း မခံချင်အောင်ပြောနေသော ခြိမ့်ကို ဘုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး ပတ်တီးစည်းထားသောလက်ဖြင့် လက်သီးထောင်ပြရင်း

"မင်းနော်…မင်းသာ ငါ့ရဲ့ဘေးနားမှာဆိုရင် မင်းမျက်နှာရစရာမရှိအောင်ကို…ဟွန်း…ဟွန်း"

"အောင်မယ်…ရှင်က ဘာလုပ်ချင်သေးလို့လဲ၊ လာလေ သတ္တိရှိရင် လာစမ်းပါ၊ ဒီတစ်ခါ လက်ကိုမဟုတ်ဘူး၊ ခြေထောက်ကို ရိုက်ချိုးမှာ၊ ဘာမှတ်လဲ"

"ဟော့…ငါက မင်းမျက်နှာကို ဖက်နမ်းပစ်မှာလို့ပြောတာ၊ အခု ငါဆွဲနေတဲ့ပုံက မင်းအတွက် တန်ဖိုးဖြတ်လို့ ရချင်ရမယ်၊ နိုင်ငံကျော် ပန်းချီဆရာကြီးတွေအတွက် ရယ်စရာကောင်းတဲ့ ပန်းချီကားဖြစ်ချင်ဖြစ်မယ်၊ အေး…ဒါပေမဲ့ ငါ့အတွက်တော့ တကယ့်ကို အဖိုးမဖြတ်နိုင်ဘူး၊ ရော့…မယုံရင်ကြည့်"

အလင်းထောင်ပြသောပုံကို ခြိမ့် မကြည့်ချင် ကြည့်ချင်ဖြင့် မသိမသာ စေ့ကြည့်လိုက်သည်။

"ဟင်…ဒါ…ဒါ ခြိမ့်ရဲ့ပုံ မဟုတ်လား"

ရုတ်တရက် ခြိမ့် မျက်ဝန်းတွေ အရောင်တဖျပ်ဖျပ်လက်ဖြာသွားကာ တအံ့တသြမေးလိုက်သည်။





"အဟဲ…ငါ တော်တော် တော်လာမှန်း ခုမှပဲသိတယ်၊ မင်းက ကြည့်လိုက်တာနဲ့ မင်းပုံမှန်း တန်းသိအောင်ကို ငါက ဆွဲနိုင်တယ်ဆိုတော့ ဒီလို မတောက်တခေါက် ပန်းချီဆရာလေးကို ချစ်သူအဖြစ် ရွေးချယ်သင့်ပြီနော်၊ ငါက မင်းကို အကြင်နာတွေ အများကြီးပေးဖို့ စုထားတယ်၊ လောကမှာ အကြင်နာပေးတာ အတော်ဆုံးက ငါပဲဖြစ်လိမ့်မယ်"

"ရှင်နော်…အဲဒီနေရာမှာ ငုတ်ကောင်းကောင်းနဲ့ဆောင့်ပြီး လဲသေလိုက်…သိလား၊ ရုပ်ကိုက ကုလားမီးနင်းခံထားရတဲ့ရုပ်နဲ့"

ခြိမ့် ထိုသို့ပြောပြီး အိမ်ထဲသို့ ပြန်ဝင်ပြေးခဲ့ပြန်သည်။

စိတ်ထဲမှာ ပျော်သလိုလို ကြည်နူးသလိုလိုနဲ့ သူ့ရဲ့ ပြောင်စပ်စပ်မျက်နှာက အရင်ကလို မုန်းဖို့သိပ်မကောင်းတော့တာတော့ သေချာနေပါ၏။

ဒါဆို ခြိမ့် သူ့ကိုများ…။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟော…လာပြီ လာပြီ မမအိမ့်ရေ၊ မိန်းမတောင်းတဲ့ လူတွေ လာကြပြီ"

ပုံ့ပုံ့လေး ကလေးပီပီ ဟန်ချီချီ အော်ပြီးပြေးဝင်လာသဖြင့် အိမ့် မှန်တင်ခုံရှေ့မှ ခြေမကိုင်မိ လက်မကိုင်မိဟန်ဖြင့် ထလိုက်သည်။

"ဟဲ့…ဒီကလေး ဘယ်လိုတွေအော်နေတာလဲ၊ သွား… သွား…အခန်းထဲဝင်နေ"

အန်တီခိုင် ပုံ့ပုံ့လေးကို ခပ်တည်တည်ဖြင့် မာန်လိုက်ပြီး အိမ့်ရှိရာ အခန်းထဲသို့ ဝင်လာသည်။





"အိမ့်ရေ…အဆင်သင့်ဖြစ်ရင် ထွက်ခဲ့တော့"

"ဟုတ်ကဲ့…ဖြစ်ပါပြီ အန်တီခိုင်"

အလှဆုံး ပြင်ဆင်ထားပြီဖြစ်ပေမယ့် အိမ့် မှန်ရှေ့မှာ ပိုပိုလိုလို ထပ်ပြီးရပ်၍ ကိုယ့်ပုံစံလေးကို ကြည့်မိပြန်သည်။

"ဟယ်…သတို့သားက တစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက်တောင်မှပါလား"

အန်တီစိုးအသံကြောင့် ခြိမ့်ပါ မမအိမ့်ကို ကူညီပြင်ပေးနေရာမှ မျက်လုံးလေးတစ်ချက်ဝင့်သွားကာ ပြတင်းလိုက်ကာကြားမှ အပြင်ကို မသိမသာလေး ခိုးကြည့်လိုက်သည်။ အိမ်ရှေ့မှာ ရပ်နေတာက နေဝန်းသစ် ကားတစ်စီးတည်းမဟုတ်၊ နောက်ထပ် ကားတစ်စီးလည်း ပါသေးသည်။

"မမ…ဘယ်သူပါလာသေးလို့လဲ"

"ဘယ်သိမှာလဲ၊ လာ…ထွက်ကြမယ်၊ တော်ကြာ အန်တီခိုင် ထပ်အော်နေဦးမယ်"

ခြိမ့်လက်ကလေးကိုဆွဲပြီး အိမ့် အိမ်ရှေ့ဧည့်ခန်းဆီသို့ ထွက်လာလိုက်သည်။

"ဟင်…သူ…သူက ဘာလိုက်လုပ်တာတုန်း"

နေဝန်းသစ်နောက်မှ ပါလာသော အလင်းကို ယခင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ဖူးနေကျ သာမန်ဝတ်စားဆင်ယင်မှုပုံစံမျိုးမဟုတ်ဘဲ အထက်တန်းကျကျဖြင့် ဝတ်စားထားသော ပုံစံကြောင့် ခြိမ့် ခပ်တိုးတိုးလေး ရေရွတ်လိုက်သည်။

အိမ့်က နေဝန်းသစ်နားသို့ ခပ်သွက်သွက်လျှောက်သွားပြီး ကမ်းပေးလာသော ပန်းစည်းကို မြတ်နိုးစွာ လှမ်းယူပြီး ထွေးပွေ့လိုက်သည်။

အလင်း လက်ထဲမှ ကိုင်လာသော ပန်းစည်းကို ခြိမ့်အား ပေးရန် ခြိမ့်နားသို့ မဝံ့မရဲလျှောက်လာ၏။ လက်က ပတ်တီးဝင် မဖြည်ရသေးသဖြင့် လာသာလာရသည် ခပ်လန့်လန့်။ ထို့ကြောင့် အန်တီစိုးတို့ အန်တီခိုင်တို့ဆီ အားကိုးကြည့်လေး လှမ်းကြည့်လိုက်သည်။

အန်တီခိုင်နှင့် အန်တီစိုး ဆက်လုပ်ဟူသော မျက်နှာရိပ် မျက်နှာကဲ လှမ်းပြသည်။ အလင်း မျက်လုံး ပေကလပ်ပေကလပ်ဖြင့် ခြိမ့်နားသို့ တစ်လှမ်းချင်းတိုးလာသည်။ အလင်းပုံစံက ကြမ်းပေါက်ကျကျမည်စိုး၍ ခပ်ဖြည်းဖြည်းလျှောက်နေရသော ကလေးတစ်ယောက်သဖွယ် ရယ်စရာကောင်းနေ၏။

“ခြိမ့်…ဒါ..ဒါလေးကို လက်ခံပေးပါနော်၊ နောက်..နောက်ပြီး ဒါ..ဒါလေးရော”





ခြိမ့် ရယ်ချင်စိတ်ကို မနည်းထိန်းကာ မျက်နှာကို တည်နိုင်သမျှ တည်ထားလိုက်ပြီး လှမ်းပေးသော ပန်းစည်းကို မညင်မသာဖြင့် ဆတ်ခနဲ လှမ်းယူလိုက်သည်။ နောက်ထပ်ကမ်းပေးသော အပြာရောင် ဖိုင်တွဲလေးကို လှမ်းကြည့်ကာ

“ဒါက ဘာလဲ”

“အိမ်..အိမ်..ပိုင်ဆိုင်မှုစာချုပ်”

“ဘယ်လို…အိမ်ပိုင်ဆိုင်မှုစာချုပ်၊ ဟုတ်လား”

ခြိမ့် နားမလည်သလို မေးလိုက်သည်။

“ဟုတ်တယ်လေ၊ ကိုယ်က နေဝန်းသစ်လောက် မချမ်းသာပေမယ့် ခြိမ့်တို့ဆုံးရှုံးသွားတဲ့ အိမ်လေးကို သူ့ဆီကနေ အရစ်ကျစနစ်နဲ့ ပြန်ဝယ်ပြီး မင်းကို ဒါနဲ့တင်တောင်းတာ”

အားလုံးက ခြိမ့်မျက်နှာပေါ်မှာ ပြောင်းလဲလာမည့် ဝမ်းသာပျော်ရွှင်မှုတွေကို စောင့်ကြည့်နေကြသည်။ ခြိမ့် မမက်မောသော အမူအရာဖြင့် ခေါင်းကို ခါလိုက်သည်။

“ပစ္စည်းဥစ္စာဆိုတာ ကိုယ်နဲ့ထိုက်မှ ရတာပါ၊ မမအိမ့် ပိုင်ဆိုင်ရတော့မယ့် ဒီအိမ်ကြီးကို ရှင်က ကြားဖြတ်ဝယ်ပြီး ခြိမ့်ကို မျက်နှာလာလုပ်မယ်ဆိုရင်တော့ ခုချက်ချင်း ခြိမ့်ရှေ့က ထွက်သွားလိုက်တော့”



www.burmeseclassic.com

www.burmeseclassic.com

"ဟင်··ဒါ··ဒါဆို ခြိမ့် ဒါကိုမမက်မောဘူးပေါ့၊ ဝင်းမသာဘူးပေါ့၊ ဒါမှမဟုတ် ကိုယ် သူ့ဆီက အတင်းအဓမ္မခိုးယူထားတယ် ထင်လို့လား၊ ကိုယ်က အိမ့်ထင်သလို ဆင်းရဲသားကာတွန်းဆရာလေးပဲ မဟုတ်ပါဘူး၊ ခြိမ့်ကို ချမ်းချမ်းသာသာထားနိုင်တဲ့ ပိုင်ဆိုင်မှုတွေ ရှိပါသေးတယ်"

"တော်···ဆက်မပြောနဲ့တော့၊ ခြိမ့် ပြောပြီးပြီလေ၊ ဒါတွေကို လုံးဝမမက်မောတော့ပါဘူးလို့၊ နောက်ပြီး ရှင် ဘယ်လောက်ချမ်းသာချမ်းသာ ရှင့်ပိုင်ဆိုင်မှုတွေကို ခြိမ့် စိတ်မဝင်စားဘူး၊ ခြိမ့် စိတ်ဝင်စားတာ ခြိမ့်နှလုံးသားထဲမှာ အခိုင်အမာတည်ရှိနေတာက တစ်ယောက်"

အိမ့် ကြားဝင်ပြီး ဖျောင်းဖျရန် ခေါင်းမာနေဆဲဖြစ်သော ခြိမ့်အနားသို့ တိုးကပ်သွားပြီး

"ခြိမ့်···ကျော်ဇောမြတ်ကို ခုချိန်ထိ မျှော်လင့်နေတုန်းပဲလားကွယ်၊ ဒီအချိန်မှာ နှလုံးသားနဲ့မဆုံးဖြတ်ဘဲ ဦးနှောက်နဲ့ဆုံးဖြတ်ဖို့ အချိန်တန်လာပြီလေ၊ ဒီလူယုတ်မာကို ခြိမ့်ရင်ထဲက အပြီးတိုင်ဆွဲထုတ်ပစ်လိုက်ပါတော့၊ မမအိမ့် တောင်းပန်ပါတယ်လိမ္မာပါကွယ်"

"အင်းလေ···ခြိမ့် ဆွဲထုတ်ခဲ့ပြီးလို့ ကျော်ဇောမြတ်ဆိုတာ ခြိမ့်ရင်ထဲ မရှိတော့တာကြာနေပြီပဲ"

"ဒါနဲ့များ ဘယ်သူ့ကို နှလုံးသားထဲမှာ အခိုင်အမာတည်ရှိခိုင်းနေရသေးလဲဟယ်"

"ဟိုမှာလေ··ဒင်းကိုပေါ့၊ အလင်းရောင်ဆိုတဲ့ ကာတွန်းဆရာ အစုတ်ပလုတ်ကိုပေါ့ ခြိမ့် ချစ်မိသွားတာ၊ အဲဒီအစုတ်ပလုတ်လူ့ဗွစာကြီးကို၊ အခု ခြိမ့်ရှေ့မှာ လူလိုသူလိုဝတ်စားထားတဲ့ လူကိုမဟုတ်ဘူး"

ဒီတော့မှ အလင်းရောင်၏ ညှိုးနေသောမျက်နှာမှာ ရုတ်တရက် ဝမ်းသာလုံးဆို့ကာ ထခုန်လိုက်မည်။

"ဟား···ဟား··ကဲ··အားလုံးကြားကြပြီနော်၊ ကျွန်တော့်ကို ခြိမ့်က ချစ်တယ်တဲ့၊ ဟား···ဟား··ဝူး··ဟူး"

အလင်းရောင်၏ ရုပ်ပျက်ဆင်းပျက် အပျော်လွန်နေသော ပုံကိုကြည့်ပြီး အားလုံးကပါ ဝမ်းသာလွန်း၍ ပေါးခနဲ ထအော်လိုက်ကြသည်။

နေဝန်းသစ် အိမ့်ကိုယ်လေးကို ပွေ့ချီမြှောက်ယမ်းလိုက်သည်။ အိမ့်··နေဝန်းသစ်ပခုံးကို မလွှတ်တမ်း ဖက်တွယ်ကာ ရင်ခုန်သံတို့ ထပ်တူပြုလိုက်၏။

အလင်းရောင်ကလည်း နေဝန်းသစ်လုပ်သလို အားရှ




www.burmeseclassic.com

www.burmeseclassic.com

မခံ ခြိမ့်ကိုပွေ့ချီရန် ကြိုးစားလိုက်သည်။ ခြိမ့်ကိုယ်လေး နောက်သို့ဆုတ်သွားကာ

"ဟော့…ရှင့်လက်က ဒဏ်ရာမပျောက်သေးဘူးလေ"

"ရတယ်…ခြိမ့်လေးကို ပွေ့ချီလိုက်လို့ ကိုယ့်လက်ချိုးတင် မဟုတ်ဘူး၊ တစ်ကိုယ်လုံးမှာရှိတဲ့ အရိုးတွေ ကျိုးသွားပါစေ၊ ကိုယ်လည်း ဟိုကောင့်လို အားကျမခံ ကိုယ့်ချစ်သူကို ပွေ့ချီရမှာပေါ့"

ပြောပြောဆိုဆို အလင်း ခြိမ့်၏ကိုယ်လေးကို ဇွတ်ခဲ ပွေ့ချီလိုက်သည်။

ခြိမ့်၏ရင်ခုန်သံသည် နွေးမြလိုက်ဖိုသွားကာ ရှက်လွန်းသဖြင့် သူ့ရင်ခွင်ကျယ်မှာ မျက်နှာလေးကို ဖွက်ထားလိုက်မိသည်။ မက်မပြေသော ချစ်ခြင်းတရားတွေသည် နေ့သစ်ပေါင်းများစွာကို သာယာလှပစေတော့မည်ဖြစ်သည်။

မြ ရချီ


www.burmeseclassic.com